www.burmeseclassic.com

စာပေ



# မောင်စိန်ဝင်း (ပုတီးကုန်း)

## ပဋ္ဌာန်းတရား စွမ်းအားဖြစ်စေ

နှင့်

## အမှောင်အလင်း



www.burmeseclassic.com

www.burmeseclassic.com




## ပုံနှိပ်မှတ်တမ်း

မျက်နှာဖုံးဒီဇိုင်း - ဝေယျာလင်းထွန်း

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ - ဒေါ်ချစ်(ခ) ဒေါ်ခင်စန်းမြင့်၊ အမှတ်(၂၀၀)၊ (၃၁)လမ်းအထက်၊ ပန်းပဲတန်းမြို့နယ်၊ ရန်ကုန်။

မီစဉ်သူ - အောင်မင်းသူ

ထုတ်ဝေသူ - ဦးနိုင်မျိုးထွန်း(အင်ပါယာစာပေ) တိုက်(၂၁)၊ အခန်း(၁၁)၊ စီးပွားကူးသန်း ဝန်ထမ်းအိမ်ရာ ဦးဝိစာရလမ်း၊ မြောက်ဒဂုံ။

အတွင်းဖလင် - မျိုးဝင်းကျော်

အတွင်းစာစီ/ဒီဇိုင်း - ခင်ဝင်း

တန်ဖိုး - ၁၂၀၀ ကျပ်

အုပ်ရေ - ၅၀၀

ပထမအကြိမ် - ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ။


BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



စီစဉ်သူ
အောင်မင်းသူ

www.burmeseclassic.com

www.burmeseclassic.com



# ပဌာန်းတရား စွမ်းအားဖြစ်စေ နှင့် အမှောင်အလင်း

မောင်စိန်ဝင်း (ပုတီးကုန်း)

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



## ကျေးဇူးမှတ်တမ်း

အနိုင်းမဲ့ကျေးဇူးတော်ရှင် အနန္တောအနန္တငါးပါးတို့နှင့် တကွ၊ မြင်အပ်မမြင်အပ် အနန္တဂိုဏ်းဝင် ကျေးဇူးရှင်များ အားလုံး။

- သူရဋ္ဌမဂ္ဂဇင်း ဆောင်းပါးရှင် ဂမ္ဘီရပြဒါးပြာ ဘဘဆရာကြီး ဦးစံသိန်း(သီလအဓိက)နှင့် မိသားစု၊
- စာပေဆရာရင်း မောင်စိန်ဝင်း(ပုတီးကုန်း)မိသားစု နှင့်တကွ၊

ဤစာအုပ်ဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ အကူအညီပေးခဲ့ကြသော . . .

- ကိုနိုင်မျိုးထွန်း(နိုရာဆောင်း)နှင့် ဇနီး မမြမြစိမ်း (အင်ပါယာစာပေ)၊
- ကိုအောင်မျိုးသန်း (အယ်ဒီတာ၊ မနောမယ ဂျာနယ်)နှင့် ဇနီး မစပယ်(မြစုရတနာစာပေ)၊
- သူငယ်ချင်း ကိုစန်းသူအောင်နှင့် ကိုအောင်ကြည်၊ အမှတ်-၄၊ လင်းလွန်းပင်ကျောင်းလမ်း၊ ကြည့်မြင်တိုင်မြို့။
- ကိုခင်မောင်လင်း(Tour Guide) နှင့်ဇနီး မမြင့် မြင့်သန်းတို့အား အထူးလှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း အမှတ်တရ ကျေးဇူးကမ္ပည်းမှတ်တမ်းတင်ရှိအပ်ပါသည်။

စီစဉ်သူ
အောင်မင်းသူ

www.burmeseclassic.com

www.burmeseclassic.com



# ဟာတိကာ

## အပိုင်း (၁)

## ပဋ္ဌာန်းတရား စွမ်းအားဖြစ်စေ

၁။ ဓမ္မဘောရီ အရှင်ဝီရိယ (တောင်စွန်း) ၏
"ပညက်သွားရာ ဓာတ်သက်ပါ" အမှာစာ (၁၁)
၂။ ပဋ္ဌာန်းတရား စွမ်းအားဖြစ်စေ (၃၉)

## အပိုင်း (၂)

## အမှောင်အလင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ မြောင်းတကာ စက်မှုဇုန်၊ ချမ်းအေး အမှတ်(၄)၊ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာကြီး၏ ပဓာနနာယကဆရာတော် အရှင်ကေတု (တိုင်းဆရာဝန်ကြီး ဒေါက်တာဦးကျော်မြင့်) နှင့် နာယကမယ်တော်ကြီး ဒေါ်ဝိလစာရီ (ဒေါ်ပြုံးပြုံးမော်) တို့မှ ဓမ္မဒါနထုတ်ဝေသော "မိုးကုတ်ဆရာတော် ဘုရားကြီး၏ သံဝေဂနီယ လေးဌာန ဓမ္မပူဇာခရီးစဉ်နှင့် မိုးကုတ်ဓမ္မကထိက နေနှင့်လ နှစ်ပါးတို့၏ သမုဒယဘဝနှင့် ပဋိစ္စသမုပ္ပါဒ်ဘဝ" စာအုပ်တွင် ရေးသားသော မောင်စိန်ဝင်း (ပုတီးကုန်း)၏ အမှာစာ။ (၈၅)

www.burmeseclassic.com

www.burmeseclassic.com



၂။ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ဓမ္မိကာရာမ ပေါက်တော ကျောင်းတိုက်တွင် (၂၇-၃-၂၀၁၂) နေ့၊ (၄၂) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်နှင့် စာပေဟော ပြောပွဲ၌ **မောင်စိန်ဝင်း(ပုတီးကုန်း)** ဟောပြောခဲ့သော **"အမှောင်အလင်း"**။ (၉၇)

www.burmeseclassic.com

www.burmeseclassic.com



ဓမ္မဘောရီ အရှင်ဝီရိယ (တောင်စွန်း)

၏

**"ပညတ်သွားရာဓာတ်သက်ပါ"**

အမှာစာ

www.burmeseclassic.com

www.burmeseclassic.com



## "ပညာတ်သွားရာ ခတ်သက်ပါ"

ဆရာမောင်စိန်ဝင်း(ပုတီးကုန်း)က နေလဂျာနယ်မှာ သူရေးခဲ့တဲ့ ပဌာန်းနဲ့ပတ်သက်တဲ့ ဆောင်းပါးတွေယူလာပြီး စာအုပ်ကလေးတစ်အုပ် လုပ်မလို့တဲ့။ ဒီစာအုပ်မှာ (စာဖောင်နည်းနေလို့လားတော့ မသိ) အမှာစာသဘောမျိုး ရေးပေးပါလို့ တောင်းဆိုလာပါတယ်။ စာရေးရမှာပျင်းတဲ့အထဲမှာ အမှာစာရေးရတာက ပိုပြီးပျင်းစရာလည်းကောင်း၊ ကြောက်စရာလည်းနည်းနည်းကောင်းပါတယ်။ ကျိုးရ ပြစ်မဲ့ မှန်ကန်တဲ့စာဆိုရင် တော်သေးရဲ့၊ ကျိုးမဲ့ပြစ်ရ ဗာလုသုက္က(ဗရုတ်သုက္ခ) စာတွေများ ဖြစ်နေခဲ့ရင် ကိုယ်က ကြားကနေ အချောင်ကြီးရာပါ ဖြစ်သွားဦးမှာ။

သူ့စာလေးတွေ ဖတ်ကြည့်တော့ သူ့ကိုယ်တွေ့ ပဌာန်းကျေးဇူးကလေးတွေကို ဖော်ပြရင်း ပဌာန်းဒေသနာတော်ရဲ့ ကျေးဇူးနဲ့ ပစ္စုပ္ပန်မှာလည်း အကျိုးရစေ၊ သံသရာအတွက်လည်း စစ်မှန်တဲ့ ပရမတ္ထခတ်ခံ ဉာဏ်ပါရမီရစေဆိုတဲ့ စေတနာနဲ့ ရေးထားတာကို တွေ့ရလို့ 'တော်ပါသေးရဲ့'လို့ အောက်မေ့ရသေးတော့တယ်။

ပဌာန်းပွဲတွေက အနယ်နယ်အရပ်ရပ်မှာ လုပ်နေကြသလို ပဌာန်းပွဲအတွက် နှိုးဆော်ကြတဲ့ ဥပသကာတွေလည်း

www.burmeseclassic.com

www.burmeseclassic.com



ပဋ္ဌာန်းနဲ့ ပတ်သက်တဲ့ အကျိုးကျေးဇူးတွေကို ပြောဆိုနှိုးဆော်နေကြတဲ့အတွက် 'ပဋ္ဌာန်း'ဆိုတဲ့အသံ ကြားလိုက်ရင် ပထမဆုံး လူသိများတဲ့ အကြောင်းအရာကတော့ လင်းနို့သားငါးရာတို့ အကြောင်းပါပဲ။

ကဿပဘုရားရှင်လက်ထက်တော်တုန်းက လိုဏ်ဂူကြီး တစ်ခုထဲမှာ ရဟန်းတော်တစ်ပါးက ပဋ္ဌာန်းဒေသနာတော်ကို ရွတ်ဖတ်နေတယ်။ အဲဒီအချိန်မှာ လိုဏ်ဂူနံရံကို တွဲမှီနေကြတဲ့ လင်းနို့သား ငါးရာတို့က ပဋ္ဌာန်းဒေသနာတော် ရွတ်ဖတ်သံကို နေ့စဉ်ကြားနေကြရတယ်။ ဒီကောင်းမှုကြောင့်ပဲ အဲဒီလင်းနို့သား ငါးရာတို့ဟာ အသက်ကုန်ကြတဲ့အခါ နတ်ပြည်ကို ရောက်ကြရတယ်။ နတ်သက်ကုန်တဲ့ အခါမှာလည်း သုဂတိဘုံမှာသာ ကျင်လည်ကြရပြီး အခု ဂေါတမ ဘုရားရှင်လက်ထက်မှာတော့ လူ့ပြည်မှာလူဖြစ်ကြပြီး အရှင်သာရိပုတ္တရာမထေရ်ကြီးရဲ့ တပည့်များအဖြစ်နဲ့ ရဟန်းဘောင်ရောက်လာကြလို့ 'လင်းနို့သား ဖြစ်ခဲ့ဖူးတဲ့ ရဟန်းငါးရာ' အဖြစ် ထင်ရှားကြပါတယ်။

မြတ်စွာဘုရားရှင်က ခုနစ်ဝါမြောက်မှာ တာဝတိံသာ နတ်ပြည်တက်ပြီး မယ်တော်ရဲ့ကျေးဇူးကို ပေးဆပ်တဲ့အနေနဲ့ မယ်တော်ဘဝကနေ ပြောင်းလဲရောက်ရှိသွားတဲ့ သန္တုသိတ နတ်သားအမှူးပြုတဲ့ စကြဝဠာတစ်သောင်းက နတ်ပြဟ္မာ အပေါင်းကို အဘိဓမ္မာတရား ဟောတော်မူတဲ့အခါ တာဝတိံသာမှာ ဒေသနာဟောစဉ် မပြတ်အောင် နိမ္မိတခေါ်တဲ့ ကိုယ်ပွားဘုရား တစ်ဆူ ဖန်ဆင်းဟောကြားစေပြီး ကိုယ်တော်တိုင်က သက်သ[illegible]ရဲ့

www.burmeseclassic.com

www.burmeseclassic.com



ပြည်မှာ ဝါဆိုတဲ့ အရှင်သာရိပုတ္တရာကို မကျဉ်းမကျယ် ပြန်ဟော ပြတယ်။ အရှင်သာရိပုတ္တရာကလည်း သူ့ရဲ့တပည့် လင်းနို့သား ဖြစ်ခဲ့ဖူးတဲ့ ရဟန်းငါးရာတို့ကို အကျဉ်းချုပ် ပြန်ဟောပြပြန်တယ်။

ဒါနဲ့ ပဋ္ဌာန်းဒေသနာတော်ဟာ တာဝတိံသာမှာ နတ်ဗြဟ္မာတို့ကိုဟောတဲ့ အကျယ်ဆုံး(ဝိတ္ထာရနယ) မူရင်း ဒေသနာတော်ကြီးရယ်၊

မြတ်စွာဘုရားရှင်က အရှင်သာရိပုတ္တရာကို အကျဉ်းချုပ် ပြန်ဟောပြတဲ့ (သံခေပနယ)ဒေသနာတော်ရယ်၊

အရှင်သာရိပုတ္တရာက လင်းနို့သားဖြစ်ခဲ့ဖူးတဲ့ တပည့်ငါးရာတို့ကို ပြန်ဟောပြတဲ့ မကျဉ်းမကျယ် (နာတိဝိတ္ထာရ နာတိသံခေပနယ) ဒေသနာတော်ရယ်ဆိုပြီး သုံးမျိုးကွဲပြား သွားပါတယ်။

ဒီနေ့ အဘိဓမ္မာပိဋကတ်တော်မှာ တွေ့ရတဲ့ ပဋ္ဌာန်း ဒေသနာတော်ဟာ အရှင်သာရိပုတ္တရာမထေရ်က လင်းနို့သား ဖြစ်ခဲ့ဖူးသော ရဟန်းငါးရာတို့ကို ပြန်ဟောပြတဲ့ မကျဉ်းမကျယ် ဒေသနာတော် ဖြစ်တယ်လို့ ပဋ္ဌာန်းစာဝါလိုက်ခဲ့စဉ်က ဆရာ သမားများ ပြောပြတာကိုလည်း မှတ်သားရဖူးပါတယ်။ ဒါဟာ ပဋ္ဌာန်းနဲ့ပတ်သက်လို့ အသိများတဲ့ ဖြစ်ရပ်အကျဉ်းချုပ်ပါပဲ။

အဘိဓမ္မာထဲမှာ အထူးသဖြင့် ဒီပဋ္ဌာန်းဒေသနာရယ်၊ လင်းနို့သား ငါးရာရယ်၊ လင်းနို့သားဖြစ်ခဲ့ဖူးတဲ့ ရဟန်းတော် ငါးရာ (နောက်တော့ ရဟန္တာငါးရာ)ရယ်လို့ ဘယ်လို ဘယ်လို အကြောင်းအကျိုး ဆက်တယ်ဆိုတဲ့ ကိစ္စမှာတော့ အားလုံး

www.burmeseclassic.com

www.burmeseclassic.com



လိုလိုက မရှင်းမလင်း ရောထွေးလုံးချာ ဖြစ်နေကြပုံရပါတယ်။ ဒီကိစ္စနဲ့ပတ်သက်လို့ ငြင်းကြ၊ ခုံကြ၊ မေးမြန်းကြတာ အတော်လေး ကြုံရတယ်။

ကြောင်းကျိုးဆက်စပ်ဖြစ်စဉ်ကတော့ လင်းနို့သား ငါးရာတို့ဟာ အဟိတ်တိရစ္ဆာန်များဖြစ်ကြပေမယ့် ပဋ္ဌာန်းဒေသနာတော်ကို အသံမျှလောက် နာယူခဲ့တဲ့ကုသိုလ်ကြောင့် သေလွန်ကြတဲ့အခါ နတ်ပြည်မှာ ဖြစ်ပါတယ်။

နတ်ပြည်ကနေ သက်တမ်းကုန်တော့လည်း ဒီကုသိုလ်စေတ်ခံကို အကြောင်းပြုပြီး သုဂတိဘုံမှာသာ ကျင်လည်ကြရပြီး နောက်ဆုံးဘဝ ဂေါတမမြတ်စွာဘုရား ပွင့်တော်မူချိန်မှာ လူ့ပြည် လူ့ဘဝရောက်ကြလို့ သာသနာ့ဘောင် ဝင်ရောက် ရဟန်းပြုကြတယ်။

အဘိဓမ္မာပညာစေတ်ခံအား အကြီးဆုံးဖြစ်တဲ့ အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးရဲ့ တပည့်များ ဖြစ်ကြရတယ်။

အဘိဓမ္မာကို နားလည်နိုင်စွမ်းအရှိဆုံး ပုဂ္ဂိုလ်များဖြစ်ကြလို့ အရှင်သာရိပုတ္တရာက အဘိဓမ္မာဒေသနာကို မကျဉ်းမကျယ် ဟောပြတယ်၊ နာယူသဘောပေါက်ကြတယ်။ နောက်ဆုံးတော့ ရဟန္တာတွေ ဖြစ်သွားကြပါတယ်။

ဒီကြောင်းကျိုးဆက်ဖြစ်စဉ်မှာ ဘာမှ အဓိပ္ပာယ် နားမလည်ကြတဲ့ အဟိတ်တိရစ္ဆာန် လင်းနို့သားငါးရာတို့ဟာ ပဋ္ဌာန်းဒေသနာတော်ကို အသံမျှ နာကြားရရုံနဲ့ ဘာကြောင့် ဒီလိုလို အဘိဓမ္မာကို နားလည်နိုင်စွမ်းရှိတဲ့ ပညာပါရမီစေတ်ခံ

www.burmeseclassic.com

www.burmeseclassic.com



ရကြသလဲဆိုတာရယ်၊

ဒီရဟန္တာငါးရာတို့ဟာ အဘိဓမ္မာပဋ္ဌာန်းဒေသနာတော်ကို နာယူရလို့ ရဟန္တာဖြစ်ကြရတာလားဆိုတာရယ်က အများ နားမလည်နိုင်တဲ့ ပြဿနာပါ။

ပဋ္ဌာန်းရဲ့အဓိပ္ပာယ်ကို ဘာမျှနားမလည်ဘဲနဲ့ အသံကို ကြားရုံနဲ့ ဘာကြောင့် ပရမတ္ထအသိဉာဏ်မျိုးစေ့ ရသွားရတာလဲ ဆိုတဲ့ ပြဿနာနဲ့ပတ်သက်လို့ ဒေးဒရဲမြို့ ကွင်းကျောင်းတိုက်မှာ နိကာယ်သင်တန်းတက်ခဲ့စဉ်ကလည်း အတော်လေး စိတ်ဝင် တစား အကြိတ်အနယ် ဆွေးနွေးခဲ့ဖူးပါတယ်။ ဒီဆွေးနွေးပွဲမှာ တောင်တွင်းမြို့ နတ်မှီတောရ ဆရာတော်ဘုရားကြီးက ပထမဆုံး 'အသံ'နဲ့ပတ်သက်လို့ ခုလို မိန့်ကြားပါတယ်။

''ဖြဟ္မဏဝါဒမှာတော့ 'အသံ'ဟာ အလွန်အရေးပါတဲ့ စွမ်းအားတစ်ခု ဖြစ်တယ်လို့ ယုံကြည်လက်ခံထားတဲ့ ကိစ္စ တစ်ရပ်ပေါ့။ ဘာကြောင့်လဲဆိုတော့ သူတို့ယုံကြည်လက်ခံတဲ့ အတ္တဝါဒအရ 'အတ္တ'ရဲ့ ဂုဏ်အင်္ဂါများက 'နိစ္စ၊ ဓုဝ၊ သဿတ၊ အဝိနာသီ၊ သဗ္ဗဗျာပီ၊ သယံဝသီ'ဆိုပြီး ခြောက်ခုရှိတယ်။

ဒီခြောက်ခုမှာ '**နိစ္စ** = မြဲတယ်' ဆိုတဲ့အရာက ဘာလဲ ဆိုတာကို လက်ဆုပ်လက်ကိုင် မပြနိုင်ကြဘူး။ '**ဓုဝ** = ခိုင်တယ်၊ **သဿတ** = တစ်ဆက်တည်းတွဲနေတယ်၊ **အဝိနာသီ** = ပျက်စီးခြင်း မရှိဘူး၊ **သယံဝသီ** = မိမိအလိုသို့ လိုက်စေတယ်' ဆိုတဲ့ အချက်တွေမှာ ဘာနဲ့မှ ခိုင်ခိုင်လုံလုံ သက်သေမပြနိုင်ကြဘူး။

www.burmeseclassic.com

www.burmeseclassic.com



အဲ 'သဗ္ဗဗျာပီ = အရာအားလုံးမှာ ပျံ့နှံ့တည်နေတယ်' ဆိုတာနဲ့ ပတ်သက်လို့ကြတော့ 'အသံ'ကို သာကေအဖြစ်နဲ့ ထုတ်ပြကြတယ်။ သူတို့ပြောတာက အသံဟာ ရုပ်ဝတ္ထုဒြပ် ထင်ရှားရှိတဲ့ အရာတွေထဲမှာ မဆိုထားနဲ့ ဟင်းလင်းပြင်ထဲမှာကိုပဲ အရာဝတ္ထု တစ်ခုခုကို လှုပ်ယမ်းလိုက်ရင် အသံတစ်ခုခု ထွက်လာတာပဲ မဟုတ် လား။ ဒါ့ကြောင့် အသံဟာ သဗ္ဗဗျာပီဖြစ်တယ်၊ သဗ္ဗဗျာပီဖြစ်တဲ့ အတွက် အတ္တကို ကိုယ်စားအပြုနိုင်ဆုံးအရာလည်း ဖြစ်တယ်လို့ ယုံကြည် လက်ခံကြတယ်။

ဗုဒ္ဓခေတ်မှာအထိ စာပေရေးသားမှု အလေ့အထ မထွန်းကားတာဟာ အဲဒီလို ယုံကြည်လက်ခံထားချက်က အရေးပါတဲ့ အကြောင်းတရားတစ်ခုပေါ့။ ဝေဒကျမ်းတွေကို သင်ယူတဲ့အခါ အသံနဲ့ နှုတ်ဆင့်ကမ်းသင်ယူမှ သူတို့ယုံကြည်တဲ့ အတ္တရဲ့ စွမ်းအားတိုက်ရိုက် ပါဝင်လို့ စွမ်းအင်ပိုရှိတယ်ဆိုပြီး နှုတ်ပြောနားထောင်အဖြစ်နဲ့ အသံနဲ့သာ အဆက်ဆက်သင်ပေး သင်ယူသုံးပြီး ဝေဒကျမ်းတွေကို ဆောင်ကြရတာ၊ အသံတွေကိုကြားရုံနဲ့ မမေ့မလျော့အောင် မှတ်မိစေဖို့အတွက်လည်းပဲ စကားလုံးအလှအပတွေ၊ အလင်္ကာတွေ၊ ဥပမာတွေ၊ ပုံပြင်တွေကို အများကြီးတီထွင်ခဲ့တာပေါ့။

"တပည့်တော် ဟိန္ဒူဘာသာ လေ့လာတတ်မြောက်အောင် မဟာဘာရတကျမ်းကြီးကို သင်ယူဖို့ ဟိန္ဒူဘာသာရေးသင်တန်းဆရာကြီးဆီ ရောက်ခဲ့တုန်းကလည်း ဆရာကြီးက

www.burmeseclassic.com

www.burmeseclassic.com



အသံကို ပီပီသသနဲ့ ဌာန်ကရိုဏ်းကျအောင် သူတို့ရဲ့ ပဏာမဂါထာကြီးတစ်ခုကိုပဲ တစ်ပတ်လောက် သင်ပေးတာ။ သူကလည်း အသံပီအောင် ခပ်ကျယ်ကျယ် ဆိုပြီး သင်ပေးတယ်။ ကိုယ်ကလည်း သူ့လိုပဲ လိုက်ဆိုရတာ။ ဝေဒကျမ်းကို သင်ယူတဲ့အခါမှာလည်း နားလည်သဘောပေါက်အောင် ဆိုပြီး ဒီအတိုင်းစာကြည့်သလို ကြည့်နေရင် သင်မပေးဘူး။ အသံထွက်ပြီးကျယ်ကျယ်ပီပီကို ဆိုရတယ်။ အသံထဲမှာမှ အသက်(အတ္တ)ပါတယ်' လို့ကို သူတို့က ခံယူရတာ။

ဂါထာမန္တန်တွေရဲ့အစက 'အုမ်' ဆိုတဲ့အသံကိုများ သူတို့ ရွတ်လိုက်ပြီဆိုရင် တကယ့်ကို စည်တစ်ခုကို တီးလိုက်သလို အသံက လှိုင်ထွက်သွားတာ။ ဒါကြောင့်လည်း 'ပဏဝေန တံနယော မတာ' **ပဏဝေန** = ထက်စည်သံဖြင့်၊ **တံနယော** = ထို'အုမ်'ကို ရွတ်ဆိုနည်းကို၊ **မတာ** = သိအပ်၏လို့ ဆိုထားတာပေါ့။

အဲဒီတော့ အသံကြားရရုံနဲ့ ပဋ္ဌာန်းဓာတ်တွေ ဘယ်လိုပါရမီမြောက်အောင် အကျိုးပြုပေးသလဲဆိုတဲ့ကိစ္စက သူတို့ဟိန္ဒူများ အနေနဲ့ဆိုရင် အလွန်ရှင်းတယ် 'အသံထဲမှာကိုအစွမ်းသတ္တိအပြည့် ပါပြီးသားဖြစ်လို့'လို့ ဖြေကြမှာပဲ ဆိုတဲ့အကြောင်း ရှင်းပြပါတယ်။

ပဋ္ဌာန်းရွတ်ဖတ်သံက တခြားအသံတွေထက် အစွမ်းသတ္တိပိုပြီးအားကြီးတာနဲ့ ပတ်သက်လို့တော့ နတ်မှီတောရ ဆရာတော်ကြီးလိုပဲ သက္ကဋ္ဌဘာသာကို ကျွမ်းကျင်တတ်မြောက်တဲ့

www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးဦးရွှေအောင်က ခုလိုရှင်းပြဖူးပါတယ်။

အသံတွေမှာ အပြင်ဗဟိဒ္ဓမှာရှိတဲ့ အရာဝတ္ထုချင်း ထိခိုက်မိတဲ့အသံတိုတို့ လေတိုက် မိုးချုန်း မိုးကြိုးပစ်တဲ့အသံတို့ သက်ရှိသတ္တဝါတို့သန္တာန်မှာ ဝမ်းလေရုပ်သံတို့က ဥတုကြောင့်ဖြစ်တဲ့ ဥတုဇ အသံတွေဖြစ်လို့ အဓိပ္ပာယ်အထွေအထူးမရှိဘူး။ သတ္တဝါတွေရဲ့ စိတ်အကြံအစည် ရှေ့သွားပြုပြီး နှုတ်ကပြောဆိုရွတ်ဖတ်တဲ့ အသံကတော့ စိတ်ကြောင့်ဖြစ်တဲ့ စိတ္တဇအသံတွေဖြစ်လို့ သူတို့ရဲ့ စိတ်စေတနာ အားလျော်စွာ အဓိပ္ပာယ်ရှိကြပါတယ်။ ဒီစိတ္တဇအသံတွေကိုပဲ အချင်းချင်း နားလည်အောင် သတ်မှတ်ပြောဆို ရွတ်ဖတ်ကြတာဖြစ်လို့ ပညတ်များလို့ဆိုရပါတယ်။

အဲဒီပညတ်တွေဟာ ပရမတ္ထသဘာဝအနေနဲ့ အထင်အရှား မရှိတဲ့ အချင်းချင်း နားလည်အောင် သတ်မှတ်ပြောဆိုကာမျှသာဖြစ်တဲ့ အဝိဇ္ဇမာနပညတ်ရယ်၊ နားလည်အောင် သတ်မှတ်ပြောဆိုရသလို ပရမတ္ထသဘာဝလက္ခဏာအားဖြင့်လည်း ထင်ရှားရှိတဲ့ ရုပ်၊ နာမ်၊ ပထဝီ၊ အာပေါ၊ လောဘ၊ ဒေါသစတဲ့ အသံတွေရယ်ဆိုပြီး နှစ်မျိုးပြားပါတယ်။

ရပ်ထဲ ရွာထဲမှာ အများသူငါ ပြောဆိုနေကြတဲ့ အသံတွေ၊ မြတ်စွာဘုရားရှင်ရဲ့ ဒေသနာတော်တွေထဲမှာလည်း အများသူငါ နားလည်စေဖို့ ဟောကြားထားတဲ့ သုတ္တန် ဒေသနာတွေထဲက ပြောလို့ဆိုလို့ နားလည်စေဖို့အတွက် သက်သက်ခေါ်ဝေါ်သတ်မှတ်ပြောဆိုထားတဲ့ ငါ၊ သူတစ်ပါး၊ ယောက်ျား၊

www.burmeseclassic.com

www.burmeseclassic.com



မိန်းမ၊ လူနတ်၊ ဗြဟ္မာ၊ မြို့ရွာ၊ သစ်ပင် နာမည်တွေဟာ ပရမတ္ထ သဘာဝအားဖြင့် ထင်ရှား မရှိတဲ့ အဝိဇ္ဇမာန ပညတ်တွေ ဖြစ်ပါတယ်။

အဘိဓမ္မာ ဒေသနာတော်ကြီးမှာ ဟောကြားပြောဆိုတဲ့ စကားလုံးတွေကတော့ အချင်းချင်း နားလည်ကာမျှ သက်သက်သာ သတ်မှတ်ပြောဆို ထားတာတွေ မဟုတ်ပါဘူး။ ပရမတ္ထသဘာဝလက္ခဏာ ထင်ရှားရှိကြပါတယ်။ ဥပမာ –

ရုပ်ဆိုရင် ဖောက်ပြန်တတ်တဲ့ သဘောလက္ခဏာ၊ နာမ်ဆိုရင် အရာဝတ္ထုတစ်ခုအပေါ်မှာ စိတ်ကညွှတ်တတ်တဲ့ သဘောလက္ခဏာ စသည်တွေပေါ့။ အဲဒီလို ပင်ကိုယ်သဘော လက္ခဏာကိုယ်စီရှိကြတဲ့ ဝေါဟာရပညတ်တွေဖြစ်လို့ ဝိဇ္ဇာမာန ပညတ်တွေလို့ ခေါ်ရပါတယ်။

ဒီလို ဝေါဟာရပညတ်တွေကို ပါးစပ်က ထုတ်ဖော် ပြောဆိုလို့ ထွက်လာတဲ့ အသံတွေထဲမှာလည်း ပရမတ္ထသဘာဝ ထင်ရှားမရှိတဲ့ အဝိဇ္ဇမာနပညတ်အသံတွေထက် ပရမတ္ထ သဘာဝလက္ခဏာ ထင်ရှားရှိတဲ့ ဝိဇ္ဇာမာနပညတ်ရဲ့ အသံတွေက ပင်ကိုယ် စွမ်းအားအရ ပိုပြီးကြီးမားပါတယ်။ ဘာကြောင့်လဲ ဆိုရင်တော့ ဓမ္မသတ္တိကြီးမားကြလို့ပါပဲ။

မြန်မာတို့ ပြောပြောနေကြတဲ့ ‘ပညတ်သွားရာ ဓာတ် သက်ပါ’ဆိုတဲ့ စကားအတိုင်း အဝိဇ္ဇမာနပညတ်မှာလည်း ပြောသူရဲ့ ဆိုလိုချက် စေတနာ ဓာတ်သက်ပါသလို ဝိဇ္ဇာမာန ပညတ်မှာလည်း ဓာတ်သက်ပါပါတယ်။ ဒီဓာတ်သက်နှစ်မျိုး

www.burmeseclassic.com

www.burmeseclassic.com



ယှဉ်လိုက်ရင် ပရမတ္ထသဘာဝလက္ခဏာ ထင်ရှားရှိတဲ့ ဝိဇ္ဇမာနပညတ်ရဲ့ ဓာတ်သက်က စွမ်းအားပိုပြီး ကြီးတဲ့သဘောပါ။ အခြေခံအခိုင်အမာ ထင်ရှားမရှိတာနဲ့ ရှိတာ ကွာသွားတဲ့သဘောပါပဲ။

ဒါ့ကြောင့် ပရမတ္ထ ဓာတ်သက်များပါတဲ့ ပဋ္ဌာန်းဒေသနာတော်ကို အသံကြားရရုံမျှ နာယူခဲ့ကြတဲ့ လင်းနို့သားငါးရာတို့ဟာ အဟိတ်တိရစ္ဆာန် လင်းနို့အဖြစ်က စုတေပြီး သုဂတိဘုံသား တိဟိတ် ဖြစ်တဲ့ နတ်ဘဝ၊ လူ့ဘဝကို ရောက်ရှိလာကြတဲ့အခါ နာယူခဲ့တဲ့ ပဋ္ဌာန်းအသံထဲမှာ ပရမတ္ထဓာတ်သက်များပါတဲ့အတွက် ပရမတ္ထအသိ ဉာဏ် ပါရမီမျိုးစေ့ ရသွားတာ ဖြစ်ပါတယ်။

"လင်းနို့သားဖြစ်ခဲ့ဖူးတဲ့ ရဟန္တာငါးရာတို့ဟာ နောက်ဆုံးဘဝမှာ ရဟန်းအဖြစ်ကို ရကြတဲ့အခါ အရှင်သာရိပုတ္တရာမထေရ်မြတ်ကတစ်ဆင့် ပြန်ဟောပြတဲ့ ပဋ္ဌာန်းဒေသနာတော်ကို နာယူကြရလို့ ရဟန္တာ ဖြစ်သွားကြတာလား" ဆိုတဲ့ ပြဿနာကတော့ အသံမစဲ ပဋ္ဌာန်းပွဲကျင်းပရာမှာ နိဗ္ဗာန်ဆော်လုပ်တဲ့ပုဂ္ဂိုလ်များက ရေရေရာရာ ပြည့်ပြည့်စုံစုံ မသိဘဲ ပရိသတ် သဒ္ဓါတရားပေါက်အောင်ဆိုပြီး 'လင်းနို့သားဖြစ်တဲ့ အဟိတ်တိရစ္ဆာန် ငါးရာတို့တောင် ပဋ္ဌာန်းဒေသနာတော်ကြီးကို ကြားနာကြရတဲ့အတွက် နောက်ဆုံးမှာ ရဟန္တာတွေ ဖြစ်သွားကြရပါသေးတယ်။ အခုလို တိဟိတ်မျိုးနွယ်ဖြစ်တဲ့ လူသားများမှာတော့ ဘာပြောစရာ လို တော့မလဲ' ဆိုတဲ့ ဆော်ဩသံကို နားစွန်နားဖျား ကြားခဲ့ရာက

www.burmeseclassic.com

www.burmeseclassic.com



ဇဝေဇဝါဖြစ်သွားရတဲ့ ပြဿနာလို့ ထင်ပါတယ်။

ဒီပြဿနာဟာ လူဝတ်ကြောင်များမှာသာမက အချို့ ရဟန်းတော်များကတောင် ပဋ္ဌာန်းကြောင့် မင်ဖိုလ်နိဗ္ဗာန် ရနိုင်တယ်လို့ အထင်ရောက်နေကြတာ ကိုယ်တွေ့ကြုံခဲ့ရဖူးပါတယ်။

၂၀၀၈ ဒီဇင်ဘာ ၁၈ ရက်ကစပြီး မှော်ဘီမြို့ အောက်ဝါးနက်ချောင်းကျေးရွာ၊ ဓမ္မဒူတ ဇေတဝန်တောရ ဆေကိန္ဒာရာမကျောင်းတိုက်မှာ ရဟန်းတော်များအတွက် စာရေးစာချ၊ တရားဟော၊ တရားပြနှင့် ယဉ်ကျေးလိမ္မာဆရာဖြစ် အကြိုပေးသင်တန်းတစ်ခု ပြုလုပ်ပါတယ်။ ပထမကြီးတန်းနဲ့ ဓမ္မာစရိယအောင်မြင်ပြီး သံဃာတော် ၈၅ ပါး တက်ရောက် လေ့လာ သင်ယူကြတဲ့အခါမှာ စာသင်တိုက် နာယကဆရာတော် ကလေးများလည်း ပါဝင်ပါတယ်။

မိမိပို့ချပေးဟောပြောရတဲ့အလှည့်မှာ **ပိဋကတ်သုံးပုံနှင့် ပတ်သက်ပြီး** –

**(၁) အဘိဓမ္မာ ပိဋကတ်တော်ကြီးဆိုတာ ရောဂါတို့ရဲ့ ဇာစ်မြစ်အစုံနဲ့ ဆေးနည်းစုံကို ဖော်ပြတဲ့ ဆေးပညာ ကျမ်းကြီးနဲ့ အလားတူတယ်လို့ တပည့်တော် သဘော ပေါက်မိပါတယ်။**

ဟုတ်ပါတယ်၊ ဘုရားရှင်တို့ သဗ္ဗညုတဉာဏ်ကို မရခင် ဒုက္ကရစရိယာကျင့်တော်မူကြတယ်ဆိုတာ ဒုက္ခရဲ့လက်သည် ဇာစ်မြစ် အစစ်ကို ရှာဖွေနေကြရတာပါ။ ဒုက္ခရဲ့လက်သည် ဇစ်မြစ်အစစ်အမှန်ကို တွေ့ရှိသွားတဲ့အခါ ဒုက္ခသစ္စာဆိုတဲ့

www.burmeseclassic.com

www.burmeseclassic.com



ရောဂါကလည်း သိပြီးသား၊ ရောဂါရဲ့ ဇာစ်မြစ်ဖြစ်တဲ့ သမုဒယသစ္စာကိုလည်း သိပြီးဆိုတော့ ကုသရမည့် ဆေးချက်ဖြစ်တဲ့ မဂ္ဂသစ္စာနဲ့ နောက်ဆုံးတော့ ရောဂါပျောက်ဆုံးမှုဖြစ်တဲ့ နိရောဓသစ္စာတို့ကိုပါ လေးချက်လုံး အပြည့်အစုံသိရှိပြီး ဉာဏ်တော်ကြီးအားလုံး ပွင့်လင်းသွားလို့ သဗ္ဗညုတဘုရားရှင်အဖြစ် ရောက်သွားကြတာလို့ သဘောပေါက်နိုင်ပါတယ်။

ဘုရားရှင် သဗ္ဗညုတဉာဏ်ကြီးကို ရရှိပြီးလို့ ဝေနေယျတို့ရဲ့ ရောဂါနဲ့ဇာစ်မြစ်ကို သုံးသပ်ကြည့်တဲ့အခါ စရိုက်၊ ဝါသနာ၊ ပါရမီဓာတ်ခံနဲ့ ကိုက်ညီမယ့်ဆေးချက်ကို ကြည့်လိုက်တော့ ဒီပြဿနာဟာ သဗ္ဗညုတဉာဏ်တော်ရှင်ကြီးအတွက် အသေးအမွှားကိစ္စလေးတွေသာ ဖြစ်လို့နေတာကိုလည်း တွေ့မြင်တော်မူရပါတယ်။ အခုခေတ်စကားနဲ့ ပြောရမယ်ဆိုရင်တော့ ဝေနေယျတို့ရဲ့ ဒုက္ခကိုဖြေရှင်းကုသရမယ့်ကိစ္စဟာ သဗ္ဗညုတဉာဏ်တော်ကြီးအတွက် 'ပျင်းတောင် ပျင်းသေးတယ်' ဆိုသလို ဖြစ်နေရပါတယ်။

ဒီတော့ သဗ္ဗညုတဉာဏ်တော်ကြီးကို ဘယ်လိုအသုံးချရမလဲလို့ စဉ်းစားတော်မူရင်း ဘုရားဖြစ်ပြီးလို့ ရက်သတ္တလေးပတ်မြောက် (စတုတ္ထသတ္တာဟ) ရောက်တဲ့အခါ သဗ္ဗညုတဉာဏ်တော်ကြီးကို ဝေနေယျတို့ထံ လွှတ်တော်မမူတော့ဘဲ ဓမ္မသက်သက်ကို အာရုံပြုလွှတ်တော်မူလိုက်တဲ့အခါ အဘိဓမ္မာဒေသနာတော်ကြီးရဲ့ အထွတ်အထိပ်ဖြစ်တဲ့ ပဋ္ဌာန်းဒေသနာတော်ကြီးကို သုံးသပ်အာရုံပြုမိသွား

www.burmeseclassic.com

www.burmeseclassic.com



တာပါ။ အဲဒီအချိန်ရောက်တော့မှပဲ သဗ္ဗညုတဉာဏ်တော်ကြီးလည်း အစွမ်းကုန် ကွန့်မြူးခွင့်ရပါတော့သတဲ့။

အဋ္ဌကထာဆရာများကတော့ ဒီနေရာမှာ သဗ္ဗညုတဉာဏ်တော်ကြီး ကွန့်မြူးသွားပုံနဲ့ပတ်သက်ပြီး ဥပမာတွေ အမျိုးမျိုးပြပါတယ်။ အဲဒီဥပမာများထဲက လူသိအများဆုံး ဥပမာတစ်ခုကတော့ 'အလွန်ကြီးမားတဲ့ ငါးကြီးအာနန္ဒာစတဲ့ ငါးကြီးများဟာ တစ်ဖက်ဆည်ကန်တို့၊ အင်းအိုင်တို့အတွင်း ကျရောက်နေတဲ့အခါ မလှုံးသာ မလွန့်သာနဲ့ ပျင်းရိစရာဖြစ်နေရာက အလွန်ကျယ်ဝန်းတဲ့ သမုဒ္ဒရာကြီးထဲ ရောက်သွားတဲ့အခါ အစွမ်းကုန်ကူးခပ်လှုပ်ရှားခွင့်ရပြီး ပျော်ရွှင်သွားသလိုပါပဲ'လို့ ဥပမာပေးထားပါတယ်။

သဗ္ဗညုတဉာဏ်တော်သခင် မြတ်ဗုဒ္ဓအရှင်ဟာလည်း ဝေနေယျတို့ကို ဟောကြားကုသရမည့်ကိစ္စက မြစ်ချောင်းအင်းအိုင်လောက်သာဖြစ်နေလို့ 'ပျင်းတောင်ပျင်းသေးတယ်' လို့ ဆိုရမလိုဖြစ်နေရာက ပဋ္ဌာန်းဒေသနာတော်ကြီးကို သုံးသပ်လိုက်မှပဲ ဉာဏ်တော်ကြီး အစွမ်းကုန် ကွန့်မြူးခွင့်ရသွားတာပါ။ 'မြူး' တယ်ဆိုတာ အရပ်စကားနဲ့ ပြောရရင် 'ပျော်'သွားတာပဲ မဟုတ်ပါလား။

ဉာဏ်တော်ကြီးက အစွမ်းကုန် ကွန့်မြူးကြည်လင်သွားတဲ့အခါ ဉာဏ်တော်ရဲ့တည်မှီရာ ဟဒယနှလုံးသားကလည်း အစွမ်းကုန် ကြည်လင်သွားပါတယ်။ အဲဒီအခါမှာ နှလုံးသားကို တည်မှီလည်ပတ်နေတဲ့ နှလုံးသွေးများဟာ

www.burmeseclassic.com

www.burmeseclassic.com



လည်း အံ့ဩလောက်အောင် ကြည်လင်သွားကြတယ်။ နှလုံးသွေး ကြည်လင်တဲ့အတွက် နှလုံးသွေးလည်ပတ်ရာ ခန္ဓာကိုယ်ကြီး တစ်ခုလုံးလည်း အထူးကို ကြည်လင်တောက်ပသွားတဲ့အတွက် ခန္ဓာကိုယ်ရဲ့ ပင်ကိုအရောင်တွေဟာ ရောင်ခြည်တော်အဖြစ် တောက်ပကွန့်မြူးသွားတာပဲ ဖြစ်ပါတယ်။

ပဋ္ဌာန်းဒေသနာတော်ကြီးဆိုတာ ရှိရှိသမျှ အကျိုးတရား အားလုံးတို့ရဲ့ အကြောင်းတရားပေါင်းစုံကို အပြည့်အစုံပြတဲ့ ကျမ်းကြီးပါ။ သဗ္ဗညုတဉာဏ်တော်ကြီး အစွမ်းကုန်ကွန့်မြူးပြီး သုံးသပ်ထားတဲ့ ဒေသနာတော်ကြီးဖြစ်လို့လည်း တပည့်သာဝက ဝေနေယျတို့ အနေနဲ့ အပြည့်အစုံသိနိုင်တဲ့ ဒေသနာတော်ကြီး မဟုတ်ပါဘူး။

ဒါ့ကြောင့် အဘိဓမ္မာဒေသနာတော်နဲ့ ပွင့်တော်မူတဲ့ ဘုရားရှင်ရယ်လို့ တစ်ဆူမှ မရှိသလို အဘိဓမ္မာ ဒေသနာတော်နဲ့ တိုက်ရိုက် ကျွတ်တမ်းဝင်တဲ့ ဝေနေယျရယ်လို့လည်း တစ်ဦးတစ်ယောက်မျှ မရှိပါဘူး။

(၂) ဝိနယ ပိဋကတ်တော်ကြီးကတော့ ဝေနေယျတွေထဲက အထူးသဖြင့်တော့ ရဟန်းသာမဏေတို့ရဲ့ အနာရောဂါ အမျိုးမျိုးကိုဖော်ပြတဲ့ ကျမ်းကြီးနဲ့ အလားတူပါတယ်။ ဘယ်လိုအပြောအဆို၊ ဘယ်လို အပြုအမူမျိုးဟာ ဘယ်လို အပြစ်ဖြစ်တယ်၊ ဘယ် အာပတ်သင့်တယ်လို့ ဖော်ပြတဲ့ ဒေသနာတော်ကြီး

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လား။

(၃) သုတ္တန်ဒေသနာတော်ကြီးကသာ အနာနဲ့ဆေး ကိုက်အောင်ပေးတဲ့ လက်တွေ့ကုထုံးကျမ်းကြီးနဲ့ အလားတူပါတယ်။

ဝေနေယျတို့ရဲ့ စရိုက်၊ ဝါသနာ၊ ပါရမီစာတ်ခံနဲ့ ဣန္ဒြေ အနုအရင့်ပမာဏကို နှိုင်းချိန်ပြီး အနာနဲ့ဆေး ကိုက်အောင် ပေးထားပုံတွေကို ဖော်ပြတဲ့ဒေသနာဖြစ်ပါတယ်။ ဆေးနည်းမျိုးစုံ ကျွမ်းကျင်ဖို့ဆိုတာ ပညာရှင်တို့ရဲ့အလုပ်သာ ဖြစ်ပါတယ်။ လက်တွေ့ ဆေးကုသ မယ့်ပုဂ္ဂိုလ်က ဆေးနည်းမျိုးစုံတွေနဲ့ ရောဂါမျိုးစုံတွေကို အလွတ်ကျက်မှတ်ထားဖို့ထက် အနာနဲ့ဆေး ကိုက်အောင်ပေးနည်းကို ကျေကျေညက်ညက် သဘောပေါက် ထားဖို့က ပိုပြီးအရေးကြီးပါတယ်။ ဒါကြောင့် လက်တွေ့ သာ သနာပြုကြတဲ့အခါ လက်တွေ့ကုထုံးကျမ်းကြီးဖြစ်တဲ့ သုတ္တန် ဒေသနာတော်ကို ပြည့်စုံနိုင်သမျှ ပြည့်စုံအောင် လေ့လာသင့် ပါတယ်ဆိုတဲ့အကြောင်း ထည့်သွင်းဟောပြောလိုက်ပါတယ်။

သင်တန်းနားချိန်မှာတော့ ဒီဟောပြောချက်နဲ့ပတ်သက်ပြီး ဘဝင်မကျနိုင်ကြတဲ့ အရှင်နှစ်ပါး သုံးပါးလောက်နဲ့ အခြား သင်တန်းသားတွေ အချေအတင် ငြင်းကြတော့တာပဲတဲ့။ သိပ်ပြီး ဘဝင်မကျဘူးဆိုတဲ့ အရှင်မြတ်များရဲ့တင်ပြချက်က "ဒီလိုဆိုရင် လင်းနို့သား ဖြစ်ခဲ့ဖူးတဲ့ ရဟန်းတော်ငါးရာတို့ ပဋ္ဌာန်းဒေသနာ တော်ကို နာခံရတဲ့ ကုသိုလ်ကြောင့် ဒီဘုရားသာသနာတော် ရောက်တော့ အရှင်သာရိပုတ္တရာက ဆင့်ပွားဟောကြားပြတဲ့ ပဋ္ဌာန်း

www.burmeseclassic.com

www.burmeseclassic.com



ဒေသနာတော်ကို ကြားနာပြီး ရဟန္တာဖြစ်ကုန်တယ်ဆိုတဲ့စကား ဘယ်သွားထားမလဲ" ဆိုပြီး တင်ပြကြတာပါတဲ့။

သင်တန်းသားတွေထဲက စာသင်တိုက်နာယကဖြစ်တဲ့ ဆရာတော်တစ်ပါးကတော့ အဘိဓမ္မာနဲ့ပတ်သက်တဲ့ အတွေ့အကြုံတွေ ဓာစ်မြစ်ပါ သိထားတာဖြစ်လို့ ရှင်းပြပေမယ့် ဘယ်လိုမှ ဘဝင် မကျနိုင်ပါဘူးဆိုပြီး နောက်ဆုံးတော့ မိမိဆီ ရောက်လာကြပါ တယ်။ သူတို့ကို ဘဝင်ကျ ကျေနပ်လောက်အောင် ရှင်းပြပါဦးလို့ တောင်းပန်ကြလို့ တစ်နာရီလောက် ရှင်းပြလိုက်ရတယ်၊ ရှင်းပြချက် အကျဉ်းချုပ်ကတော့ -

**"ပဋ္ဌာန်းနဲ့ပွင့်တဲ့ ဘုရားရှင်ဆိုတာ လုံးဝမရှိဘူး"**လို့ ပြောရတာကတော့ ပဋ္ဌာန်းဒေသနာတော်ကြီးဆိုတာ သဗ္ဗညုတ ဉာဏ်ရဲ့ အရသာဖြစ်တယ်။ ဝိပဿနာဉာဏ်ရဲ့ အာရုံမဟုတ်ဘူး။ ဘုရားရှင်တွေဟာလည်း သဗ္ဗညုတဉာဏ်မရမီ သတိပဋ္ဌာန်နဲ့ ဝိပဿနာကို ပွားများရတယ်။ ဝိပဿနာဉာဏ်ရင့်သန်ပြီးမှ မဂ်ဖိုလ်အဆင့်ဆင့်တက်ပြီး နောက်ဆုံး အရဟတ္တမဂ်ဉာဏ်ကို ရောက်တဲ့အခါ ကြီးမားတဲ့ ပါရမီ ဓာတ်ခံကြောင့် သဗ္ဗညု ဘုရားရှင်အဖြစ် ရောက်တာ၊ သဗ္ဗညုတဉာဏ်တော်ကြီးကို ရပြီးမှ ပဋ္ဌာန်းဒေသနာတော်ကို သုံးသပ်တော်မူတာ။ တပည့် တော်တို့ရဲ့ ဂေါတမဘုရားရှင်ကတော့ ဘုရားအဖြစ်ရောက်ပြီးလို့ လေးပတ်မြောက်(စတုတ္ထသတ္တာဟ)ရောက်မှ ပဋ္ဌာန်း ဒေသနာ တော်ကို သုံးသပ်တော်မူတယ်။ နှုတ်မြွက်ဟောကြားမှုကိုတော့ ဘုရားဖြစ်ပြီးလို့ ခုနစ်ဝါမြောက်ရောက်မှ မယ်တော်ကို ကျေးဇူး

www.burmeseclassic.com

www.burmeseclassic.com



ဆပ်တဲ့အနေနဲ့ တာဝတိံသာနတ်ပြည်မှာရှိတဲ့ ပင်လယ်ကသစ် ပင်အောက်က ပဏ္ဍုကမ္ဗလာကျောက်ဖျာမှာ မယ်တော်ဖြစ်ခဲ့ဖူးတဲ့ သန္တုသိတနတ်သား အမှူးပြုတဲ့ နတ်ဗြဟ္မာအပေါင်းကို ဟောကြားတယ်ဆိုတာ ပဋ္ဌာန်း အဋ္ဌကထာမှာ ပါပါတယ်။ ဒါကြောင့် **ပဋ္ဌာန်းနဲ့ပွင့်တဲ့ ဘုရားဆိုတာ မရှိဘူး**၊ ဘုရားဖြစ်ပြီး လို့ သဗ္ဗညုတဉာဏ်တော်ကြီးကို ပိုင်ဆိုင်ပြီးမှသာ ပဋ္ဌာန်းဒေသနာ တော်ကို သုံးသပ်တော်မူနိုင်တယ်လို့ မှတ်ချမှတ်ရပါတယ်။

**"ပဋ္ဌာန်းနဲ့ကျွတ်တမ်းဝင်တဲ့ ဝေနေယျမရှိဘူး"** ဆိုတာ နဲ့ ပတ်သက်လို့ကတော့ မြတ်စွာဘုရားရှင် ပွင့်တော်မူပြီး ပထမ ဦးဆုံး သာဝက ဦးကြီးများဖြစ်ကြတဲ့ ပဉ္စဝဂ္ဂီငါးဦးတို့ကိုလည်း ဘုရားရှင်က ဓမ္မစက္က ပဝတ္တနသုတ်ကို ဟောကြားလို့ အဲဒီ သုတ္တန်နဲ့ သောတာပန်တွေ ဖြစ်ကြတာပါ။ နောက်တော့ အနတ္တလက္ခဏာသုတ်နဲ့ ရဟန္တာတွေ ဖြစ်ကြရတာပါ။ နောက် နောင်လည်း စရိုက်အားလျော်စွာ ဟောကြားတဲ့ သုတ္တန် ဒေသနာများနဲ့သာ ဝေနေယျမှန်သမျှ ကျွတ်တမ်းဝင်ကြရတယ် ဆိုတာ ပိဋကတ်ကို ထဲထဲဝင်ဝင်လေ့လာကြည့်ရင် တွေ့ကြရမှာ ဖြစ်ပါတယ်။

ဒီနေရာမှာ သံသယကင်းစေလောက်တဲ့ အခိုင်မာဆုံး အထောက်အထားကတော့ မြတ်စွာဘုရားရှင် ဟောတော်မူတဲ့ မဟာ သတိပဋ္ဌာန်သုတ္တန်ကြီးပဲ ဖြစ်ပါတယ်။ အဲဒီသုတ္တန်မှာ စပြီးဟောလိုက်တာကိုက 'ဧကာယနော အယံ ဘိက္ခဝေ မဂ္ဂေါ သတ္တာနံ ဝိသုဒ္ဓိယာ' စတဲ့ စကားရပ်နဲ့ အစချီလိုက်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အစိပ္ပာယ်ကတော့ အခုဟောမယ့် သတိပဋ္ဌာန်တရားလေးပါး ပွားများနည်းသာလျှင် ကိလေသာ ကင်းစင်ကြောင်း၊ မဂ်ဖိုလ် နိဗ္ဗာန် ရရှိကြောင်း တစ်ခုတည်းသော အကျင့်လမ်းဖြစ်တယ်။ ဒီ သတိပဋ္ဌာန်တရားလေးပါးကို ပွားများတဲ့ နည်းလမ်းကလွဲလို့ ကိလေသာစင်ကြယ်ဖို့၊ သောကပရိဒေဝတွေကို လွန်မြောက်ဖို့၊ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲတွေ ချုပ်ငြိမ်းဖို့၊ ဝိပဿနာ ဉာဏ် ရင့်သန်ပြီး မဂ်ဉာဏ်အဆင့်ဆင့်ရောက်ဖို့ နိဗ္ဗာန်ကို မျက်မှောက် ပြုဖို့ တခြားနည်းလမ်း လုံးဝမရှိပါဘူးလို့ ဆိုလိုက်တာပါ။

ဒီပြဿနာနဲ့ပတ်သက်လို့ ဓမ္မဒူတဆရာတော်ဘုရားကြီး အရှင်ပညာဇောတရဲ့ 'ဗုဒ္ဓဓမ္မ ပြဿနာများ' ပထမတွဲမှာလည်း

**စင်စစ် လူ့ပြည်မှ ကျွတ်တမ်းဝင်သမျှ သုတ္တန် တရားနှင့်ချည်း ကျွတ်တမ်းဝင်တာပဲ။ အဘိဓမ္မာ တရားကို ဘုရားရှင်က လူ့ပြည်မှာ ဟောထားတာ မဟုတ်ဘူး။ တာဝတိံသာနတ်ပြည်မှာ ဟောတာ။**

အဘိဓမ္မာဒေသနာတော်ဆိုတာ တရားအစုအပုံမျှကို ဟောထားတဲ့ ယထာဓမ္မာသာသနာဖြစ်တယ်။ တရားနာဝေနေယျ တို့ရဲ့ ဝါသနာစရိုက်ပါရမီဓာတ်ခံကို ဆံခြည်မျှ မငဲ့ကွက်ဘဲ တရားဓမ္မ သဘာဝ အကုန်အစင်ကို သဗ္ဗညုတဉာဏ်စွမ်းတော် ကြီး စက်ကုန်လွှတ်ပြီး ဟောကြားထားတာဖြစ်လို့ အဇ္ဈာသယ (ဘုရားရှင်ရဲ့အလိုတော်) ပြဋ္ဌာန်းတယ်၊ အနာဝရဏ (အပိတ် အပင် အတားအဆီးမရှိတဲ့) ဉာဏ်၊ သဗ္ဗညုတ (အလုံးစုံကို

www.burmeseclassic.com

www.burmeseclassic.com



သိနိုင်စွမ်းတဲ့) ဉာဏ်တို့ရဲ့ အခွင့်သာဖြစ်တယ်။ အာသယာနုသယ (ဝေနေယျတို့ရဲ့ အလိုတော်)ကို ငုံ့တဲ့ဉာဏ်၊ ဣန္ဒြေယပရော ပရိယတ္တိ (ဝေနေယျတို့ရဲ့ ပါရမီဓာတ်ခံ ဣန္ဒြေအနု အရင့် အဆင့်ဆင့်ကို သိတဲ့) ဉာဏ်တို့ရဲ့ အခွင့်မဟုတ်ဘူး။

အဘိဓမ္မာဒေသနာတော်ဟာ ကမ္မဋ္ဌာန်းကိစ္စကို ပဓာန မပြုဘဲ တရားဓမ္မရှိသမျှ အကုန်အစင်ကို ဝေဖန်ဟောကြား ထားတဲ့ ဒေသနာ ဖြစ်တယ်။

သုတ္တန်ဒေသနာတော်ဆိုတာက ဝေနေယျတို့နဲ့ လိုက် လျော ညီထွေဟောထားတဲ့ ယထာနုလောမသာသနာ ဖြစ်တယ်။ တရားနာ ဝေနေယျတို့ရဲ့ ပါရမီဖြည့်ရာကာလ၊ ဘဝ၊ ကမ္ဘာ သံသရာအဆက်ဆက်တို့မှာ လေ့ကျက်လိုက်စား ပွားများ တည်ထောင်လာခဲ့တဲ့ ဝါသနာစရိုက် အသိုက်အအုံ အလုံးစုံတို့ကို အကုန်ရှုမြင်တော်မူပြီးမှ ဝေနေယျ အင်အားနဲ့ တရားကို တိုင်း တာပြီး ဒေသနာ အတိုကောက်ကို ရွေးကောက်ဟောတော်မူ ထားတာဖြစ်လို့ ဝေနေယျဇ္ဈာသယ ပြဋ္ဌာန်းခြင်း ရှိတယ်။

အာသာယာနုသယဉာဏ်၊ ဣန္ဒြေယပရော ပရိယတ္တိ ဉာဏ်တို့ရဲ့ အခွင့်ဖြစ်တယ်။ အနာဝရဏဉာဏ်၊ သဗ္ဗညုတ ဉာဏ်တို့ရဲ့ အခွင့် မဟုတ်ဘူး။

သုတ္တန်ဒေသနာတော်ဟာ မဂ်ဖိုလ်ကို မရကြသေးတဲ့ ပုထုဇဉ်တို့အတွက် ယခုဘဝ မဂ်ဖိုလ်ကိုရဖို့ ကမ္မဋ္ဌာန်း ပြုလုပ် တတ်အောင် အကျဉ်းအားဖြင့် ဟောထားတဲ့ ဒေသနာတော်ပဲ ဖြစ်တယ်ဆိုတဲ့ အကြောင်း ရှင်းပြထားတာရှိပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် 'လင်းနို့သားဖြစ်ခဲ့ဖူးတဲ့ ရဟန်းငါးရာတို့ဟာ အရှင်သာရိပုတ္တရာ ပြန်လည်ဟောပြတဲ့ ပဋ္ဌာန်းဒေသနာတော်ကို ကြားနာရပြီး ရဟန္တာဖြစ်သွားကြတယ်' ဆိုတာက အမှန် မဟုတ်ဘူးလား"

ဆိုပြီး စောဒကတက်ကြပြန်တယ်။

ဒီစကားက ကြားမှာ ကွင်းဆက်ကလေးတွေ ကျန်နေခဲ့တာပါ။ လုံးဝလွဲမှားတာ မဟုတ်သလို လုံးဝအမှန်လည်း မဟုတ်ပါဘူး။ အဘိဓမ္မာသဘောတရားကို ထိုးထွင်းသိမြင်နိုင်စွမ်းရှိတဲ့ ဉာဏ်ပါရမီ ဓာတ်ခံလည်း ရတယ်။ နာယူတဲ့ ဓမ္မသဝန ကာမာဝစရကုသိုလ်လည်း ရတယ်။ ကုသိုလ်က သုဂတိဘုံကို ပို့ပေးတယ်၊ ပါရမီက ဉာဏ်မျိုးစေ့ ရပါတယ်။

တစ်ခါတလေမှာ ပါရမီဓာတ်ခံတွေဟာ မူလပါရမီ ဖြစ်ခဲ့စဉ်က ဖြစ်ရပ်မျိုးနဲ့ ပြန်လည်တိုက်ဆိုင်မိမှ အစွမ်းသတ္တိ ပေါ်လာတာမျိုး တွေလည်း ရှိတယ်။

ဥပမာ - တန်ခိုးအဘိညာဉ်နဲ့ ကိုယ်ပွားရုပ်များကို ဖန်ဆင်းမှု အရာမှာ ဧတဒဂ်ဘွဲ့ရရှိတဲ့ အရှင်စူဠပန္ထက မထေရ် မြတ်ကြီးဟာ တစ်ခုသော ဘဝမှာ ရှင်ဘုရင်ဖြစ်ခဲ့စဉ်တုန်းက ဘိုင်းခန်းလှည့်လည်ရင်း ချွေးများစို့လာတဲ့အတွက် ဖြူစင်တဲ့ အဝတ်စနဲ့ ချွေးသုတ်လိုက်လို့ အဝတ်ဖြူမှာ မြူအညစ် အကြေးတွေ ပေကျံညစ်နွမ်းသွားတာကို ကြည့်ပြီး -

"ဩော် ခန္ဓာကိုယ်ရဲ့ အညစ်အကြေးတွေကြောင့် အဝတ် ဖြူစင်ကြယ်လေး ညစ်နွမ်းသွားရှာပေါ့၊ ဘာမှ မမြဲပါကလား"

www.burmeseclassic.com

www.burmeseclassic.com



ဆိုတဲ့ အနိစ္စသညာ ဝိပဿနာပါရမီမျိုးစေ့ ရခဲ့ဖူးတယ်။

နောက်တစ်ဘဝမှာ ကဿပဘုရားရှင်လက်ထက်ရောက်တော့ ပညာတတ် ရဟန်းတော်ဖြစ်တဲ့အခါ ဉာဏ်ထိုင်းပြီး စာတစ်ပိုဒ်ကို တစ်နေကုန်ကျက်လို့မှ မရနိုင်တဲ့ သာမဏေကို ပြောင်လှောင် ကဲ့ရဲ့မိတယ်။ သူ့ရဲ့ ပြောင်လှောင်ကဲ့ရဲ့မှုကြောင့် အဲဒီသာမဏေလေးဟာ စာကိုမအံ့ မသင်ရဲလောက်အောင် ရှက်သွားခဲ့ရတယ်။ အဲဒီ မကောင်းမှုကြောင့် အခုနောက်ဆုံးဘဝမှာ ရှင်သာမဏေဖြစ်တဲ့အခါ စာတစ်ပိုဒ်သင်ပြီးလို့ နောက်ထပ် တစ်ပိုဒ် ကျက်လိုက်တာနဲ့ အရင်ရပြီးသား စာပိုဒ်က မေ့ပျောက်ပြီး ဂါထာတစ်ပုဒ်ကို လေးလလောက် သင်ယူတဲ့အထိ မရနိုင်ဘဲ ဖြစ်သွားတယ်။

ဒါကိုကြည့်ပြီး နောင်တော်ဖြစ်တဲ့ မဟာပန္ထက မထေရ်မြတ်က ဒီလောက် ဉာဏ်ထိုင်းမှိုင်းရင် သာသနာ့ဘောင်မှာ တိုင်းသူပြည်သား လှူတဲ့ဆွမ်းကို အချည်းနှီးဖြုန်းတီးနေတဲ့ သာသနာ့ဝန်ထုပ်ပဲ ဖြစ်မယ်၊ သာသနာ့ဝန်ထမ်း မဖြစ်နိုင်ဘူး။ ဒါကြောင့် လူဝတ်ကြောင်ပြန်လုပ် (လူထွက်)တော့လို့ နှင်ထုတ်တဲ့အခါ လူမထွက်လိုတဲ့အတွက် ဇေတဝန်ကျောင်းနားမှာ ထိုင်ပြီး ငိုနေရသတဲ့။

အဲဒီအချိန်မှာ ဘုရားရှင်ကသိပြီး သူ့ရဲ့ပါရမီဓာတ်ခံကို ဆင်ခြင်ကြည့်တဲ့အခါ မူလပါရမီဓာတ်ငုပ်ကို ဖော်ထုတ်ပေးနိုင်ရင် ရဟန္တာ ဖြစ်မယ်ဆိုတာ သိမြင်တော်မူလို့ စူဠပန္ထကရှိရာ ကြွ ရောက်ပြီး ဖြူစင်တဲ့အဝတ်စကလေးတစ်ခုကိုပေးရင်း "ဒီအဝတ်

www.burmeseclassic.com

www.burmeseclassic.com



ကလေးကို လက်ညှိုး လက်မနဲ့ ပွတ်ချေနေပါ။ ပြီးတော့ 'ရပော ဟာရဏံ = မြူကိုဆောင်တယ်' ဆိုတာကို မပြတ်နှလုံးသွင်းပါ''လို့ မိန့်ကြားတဲ့အတိုင်း လုပ်ကိုင်နှလုံးသွင်းသွားများတဲ့အခါ မူလရှိထားတဲ့ ပါရမီဓာတ်ခံများ နိုးထလာပြီး ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်အဆင့်ဆင့်နဲ့ အဘိညာဉ်ပါ ပြည့်စုံတဲ့ ရဟန္တာအဖြစ် ရောက်ရှိသွားပါတယ်။

လင်းနို့သားဖြစ်ခဲ့ဖူးတဲ့ ရဟန်းတော်ငါးရာတို့ဟာလည်း အရှင်သာရိပုတ္တရာ အရှင်မြတ်ထံမှ အဘိဓမ္မာတရားတော်များကို နာယူလိုက်တဲ့အခါ မူလရှိထားခဲ့တဲ့ အဘိဓမ္မာပါရမီဓာတ်ခံများ နိုးထလာပြီး ဉာဏ်ပွင့်လာတယ်လို့ ဆိုရမှာပါပဲ။ မဂ်ဉာဏ်အဆင့်ဆင့်နဲ့ ရဟန္တာဖြစ်သွားရတာကတော့ သတိပဋ္ဌာန်တရားပွားများပြီး ဝိပဿနာဉာဏ် မဂ်ဉာဏ် အဆင့်ဆင့်ရသွားကြတယ်လို့သာ ဖြစ်တယ်လို့ မှချမှတ်ယူရပါမယ်။

ဒီနေရာမှာ ဗုဒ္ဓဘာသာဝင်အချို့တောင် အသိအမှတ်မှားနေတတ်တဲ့ အရေးအကြီးဆုံးအချက်တစ်ခုကိုလည်း စပ်မိတုန်းပြောလိုပါသေးတယ်။ အဲဒါကတော့ ပိဋကတ်တော်တွေထဲမှာ မြတ်စွာဘုရားရှင်က တရားဒေသနာတစ်ခုခုကို ဟောတော်မူတဲ့အခါ ဒေသနာတော် ဆုံးတာနဲ့ တစ်ပြိုင်နက် တရားနာရိုသတ်တွေထဲက တချို့သောတာပန်တွေ၊ သကဒါဂါမ်တွေတဲ့ မဂ်ရ၊ ဖိုလ်ရ အရိယာတွေဖြစ်ကုန်ကြတယ်လို့ ပါတာကိုကြည့်ပြီး 'တရားကို သေသေချာချာ နာယူရင် ပဋိပတ် (တရားအားထုတ်မှု)မပါဘဲလည်း မဂ်ဖိုလ်ကို ရနိုင်တယ်' ... ဒ ... ဝင်မှ ...

www.burmeseclassic.com

www.burmeseclassic.com



နေကြခြင်းပါပဲ။ တချို့ကဆိုရင် အထင်မှားရုံသာမကဘူး။ 'သောတာပန်ဖြစ်ဖို့ကိစ္စမှာ ပဋိပတ် မလိုသေးဘူး၊ အထက်မဂ် တွေအတွက်သာ ပဋိပတ်လုပ်ရမှာ' လို့တောင် ယူဆပြောဆို နေကြတာကို တွေ့ကြုံကြားသိနေရတယ်။

ဒီလို အထင်မှား အယူမှားဖြစ်ကြရတဲ့ အဓိက အကြောင်းရင်းကတော့ 'ပဋိပတ်ဆိုတာ ရိပ်သာမှာ တရားထိုင် တာ'လို့ ထင်မှတ်နေမှုကြောင့် ဖြစ်ရတာပါ။ အမှန်က ပဋိပတ် ဆိုတာ ခန္ဓာကိုယ်ရဲ့ သိသာတဲ့လှုပ်ရှားမှုများနဲ့ ထင်ရှားတဲ့ အစိတ်အပိုင်း ၃၂ ခုတို့အပေါ်မှာ ဖြစ်စေ၊ သိသာတဲ့ ခံစားရမှု အမျိုးမျိုးတို့ အပေါ်မှာဖြစ်စေ၊ အာရုံကို သိတတ်တဲ့ သိစိတ် အမျိုးမျိုးတို့အပေါ်မှာဖြစ်စေ၊ တခြားသိသာထင်ရှားတဲ့ ခန္ဓာ၊ အာယတနစတဲ့ သဘာဝမှုကို အပေါ်မှာဖြစ်စေ၊ သတိမြဲ အောင် ကြိုးစားရတာဖြစ်တယ်ဆိုတဲ့ အခြေခံကို သဘော ပေါက်ထားဖို့ အလွန်အရေးကြီးပါတယ်''

မြတ်စွာဘုရားက တရားတစ်ပုဒ်ကို ဟောမယ်လို့ စလိုက်တာနဲ့ တစ်ပြိုင်နက် –

သာဓုကံ သုဏာထ = ကောင်းကောင်းနားထောင်ကြ
သာဓုကံ မနသိကရောထ = ကောင်းကောင်း သဘော ပေါက်အောင် နှလုံးသွင်း ကြဆိုတဲ့ စကားနှစ်ပိုဒ်နဲ့ စတင်ပါတယ်။

'ကောင်းကောင်းနားထောင်ကြ'ဆိုတာ နားရွဲသည်း

www.burmeseclassic.com

www.burmeseclassic.com



သင်ယူတဲ့၊ ပရိယတ္တိအလုပ်ကိုလည်း လုံ့စေ့ပတ်စေ့ နားထောင် သင်ယူကြပါလို့ တိုက်တွန်းလိုက်တာဖြစ်ပါတယ်။ မြတ်ဗုဒ္ဓခေတ်မှာ သင်ယူမှု ပရိယတ္တိအလုပ်ဆိုတာ သင်ပေးသူက နှုတ်နဲ့ ရွတ်ဖတ်သင်ပေးရသလို သင်ယူသူကလည်း နားနဲ့ပဲ သင်ယူကြတာပါ။ ဒါကြောင့်လည်း အဲဒီခေတ်ပညာရေးမှာ 'ဗာဟုသုတ = နားထောင်မှုများပါစေ'လို့ တိုက်တွန်းတာပါ။ (ဗာဟုသုတမှာ 'သုတ'သဒ္ဒါက နားထောင်ခြင်း။ အနက်ကိုသာ တိုက်ရိုက်ဟော ပါတယ်။ နောက်ပိုင်း စာပေအရေးအဖတ် တွင်ကျယ်လာတဲ့ ခေတ်ရောက်တော့မှသာ အချိန်အခါ အခြေအနေနဲ့ ကိုက်ညီအောင် 'သုတ' သဒ္ဒါကို 'အကြားအမြင်'လို့ ပြန်ဆိုကြတာပါ)

**'ကောင်းကောင်းနှလုံးသွင်းကြ'**ဆိုတာက စိတ်ကလည်း သတိနဲ့မပြတ်အောင် တွဲစပ်ပြီး ပဋိပတ်အလုပ်ကိုလုပ်ကြလို့ တိုက်တွန်းတာ ဖြစ်ပါတယ်။ ပဋိပတ်ဆိုတာ အဓိကတာဝန်အနေနဲ့ စိတ်ကို သတိကပ်ပေးရတာပါပဲ။ သတိရှေ့သွားရင် အသိက ကပ်ပြီး ပါလာပါတယ်။ ဒါကြောင့် ပဋိပတ်လုပ်ငန်းဆိုတာ အသိမြင့်မားလာအောင် သတိရှေ့ဆောင်ရတဲ့ အလုပ်လို့ သဘောပေါက်ကြရမှာပါ။ ဒါကို သဘောပေါက်မှသာ ဘုရားရှင်ရဲ့ တရားနာပရိသတ်တွေဟာ နားနဲ့ ပရိယတ်လုပ်ပြီး စိတ်က ပဋိပတ်ကိုလုပ်ကြလို့ ဒေသနာတော်အဆုံးမှာ ပဋိဝေဓ ခေါ်တဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ်တွေကို ရရှိသွားကြတယ် ဆိုတာကို သဘောပေါက်ကြမှာ ဖြစ်ပါတယ်။ ပဋိပတ်မပါဘဲ ပရိယတ် သက်သက်နဲ့တော့ ပဋိဝေဓဖြစ်တဲ့ မဂ်ဖိုလ်ကို မဆိုက်ရောက်

www.burmeseclassic.com

www.burmeseclassic.com



နိုင်ဘူးဆိုတာ အခိုင်အမာ သိရှိလက်ခံနိုင်ဖို့ အရေးကြီးပါတယ်။ အတွေးမချော် အယူမမှားကြဖို့ သတိပေးလိုက်ရတာပါ။

အတိုချုပ်ပြောလိုရင်းကတော့ မဂ်ဖိုလ်နိဗ္ဗာန်ဆိုတာ သတိပဋ္ဌာန်လေးပါးကို ပွားများတဲ့နည်းကလွဲလို့ တခြားနည်းလမ်း မရှိပါဘူး။ သတိပဋ္ဌာန် တရားပွားများတယ်ဆိုတာလည်း မဂ္ဂင်ရှစ်ပါးထဲက သမ္မာသတိမဂ္ဂင်ကို အဓိကပွားများနည်းပါပဲ၊ သတိပဋ္ဌာန်လေးပါးကို စနစ်တကျ ပွားများနည်း၊ မဂ္ဂင်ရှစ်ပါး ပွားများနည်းကလည်း အဘိဓမ္မာ ဒေသနာတော်မှာ မပါရှိပါဘူး။ သုတ္တန်ဒေသနာတော်မှာသာ ရှိတယ်ဆိုတာ ပရိယတ်ကို စနစ်တကျလေ့လာကြည့်ရင် သိနိုင်ပါတယ်၊ (တရားကိုယ်သရုပ်ပါတာနဲ့ ပွားများနည်းပါတာကို ကွဲကွဲပြားပြား သဘောပေါက်ဖို့ လိုပါတယ်) လက်ရှိသာသနာတော်မှာလည်း ဝိပဿနာ လုပ်ငန်း အဖွဲ့တွေ အမည်အမျိုးမျိုး ဘယ်လိုပဲကွဲပြားနေပါစေ ‘သတိပဋ္ဌာန်ပွားများခြင်း’ ဆိုတဲ့ကိစ္စမှာတော့ လုံးဝမကွဲပြားပါဘူး။ ကွဲပြားလို့လည်း မရပါဘူး။

ဒီလောက်ဆိုရင် အဘိဓမ္မာနဲ့ ကျွတ်တမ်းဝင်တဲ့ ဝေနေယျ မရှိနိုင်ဘူးဆိုတဲ့ ပြဿနာလည်း ပြေလည်လောက်ပြီထင်ပါတယ်။

အခု ဆရာမောင်စိန်ဝင်း(ပုတီးကုန်း) ကိုယ်တွေ့ရေးပြ... ဖြစ်ရပ်များနည်းတူ ပဋ္ဌာန်းဒေသနာတော်ကို ရွတ်ဖတ်နာကြ... အတွက် မျက်မှောက်ထင်ရှားတဲ့ ကောင်းကျိုးချမ်းသ...တွေ့... ရတယ် ဆိုတဲ့ ကိစ္စကတော့ အထက်မှာပြောခဲ့သလိုပဲ ပည... သွားရာ ဓာတ်သက်ပါတဲ့အထဲမှာ ပင်ကိုသ...ဘာဝလက္ခ...

www.burmeseclassic.com



ထင်ရှားရှိတဲ့ အဘိဓမ္မာ ဒေသနာတော်ရဲ့ အသံပညတ်က ဓာတ်သက်စွမ်းအားပိုပြီး ကြီးမားထ ်မြှက်လို့ရယ်၊ ရွတ်ဖတ်သူ၊ နာယူသူတို့ရဲ့ ယုံကြည်မှု သဒ္ဓါနဲ့ စေတနာစွမ်းအား ကြီးမား ထက်သန်လို့ရယ်ဆိုတဲ့ အကြောင်းများကြောင့်ပဲ ဖြစ်ပါလိမ့်မယ်။

အဘိဓမ္မာ ဒေသနာတော်း လိုအရ **စေတနာစွမ်းအား မှာ ဆန္ဒစွမ်းအား၊ ဝီရိယစွမ်း း၊ စိတ်ဓာတ်စွမ်းအား၊ ပညာစွမ်းအားတို့ ယှဉ်တွဲပေါင်းစ မိတဲ့အခါမှာ ကံတရားရဲ့ ပထမဇောစေတနာက ယခုဘဝမှာပဲ ချက်ချင်းလက် ်ငင်း အကျိုးထူးပေးတယ်လို့ပဲ အဖ ိပါတယ်။**

**ဆန္ဒဝတော ကိံ နာမက နသိဇ္ဈတိ = ဆန္ဒကဲမို့** ငါတို့တသူ၊ ပြုမှုဆောင်ရာ၊ အဖြာဖြ ၊ ဘယ်ခါမပြီး၊ ရှိချိမ့်နည်း။

**ဝီရိယဝတော ကိံ နာမက ံ နသိဇ္ဈတိ = လုလ္လကဲမို့** ငါတို့တသူ၊ ပြုမှုဆောင်ရာ၊ အဖြာဖြ ၊ ဘယ်ခါမပြီး၊ ရှိချိမ့်နည်း။

**စိတ္တဝတော ကိံ နာမကမ္မံ နသိဇ္ဈတိ = စိတ်ဓာတ် ကဲမို့** ငါတို့တသူ၊ ပြုမှုဆောင်ရာ၊ အဖြာဖြာ၊ ဘယ်ခါမပြီး၊ ရှိချိမ့်နည်း။

**ပညာဝတော ကိံ နာမကမ္မံ နသိဇ္ဈတိ = ပညာကဲ မို့** ငါတို့တသူ၊ ပြုမှုဆေ ်ရာ၊ အဖြာဖြာ၊ ဘယ်ခါမပြီး၊ ရှိချိမ့်နည်း ဆိုတဲ့ ဘုရားရှင်မြွက်ကြားတော်မူချက်အတိုင်းသာ အခိုင်အမာ ယုံကြည်လက်ခံ မှတ်ယူကြဖို့ပဲ ရှိပါတော့တယ်။

**ဓမ္မဘေရီအရှင်ဝီရိယ(တောင်ငူမြို့)**

www.burmeseclassic.com

www.burmeseclassic.com



"ပဌာန်းတရား စွမ်းအားဖြစ်စေ"

မောင်စိန်ဝင်း (ပုတီးကုန်း)

www.burmeseclassic.com

www.burmeseclassic.com



( ၁ )

မရေးဘဲ မနေနိုင်လွန်းသည့်အခါမှသာ ဆောင်းပါးကို ကျွန်တော်ရေးဖြစ်ပါသည်။ ယခုအချိန်ထိ ကျွန်တော်ရေးဖြစ်ခဲ့သော ဆောင်းပါးစာမူမှာ လက်ချိုးရေတွက်၍ ရနိုင်မည်ထင်ပါသည်။

ယခုဆောင်းပါးကိုလည်း ရေးလိုက်လျှင် ဖတ်မိသူအချို့အတွက် တစ်စုံတစ်ရာ သဒ္ဓါတရားပွားများပြီး အကျိုးရှိလာနိုင်မည် ယုံပြီး ရေးမည်၊ ရေးမည်ဟု အကြိမ်ကြိမ်တွေးဖြစ်လျက် မရေးနိုင်ခဲ့။

မနေ့ကတော့ ပဋ္ဌာန်းကျမ်းကြီး (၅–အုပ်တွဲ)ကို ဆယ်ကြိမ်မြောက် ကျွန်တော် ရွတ်ဖတ်ပူဇော်ပြီးစီးသွားခဲ့ပါသည်။

သည်မနက် လမ်းလျှောက်စဉ်မှာ ကျွန်တော် ပဋ္ဌာန်းရွတ်ဖတ် ဖြစ်ခဲ့သည်များကို တွေးရင်း ဆောင်းပါးရေးချင်စိတ် ပြင်းပြင်းပြပြ ဖြစ်လာပါတော့သည်။ လမ်းလျှောက်ပြီး အိမ်ပြန်ရောက်ပါက သည်နေ့ ပဋ္ဌာန်းမရွတ်တော့ဘဲ နားပြီး ဆောင်းပါးရေးမည် ဆုံးဖြတ်မိ၏။ မရေးချင်သည့်အခါ ဘယ်လိုမှအေးလို့မရနိုင်ဘဲ ရေးချင်ပြီဆိုပါကလည်း ဘယ်လိုမှ အောင့်ထားလို့မရနိုင်သော ဝေဒနာကို စာရေးသူတိုင်း နားလည်နိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ယခုဆောင်းပါးမှာလည်း ပဌာန်းတရားတော် ရွတ်ဖတ်ပူဇော်ရခြင်းကို ကြည်နူးပီတိဖြစ်ရခြင်းနှင့်အတူ ထိုပီတိအား စာဖတ်သူများ မျှဝေခံစားလိုသော စေတနာတရားကြောင့် ရေးသားဖြစ်ကြောင်း ဝန်ခံလိုပါ၏။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com



( ၂ )

ကျွန်တော့်အသက် ၂၅ နှစ်မှာ ကျောင်းပြီး၍ အင်္ဂလိပ်နီယာဘွဲ့ ရပါသည်။ နှစ်နှစ်နီးပါး အလုပ်မရသေးခင်မှာ ပုတီးကုန်းမြို့နှင့် သုံးမိုင်ဝေးသော ရွာမှ တွဲဖက်အလယ်တန်းကျောင်း၌ ကျောင်းဆရာ ဝင်လုပ်ခဲ့ပါသည်။ ထိုကာလ၌ ကျွန်တော် လုံးချင်းဝတ္ထုလည်း မရေးဖြစ်သေးသဖြင့် အချိန်တွေပိုနေခဲ့ပါသည်။ ကျောင်းသားဘဝက လုံးချင်းဝတ္ထု လေးအုပ်ရေးပြီး ဆက်မရေးဖြစ်တော့ပါ။ ထုတ်ဝေရန်လည်း အိပ်မက်ပင် မမက်ခဲ့ပါ။ ကဗျာလေးတွေ မဂ္ဂဇင်းကွေ့မှာရေးရင်း၊ စာဖတ်ရင်း အချိန်ကုန်လွန်ခဲ့ပါသည်။ သည်ကာလမှာ စာအုပ်တော်တော်များများ ကျွန်တော် ဖတ်ဖြစ်သွားပါသည်။ ဖတ်ပြီးသား စာအုပ်တွေရော၊ မဖတ်ရသေးသော စာအုပ်တွေပါ အလုပ်တစ်ခုလို ဖောက်ချပြီး ဖတ်ဖြစ်ပါသည်။ ကျွန်တော့်အတွက် ကံကောင်းသည်မှာ ကျွန်တော့်အိမ်၌ ကျွန်တော်ငယ်စဉ်ကတည်းက စာအုပ်ဗီရို တစ်လုံး ရှိပါသည်။ ရှေးဟောင်းမဂ္ဂဇင်း၊ ဝတ္ထု၊ စာအုပ်အတော်စုံအောင် ဗီရိုအပြည့် ရှိပါသည်။ ပျံလွန်တော်မူသွားသော ကျွန်တော်တို့ ကိုးကွယ်သည့် ဦးပဥ္ဇင်း၏ စာအုပ်ဗီရို ဖြစ်ပါသည်။

ထိုဦးပဥ္ဇင်းသည် ဓမ္မာစရိယအောင်ပြီး ငယ်စဉ်က ဟိုက်

www.burmeseclassic.com

www.burmeseclassic.com


စကူးဖိုင်နယ်အောင်ကာ မက်ထရစ်ဖြေစဉ် ပျံလွန်တော်မူခဲ့ပါသည်။ ဦးပဥ္စင်းလေးက မဂ္ဂဇင်း၊ သတင်းစာတို့မှာ ကဗျာများလည်း ရေးသားပြီး စာအလွန်ဖတ်သူမို့ ကျွန်တော်တို့အိမ်မှာထားပြီး ကျွန်တော် အမွေရလိုက်ပါသည်။ ထို့ကြောင့်ပင် ငါးတန်း၊ ခြောက်တန်းလောက်ကစပြီး ကျွန်တော် စာဖတ်ဖြစ်သွားပါတော့သည်။

ထိုနှစ်နွေက တွဲဖက်အလကလည်း ပိတ်လိုက်ပြီမို့ စာကိုဇောက်ချဖတ်ရန်မှတစ်ပါး အခြားအလုပ်မရှိတော့ပါ။ စာအုပ်တွေဖတ်ရင်း ဖတ်ရင်းနှင့် ကျောင်းသားဘဝက ဖတ်ပြီးသားစာအုပ်တစ်အုပ်ကို ကျွန်တော် ထပ်ပြီးဖတ်ဖြစ်သွားပါသည်။ သည်တစ်ခါတော့ ဖတ်လိုက်၊ တွေးလိုက်၊ စဉ်းစားလိုက်နှင့် အချိန်အတော်ကြာမှ စာအုပ်ဖတ်ပြီးသွားပါသည်။ စာအုပ်ကိုဖတ်ပြီးသွားသည့်အခါ ကျွန်တော့်ဘဝမှာ တစ်ခါမှ မတွေ့ဖူး၊ မမြင်ဖူးသည့် အလင်းတန်းတစ်ခုကို တွေ့လိုက်၊ မြင်လိုက်ရသူပမာ အံ့ဩဝမ်းသာဖြစ်ရပါတော့သည်။ ထိုစာအုပ်က ကျွန်တော် လျှောက်ရမည့်လမ်းကြောင်းကို ကောင်းကောင်းကြီး မီးမောင်းထိုးပြ လိုက်သလိုပင်။

**ဘဝအဓိပ္ပာယ်ဆိုတာ ဘာလဲ။**

**ဘဝမှာ အဓိပ္ပာယ်ရှိအောင် ဘာကိုလုပ်ရမှာလဲ၊** ကျွန်တော် ထင်ထင်ရှားရှား၊ ပြတ်ပြတ်သားသားပင် သိမြင်သွားခဲ့ပါသည်။ ခံစား နားလည်သွားခဲ့ပါသည်။ သံသယကင်းသော ယုံကြည်စိတ်ဖြင့် ကြည်နူးကျေနပ်သွားပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ဒုတိယအကြိမ်မြောက် ထပ်၍ဖတ်ဖြစ်ခဲ့သော စာအုပ်မှာ ဆရာနန္ဒာသိန်းဇံ၏ **'ဘဝအစီပွာယ်နှင့် ဘဝသစ္စာ'** စာအုပ် ဖြစ်ပါ၏။

နောက်တစ်နေ့ကစပြီး ဘာသာရေးနှင့်ဆိုင်သည့် စာအုပ်များကို ရွေးပြီး ဆက်တိုက်ဖတ်ရန် စီစဉ်ခဲ့ပါသည်။ ငါးရာငါးဆယ်မှ အစ ဆရာတော် အရှင်ဇနကာဘိဝံသ၏ စာအုပ်များ စသဖြင့် လက်လှမ်း မီရာများကို လိုက်လံရှာဖွေစုဆောင်း ဖတ်ဖြစ် သွားပါသည်။

**ဗုဒ္ဓမြတ်စွာ၏ ကာလာမသုတ်ပါ 'ကိုယ်တိုင်လုပ် ကြည့်ပြီးမှ ယုံ' ဆိုသည့် တရားမြွားက နှလုံးသားမှာ စူးစိုက်၏။**

ပရိတ်တရားတော်တွေ၊ ပဋ္ဌာန်းတွေ ရွတ်ဖတ်ကြည့် သည်။ တရားထိုင်နည်းစာအုပ်တွေ လက်လှမ်းမီရာဖတ်ပြီး တရားထိုင်ကြည့်သည်။ သည်ကာလမှာ ယခုကဲ့သို့ တရားစခန်း များ များများစားစား မဖွင့်နိုင်ကြသေး။ ခပ်လှမ်းလှမ်း ခပ်ဝေးဝေး မြို့ကြီးတွေမှာသာ တရားရိပ်သာတို့ ရှိခဲ့သည်။

ထိုကဲ့သို့ မိမိဘာသာလုပ်ရင်း တရားထိုင်သည့်ကိစ္စ ကမ္မဋ္ဌာနာစရိယ တရားပြဆရာလိုအပ်ကြောင်း နားလည် သဘောပေါက်လာသည်။

ထို့ကြောင့် ပရိတ်တရားတော်များ၊ ပဋ္ဌာန်းတရားများကို ရွတ်ဖတ်ပူဇော်မှုပြုခြင်းသာ ဆက်၍လုပ်ဖြစ်ခဲ့သည်။

'ပစ္စယနိဒ္ဒေသ'ခေါ် ပဋ္ဌာန်းစာအုပ်ကလေးကို တစ်ခေါက်

www.burmeseclassic.com

www.burmeseclassic.com



ရွတ်လျှင် ပုံမှန်ရွတ်ပါက ၁၅ မိနစ်၊ မိနစ် ၂၀ ခန့်ကြာပြီး အမြန် ရွတ်ပါက ၁၀ မိနစ်ခန့် ကြာတတ်ပါသည်။

ထိုပဌာန်းစာအုပ်ငယ်ကလေးကို တစ်နေ့တစ်ခေါက် စွဲစွဲမြဲမြဲ ရွတ်နေမိပါသည်။

ထိုစဉ်က အသက် ၈၀ ကျော်ပြီဖြစ်သော ကျွန်တော့် အဘိုး အသည်းအသန်နေထိုင်မကောင်းဖြစ်ပြီး အိပ်ရာထဲ လဲပါ တော့သည်။ ည အဘိုးအိပ်သည့်ခုတင်မှာ ကျွန်တော် ပဌာန်း ရွတ်သောဘုရားခန်းနှင့် ဘေးချင်းယှဉ်လျက်ရှိ၏။ အဘိုး၏ ကျန်းမာရေးမှာ တစ်နေ့တခြား ဆိုးလာပြီး မေ့မြောသွားပါ တော့သည်။ အသက်အရွယ်လည်းကြီးပြီး ဆရာဝန်နှင့်လည်း အကုသခံနေသူမဟုတ်သောကြောင့် သတိပြန် လည်လာတော့ မည်ဟု ဘယ်သူကမျှ မထင်ပါ။ အသက်တစ်ခါတည်း ပါသွား တော့မည်ပဲ အားလုံးက တွက်ထားကြပါသည်။ သည်အချိန်မှာ ကျွန်တော်ဆုံးဖြတ်ချက်တစ်ခုကို ချမိပြီးသားဖြစ်နေပါသည်။

အဘိုးအတွက် ပဌာန်းကို အဓိဋ္ဌာန်နှင့် ကျွန်တော် ရွတ်ဖတ် ပူဇော်ပေးရန်ပင်။

'ပစ္စယနိဒ္ဒေသ' ပဌာန်းကို တစ်နေ့လျှင် ၂၄ ခေါက်၊ ၂၄ ရက် ရွတ်ဖတ်ပူဇော်ရန် ကျွန်တော် အဓိဋ္ဌာန်ဝင်လိုက်ပါသည်။

ပုံမှန်ရွတ်ဖတ်၍ တစ်ခေါက် မိနစ် ၂၀ ကြာပါက ၂၄ ခေါက်ဆိုလျှင် ခြောက်နာရီကြာမည်။ အမြန်ရွတ်ဖတ်လို့ တစ်ခေါက် ၁၀ မိနစ်ကြာပါက ၂၄ ခေါက်ဆိုလျှင် လေးနာရီ ကြာမည်။

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုဖြစ်ဖြစ် တစ်နေ့လျှင် ၂၄ ခေါက်၊ ၂၄ ရက် ရွတ်ဖတ်ပူဇော်ရန် အဓိဋ္ဌာန်ဝင်လိုက်ပါသည်။ အကယ်၍ ကျွန်တော့်မှာ အလုပ်အကိုင်နှင့် တာဝန်၊ ဝတ္တရားနှင့် ရှိသင့်သည့် ကာလဆိုလျှင် တစ်နေ့ လေးနာရီ၊ ခြောက်နာရီ ကျွန်တော် အချိန်ပေးနိုင်မည်မဟုတ်။ ယခုကဲ့သို့ အလုပ်အကိုင်မရှိသည့် ကာလမို့သာ သည်လို အဓိဋ္ဌာန်ဝင်နိုင်တာပဲ၊ အဘိုး၏ကျေးဇူးကို နောက်ဆုံးဆပ်ခွင့်ရနိုင်တာပဲဟု တွေးရင်း အဓိဋ္ဌာန် စပြီး ဝင်ဖြစ်ပါတော့သည်။

အံ့သြစရာကောင်းသည်မှာ ဘာကုသမှုခံယူခြင်းမရှိဘဲ မေ့မြောနေသော ကျွန်တော့်အဘိုးသည် အဓိဋ္ဌာန်ဝင်ပြီး ငါးရက်မြောက်နေ့မှာတော့ ပြန်ပြီးသတိလည်လာတော့သည်။ အဘိုး သတိပြန်ရလာပြီဆိုတော့ ကျွန်တော်တို့မှာ အံ့သြဝမ်းသာလို့မဆုံး။

ကျွန်တော်ကတော့ ပဌာန်းတရားတော်၏ တန်ခိုးအာနိသင်ကြောင့်ပဲဟု ယုံကြည်ကာ ကျွန်တော့်အဓိဋ္ဌာန်ကို ပိုပြီး စိတ်အားထက်သန်နေတော့သည်။

သည်လိုနှင့် စကားပြောနိုင်အောင် အခြေအနေကောင်းလာသည့်နေ့မှာ အဘိုးက ကျွန်တော့်အား ပြောလိုက်သည့် စကားကို ကြားရသည့်အခါမှာတော့ ကျွန်တော်ရော ဘေးမှာ ရှိသည့် လူတွေပါ တအံ့တသြ ဖြစ်ခဲ့ကြရသည်။

**"ငါ သတိမေ့သွားတော့ မင်းပဌာန်းရွတ်သံကို ကြားနေရတယ်။ အဲဒီပဌာန်းတရားတော်ကို နာနေရင်းနဲ့ငါ နတ်ပြည်ကိုရောက် သွားတယ်ထင်တယ်။ နတ်ဘုံဗိမာန်တွေ**

www.burmeseclassic.com

www.burmeseclassic.com



ငါတွေ့ခဲ့ရတယ်။ ဒီအနီးအနား နယ်ပယ်တစ်ဝိုက်က ဘယ်သူများ ဒီမှာရှိသလဲမေးတော့ သိုက်တောရွာက ဘုရားဒကာကြီးတစ်ယောက်ရှိတယ်ဆိုပြီး လိုက်ပြတယ်ကွ၊ နတ်ဘုံနတ်နန်းကြီးနဲ့ပဲ''

''သိုက်တောက ဘုရားဒကာကြီးဆုံးတာ သုံးနှစ်လောက်ရှိပြီ''

''အေး . . .ငါတွေ့ခဲ့ရတယ်၊ ပြီးတော့ ကုသိုလ်ကောင်းမှုတွေလုပ်ဖို့ ပြန်ဦးဆိုပြီး ပြန်လွှတ်လိုက်တာ။ ငါပြောချင်တာက မင်း ပဌာန်းရွတ်ပေးတာကို နာရလို့ ငါ ပြန်ကောင်းလာတာပဲကွ။ မင်း ဆိုးခဲ့တာ အပြစ်လုပ်ခဲ့တာအားလုံး ဒီတစ်ညတည်းနဲ့ ကျေပါတယ်ကွာ''

''ကျွန်တော် တစ်နေ့ ၂၄ ခေါက်၊ ၂၄ ရက် အဓိဋ္ဌာန်ဝင်ပြီး ရွတ်နေတာပါ''

''အေး . . .ကောင်းတယ်''

''ဒါဆို ငါလည်း ဒီနေ့ကစပြီး ရွတ်မယ်၊ ငါ့ကိုစာအုပ်ပေးစမ်းပါဦး''

ကျွန်တော့်မွေးစားအမေ အဒေါ်အပျိုကြီးက ဝင်ပြောလိုက်၏။ ထိုနေ့မှစ၍ မသေမချင်း ကျွန်တော့်အမေသည်လည်း ထိုပဌာန်း၊ 'ပစ္စယနိဒ္ဒေသ'ကို ရွတ်ဖတ်ပူဇော်သွားခဲ့ပါသည်။

ကျွန်တော့်အဘိုးသည် ကျွန်တော့်အဓိဋ္ဌာန်ရက် ၂၄ ရက် မပြည့်ခင်မှာပင် ပြန်၍ ထုထုထောင်ထောင်ဖြစ်ကာ လူကောင်းပကတိ ပြန်၍ဖြစ်ခဲ့ပါသည်။ ထို့နောက် လေးငါးနှစ်ကြာမှ

www.burmeseclassic.com

www.burmeseclassic.com



အသက် ၈၅ မှာ ကျွန်တော့်အဘိုး ဆုံးသွားခဲ့ပါ၏။

ကျွန်တော် အလုပ်မရခင်ကာလမှာ ထိုကဲ့သို့ ၂၄ ခေါက်၊ ၂၄ ရက်သုံးကြိမ် အဝိဋ္ဌာန်ဝင်ဖြစ်ခဲ့ပါသည်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com



( ၃ )

အလုပ်ထဲရောက်တော့ ပဋ္ဌာန်းကို တစ်နေ့တစ်ခေါက် မရွတ်ရ မနေနိုင်အောင် ကျွန်တော်စွဲနေပါပြီ။ ကျွန်တော်နှင့် အလွန်ရင်းနှီးသော ကျွန်တော့်သူငယ်ချင်းများ၊ အလုပ်ထဲက ကျွန်တော့်တပည့်များကို ပဋ္ဌာန်း 'ပစ္စယနိဒ္ဒေသ'ကို ရွတ်ဖတ် ပူဇော်ရန် ကျွန်တော်က ခဏခဏ တဖွဖွ တိုက်တွန်းတတ် ပါသည်။ ကျွန်တော့်ကို အားနာ၍သော်လည်းကောင်း၊ ချစ်ခင် ရင်းနှီး၍သော်လည်းကောင်း ရွတ်ဖတ်ကြသူများရှိသလို တကယ် စိတ်ပါလက်ပါ ရွတ်ဖတ်ချင်လို့ ရွတ်ဖတ်ကြသူများလည်း ရှိလာပါသည်။

ဘယ်လိုဖြစ်ဖြစ် ကျွန်တော်နှင့် လက်ပွန်းတတီးနေကြသူ များ၏ ၇၀ ရာခိုင်နှုန်းလောက်တော့ စွဲစွဲမြဲမြဲ ရွတ်ဖတ်ပူဇော်သွား တာ တွေ့ရတော့ ကြည်နူးကျေနပ်ရပြန်သည်။

လွန်ခဲ့သော ၁၀ နှစ်၊ ၁၅ နှစ်က ကွဲကွာသွားသော သူငယ်ချင်းနှင့် ဆုံပြီးတော့ ပဋ္ဌာန်းရွတ်နေတုန်းပဲဟု ပြောပါသည်။ စက်ရုံမှာ ကျွန်တော်လုပ်စဉ်က ကျွန်တော့်စာရေးနှစ်ဦးဖြစ်ခဲ့ ကြသော ဆန်နီနှင့် ခင်ညိုနှစ်ယောက်လုံးကို ပြန်တွေ့ရတော့ သည်။ –

"ကျွန်တော်တို့က အလွတ်ရနေပြီး တစ်နေ့တစ်ခေါက်မှ

www.burmeseclassic.com

www.burmeseclassic.com



မရွတ်ရရင် မနေနိုင်တော့ဘူး ဆရာ''

ဟု အားရဝမ်းသာ ပြောခဲ့ပြန်ပါသည်။

မှတ်မှတ်ရရတစ်ခု ရှိနေသည်မှာလည်း လှည်းတန်းက ပြုံးပန်းတစ်ရာလက်ဖက်ရည်ဆိုင်ထိုင်စဉ်က ကျွန်တော်တို့ဝိုင်းမှာ ဝမ်းတွင်းသား မောင်သောင်းလှိုင်လည်း ရောက်ရောက်လာတတ်ပါသည်။ သဘော်တက်မည်ဟုပြောပြီး သူ နိုင်ငံခြားထွက်သွားခဲ့ နှစ်လလောက်အကြာမှာ ကျွန်တော့်ဆီကို သူ ဖုန်းဆက်ပါသည်။

''ဆရာရေ ...ကျွန်တော် ဒီမှာသင်္ဘောတင်နေတာ နှစ်လပြည့်တော့မယ်၊ ဘာဆက်လုပ်ရမှန်းမသိလို့ အရမ်း စိတ်ဓာတ်ကျနေတုန်းမှာ ဆရာပြောတာ သွားသတိရလိုက် တယ် ဆရာ၊ 'ပဋ္ဌာန်း ပစ္စယနိဒ္ဒေသ'ကို တစ်နေ့ ၂၄ ခေါက်၊ ၂၄ ရက် အဓိဋ္ဌာန်ရွတ်ဖို့ပါပဲ၊ ဒါနဲ့ပဲ ကျွန်တော် အဓိဋ္ဌာန်ဝင်လိုက်တယ် ဆရာ၊ အခု အဓိဋ္ဌာန်ပြီးတဲ့ သုံးရက်အတွင်းမှာ ကျွန်တော် သင်္ဘောတက်ရပြီဆရာ မနက်ဖြန် ကျွန်တော် ထွက်မယ်၊ ဆရာ့ကို အဲဒီအကြောင်း ပြောချင်လို့ လှမ်းဆက်လိုက်တာပါ''

ကျွန်တော်တို့က ဝမ်းတွင်းဟုခေါ်သော ဝမ်းတွင်းသား မောင်သောင်းလှိုင်လည်း ယခုထိ ပဋ္ဌာန်းကို မရွတ်ရမနေ နိုင်အောင် စွဲလမ်းနေပါတော့သည်။

တစ်နေ့ညနေ ...

ကျွန်တော်ထိုင်ရာ လက်ဖက်ရည်ဆိုင်သို့ မတွေ့ရတာ ကြာပြီ ဖြစ်တဲ့ တပည့်မလေးတစ်ယောက် ရောက်လာသည်

www.burmeseclassic.com

www.burmeseclassic.com



သူမမျက်နှာမှာ သောကရိပ်တို့ဖြင့် ညှို့ဆိုင်းနေပုံရ၏။ နှမ်းလျ ကြေကွဲရိပ်ဖြင့် ပင်ပန်းနေဟန်။ တက်ကြွဖျတ်လတ်သည့် သူမ၏ ဟန်ပန်မှာ ဘယ်မှာမှ ရှာလို့မတွေ့။ ပြီးတော့ သူမ၏အပူဒုက္ခ တို့ကို ရင်ဖွင့်သည်။ အခုချိန်မှာ လူတိုင်းလိုလို ရင်ဆိုင်ကြုံတွေ့နေ ရသော လူမှုရေး၊ စီးပွားရေး အကျပ်အတည်း။ မထူးဆန်းလှပါ ဘဲနှင့် သူမမှာ သူများတွေထက် ပို၍လောင်မြိုက်နေဟန်။

"အခု ဗေဒင်ဆရာနဲ့ တွေ့ပြီးပြန်လာခဲ့တာ ဆရာ၊ သူပြောထားတဲ့ ယတြာတွေလည်း လုပ်တာပဲ၊ ဘာမှမထူးလို့ ယတြာတွေ ထပ်ပြီးပေးလိုက်တယ်"

"နေပါဦး . . .ညည်း ပဋ္ဌာန်းရွတ်သေးလား"

"ဟာ . . .ဆရာပြောတဲ့နေ့ကတည်းကစပြီး တစ်နေ့ တစ်ကြိမ် ရွတ်တာ သုံးနှစ်ကျော်ပြီဆရာ၊ တစ်ရက်မှ မပျက် သေးပါဘူး"

"ဒါနဲ့များ ဒီလောက် လောင်မြိုက်နေရသေးလား"

"ဆရာ . . .ဘာပြောချင်တာလဲ"

"ဗေဒင်ဆရာတွေပေးတဲ့ ယတြာတွေလည်း အပန်း မကြီးရင် ချေပေါ့၊ ဒါပေမဲ့ ပဋ္ဌာန်းထက်ကောင်းတဲ့ ဂါထာ၊ ကောင်းတဲ့ယတြာတော့ ရှိမယ်လို့မထင်ဘူး။ ပဋ္ဌာန်း ရွတ်ရင် ဒုက္ခအန္တရာယ်ကင်းတယ်လို့ ယုံကြည်မှုရှိနေရမယ်၊ ဝဋ်ဒုက္ခ ဆိုရင်တော့ ဘယ်လိုမှ မပြေး မလွတ်နိုင်ဘူးပေါ့။ ဖြစ်လာသမျှ ဒုက္ခဟာ ပဋ္ဌာန်းရွတ်နေလို့ ဒီလောက်ပဲ ဖြစ်တာလို့ သဘော ထားလိုက်နိုင်ရင် သိပ်ပြီး မလောင်မြိုက်တော့ဘူးပေါ့။

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူးလား''

''ကျေးဇူးတင်လိုက်တာ ဆရာရယ်၊ ဟုတ်တယ် သမီး ပဋ္ဌာန်းနေ့တိုင်းရွတ်နေလို့ ဒီလောက်ထိခံနိုင်နေတာ၊ ၂၄ ခေါက် ၂၄ ရက် အဓိဋ္ဌာန်ပြီး သမီးရွတ်ကြည့်ဦးမယ်''

''ကောင်းတာပေါ့''

''ပြီးလို့ အဓိဋ္ဌာန်အောင်သွားရင် ဒီအကျပ်အတည်းက လွတ်မြောက်ပါစေ သစ္စာဆိုမယ်၊ ကျေးဇူးပဲဆရာ၊ သမီးရင်ထဲမှာ အပူလျော့သွားသလိုပဲ၊ အလင်းရောင်တစ်ခုကို မြင်လိုက်ရသလိုပဲ၊ ပြန်တော့မယ် ဆရာ''

နှုတ်ဆက်ပြီးပြန်သွားသော ကျွန်တော့်တပည့်မလေးကို အခုထိ ပြန်မတွေ့ရသေး။ ဘာ အဆက်အသွယ်မှမရသေး။ သူမ၏ ဒုက္ခမီးများ ပဋ္ဌာန်းတရားတော်၏တန်ခိုးဖြင့် ငြိမ်းအေးသွားပါစေဟုသာ ဆုတောင်းပေးမိပြန်သည်။

မိမိကိုယ်မိမိ ယုံကြည်မှုအပြည့်အဝရှိနေခြင်း၊ မိမိလုပ်သည့် ကောင်းသောအရာမှန်သမျှ အောင်မြင်ရမည်ဟု ယုံကြည်နေခြင်း၊ ဖြစ်လာသည့် ဒုက္ခအပူမှန်သမျှသည် ပဋ္ဌာန်းရွတ်နေသဖြင့်သာ ဒီလောက်ကလေးဖြစ်ပြီး၊ ပဋ္ဌာန်းသာ မရွတ်ပါက ဒီထက်ကြီးကျယ်နိုင်တာပဲ တွေးကာ လောင်မြိုက်မှု လျော့နည်းခြင်း စသည်တို့ကို ကျွန်တော် မှတ်မှတ်ထင်ထင် ရှိလာခဲ့ရပါသည်။ ဘာပဲဖြစ်ဖြစ် ပဋ္ဌာန်းဒေသနာတော် ရွတ်ဖတ်ရခြင်းကို အားကိုးယုံကြည်စိတ်ကြောင့် လောလောဆယ်ပင် ကျွန်တော့်တပည့်မလေး၏

www.burmeseclassic.com

www.burmeseclassic.com



အပူသောက အလောင်အမြိုက် လျှော့ပါးသွားပြီဆိုတာ ကျွန်တော် နားလည်လိုက်၏။

ကျွန်တော့်ကိုယ်တွေ့အဖြစ်အပျက်ကလေးတွေကို နောက်တစ်ခေါက်တွေ့မှ ပြောပြရဦးမည်ဟု တွေးလိုက်သည်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com



( ၄ )

၁၉၈၉ ခေါင်းကာလ . . .။

အစိုးရအလုပ်မှ ကျွန်တော်ထွက်ပြီး လုံးချင်းဝတ္ထုများကို ခပ်စိပ်စိပ်ရေးနေချိန်။

'ပန်းရိပ်မှာ လွမ်းလိပ်ပြာဝဲ' လုံးချင်းဝတ္ထုကို (မေမြို့) ပြင်ဦးလွင် နန်းမြိုင်ဟိုတယ်မှာရေးပြီး ပြန်ဆင်းလာခဲ့သည်။

မန္တလေးမှာ ကျွန်တော့်သားအကြီး ကိုမင်းနှင့်ဆုံပြီး ရန်ကုန် ပြန်ရန် စီစဉ်ခဲ့၏။ ရထားလက်မှတ်ကို အိပ်ခန်းမှ နှစ်စောင်ကြိုတင် ယူထားခဲ့ပါသည်။

"ဆောရီးပဲ ဆရာရေ ... အရေးကြီးတဲ့ခရီးနဲ့ကြုံလို့ အိပ်ခန်းတွဲ လေးယောက်စာ တစ်တွဲလုံးပေးလိုက်ရတယ်။ ဆရာတို့ကို နောက်က တစ်တွဲကျော် အထက်တန်းရိုးရိုးမှာပဲ ပြောင်းပေးထားလိုက်ရတယ်"

ရထားလက်မှတ်သွားလဲစဉ်မှာ ရင်းနှီးနေသော မီးရထား ဝန်ထမ်းက ကျွန်တော့်ကို တောင်းပန်စကားဆို၏။

"ဘယ်တတ်နိုင်မှာလဲဗျာ"

ဟု ကျွန်တော်က ဆိုလိုက်ရပေမယ့် ကျွန်တော့်သား တော့ သိပ်ကျေနပ်ချင်ပုံမရပါ။

www.burmeseclassic.com

www.burmeseclassic.com



"အိပ်ခန်းက တစ်တွဲပဲပါတာလား"

"ဟုတ်တယ် ညီလေးရဲ့ . . . တစ်တွဲပဲပါတာ"

ကျွန်တော့်သားကို သွားရအောင်ဟုပြောရင်း ရထားတွဲရှာပြီး ကျွန်တော်တို့ တက်လိုက်သည်။ ရထားက ညနေမှာ မန္တလေးမှ စထွက်သည်။

အထက်တန်းတွဲဆိုဖာတွေက နောက်လှန်ချလို့ရသဖြင့် ကျွန်တော်တို့ ကောင်းကောင်းအိပ်ပျော်လာခဲ့ကြ၏။

'ဒုန်း ဒုန်း . . . ဒုန်း ဒုန်း'

ဆိုသည့်အသံ၊ ရထားနှင့်သံလမ်း ပွတ်ကြိတ်မြည်သံ ဆူဆူညံညံကြီး ကြားပြီး ရထားတစ်တွဲလုံး လှုပ်ခါတိမ်းစောင်းသွားတာ သတိထားဖြစ်သည်။ အော်ဟစ်ငိုယို ဆူညံပွက်လောထရင်း ခုံပေါ်မှ ပြုတ်ကျသူ၊ နဖူးနှင့်ခုံထိရိုက်ပြီး ကွဲပြဲသွားသူ၊ အရှိန်ဖြင့်လွင့်စဉ်ကျပြီး ဒဏ်ရာရသူ စသဖြင့် တစ်တွဲလုံး ယောက်ယက်ခတ်သွားတော့သည်။ မှောင်ကြီးမည်းမည်း ရထားတွဲထဲမှခုံကို တင်းကျပ်စွာဆုပ်ကိုင် ထားရင်း ရထားမှောက်တာပဲဟု သတိထားဖြစ်ရသည်။

"ရထားခေါင်းနဲ့ ခေါင်းနောက်ကတွဲတော့ ပိုးလိုးပက်လက် လန်သွားတာပဲ၊ တော်သေးတာပေါ့ . . . ဒီတွဲက ဘီးချော်ပြီး စောင်းရုံပဲ စောင်းသွားတယ်"

အပြင်ထွက်စုံစမ်းကြည့်သူတစ်ဦး၏ပြောသံကို ကြားလိုက်ရ၏။

"ရထားခေါင်းနောက်ကတွဲ မှောက်သွားတယ်တဲ့"

www.burmeseclassic.com

www.burmeseclassic.com



"အေး . . . အဲဒါ အိပ်ခန်းတွဲပဲကွ"

"ဟာ . . . ကျွန်တော်တို့ ကံအရမ်းကောင်းတာပေါ့"

"အေးကွာ . . . ငါတို့နေရာယူတဲ့ခရီးသည်တွေ ဘာမှမဖြစ်ပါစေနဲ့ကွာ"

ကျွန်တော်ပြောနေစဉ် ကျွန်တော့်သားက ပြတင်းမှ ခေါင်းပြူရင်း ကြည့်၏။

"မှောက်တာမှ ပက်လက်ကြီးကို လန်နေတာပဲ"

ကျွန်တော့်ကိုပြောတော့ သက်ပြင်းချမိသည်။ အိပ်မော ကျပြီး အိပ်ပျော်နေချိန်ဆိုတော့ ဒဏ်ရာအနာတရ ရနိုင်သည်ပဲ တွေးသည်။

"ပက်လက်ကြီး လန်နေတဲ့တွဲထဲက ထွက်ဖို့တောင် လွယ်ပုံ့မလားမသိဘူး၊ တံခါးတွေကလည်း ချက်ချပြီးအိပ်နေကြမှာ"

ကျွန်တော့်သားက တွေးတွေးဆဆပြော၏။ လက်မှနာရီကို မီးခြစ်မီးရောင်ဖြင့် ကြည့်လိုက်တော့မှ မနက်စောစော နှစ်နာရီကျော်စ အလွန်အိပ်လို့ကောင်းသည့်အချိန်။ စောစောက အကြောက်လွန်ပြီး အအေးဒဏ်ကို သတိမထားဖြစ်သော်လည်း အိတ်တစ်လုံးစီဆွဲ၍ ရထားတွဲဘေးမှဆင်းကာ ကားလမ်းဆီ လျှောက်စဉ်မှာတော့ ခိုက်ခိုက်တုန်အောင် ချမ်းနေလေပြီ။

ကားလမ်းပေါ်မှာ လူတွေ စုစု စုစုနှင့် ရပ်နေကြ၏။ အလင်းရောင် မှုန်မှုန်ဝါးဝါးက တစ်ဦးမျက်နှာ တစ်ဦးမြင်ရုံသာ။ ဘယ်နေရာ ဘယ်မြို့ရောက်နေတယ်ဆိုတာ အတိအကျမသိ။

www.burmeseclassic.com

www.burmeseclassic.com



အချိန်ကိုမှန်းပြီး ဘယ်နေရာလောက်၊ ဘယ်မြို့နှင့် ဘယ်မြို့ကြား လောက်ဟု ပြောနေတာတွေ ကြားရ၏။

"ဆရာမောင်စိန်ဝင်း မဟုတ်လား"

ကျွန်တော်နှင့်ကျွန်တော့်သားရပ်နေရာသို့ လူရွယ်လေးဦး ရောက်လာရပ်ရင်း ကျွန်တော့်ကို နှုတ်ဆက်သည်။

"ဟုတ်ပါတယ်ဗျာ"

"ဆရာ...ကျွန်တော်တို့ကားနဲ့လိုက်ခဲ့ပါ။ ရန်ကုန်ရောက် ဖို့လိုသေးတယ်"

"ခင်ဗျာ"

ကျွန်တော်က နားမလည်နိုင်သလို သူ့မျက်နှာကို ကြည့်မိသည်။ ဘာကားကိုမှလည်း အနီးအနားမှာ မတွေ့မိ မြင်မိ။

"ကျွန်တော်တို့ ကားလမ်းမှာထားတယ်။ ခဏကြာရင် ရောက်လာလိမ့်မယ်။ ဆရာတို့လက်မှတ်နေရာကို ကျွန်တော်တို့ ယူခဲ့ရလို့ အရမ်းအားနာနေတာ၊ အခုတော့ ဆရာ့ကို ပြန် ကူညီခွင့်ရသွားပြီ"

ကျွန်တော်တို့ နေရာဖယ်ပေးခဲ့သော အိပ်ခန်းတွဲမှ ပုဂ္ဂိုလ် များဟု ချက်ချင်းနားလည်လိုက်ပါသည်။ သူနှင့်တကွ ပါလာသူ များနှင့်ပါ မိတ်ဆက်ပေးလိုက်၏။

"ဆရာတို့ ဘာဖြစ်သွားကြသေးလဲ၊ တွဲကတော့ ပက် ဘက်ကို မှောက်သွားတာပဲနော်"

ဟု ကျွန်တော်စူးစမ်းမိသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . . ဆရာတို့ သာမန်အရပ်သားဆိုရင် ရထားတွဲထဲက ဘယ်လိုထွက်ရမယ်ဆိုတာတောင် သိမှာမဟုတ်ဘူးထင်တယ်၊ ကြောက်ပြီး ကြောင်နေမှာပေါ့၊ ချက်ထိုးထားတဲ့ တံခါးတွေကလည်း ဖွင့်လို့မရတော့ဘူး၊ ပိတ်လှောင်မွန်းကျပ်ပြီး လူကလည်း ကိုင်ဆောင့်ခံ ထားရသလိုဖြစ်နေတာ၊ အိပ်စင်လှေကားတွေကို ချိုးဖြုတ်ပြီး မှန်တွေကို ရိုက်ခွဲပြီးမှ ထွက်လာနိုင်ခဲ့တာ ဆရာရေ"

"ဘယ်အချိန်မှ ဘယ်သူက အပြင်ကလာပြီး တံခါးဖွင့်ပေးမလဲ မသိဘူး။ ကျွန်တော်တို့ဆို မွန်းပြီးဒုက္ခရောက်မှာ အသေအချာပဲ"

"ဟုတ်တယ်နော် . . . ကံကောင်းလို့ပေါ့"

ကျွန်တော့်စကားကို ကျွန်တော့်သားက ဝင်ထောက်ခံလိုက်၏။

ထိုစဉ် တူရှုမှ ကားတစ်စီး မီးထိုးပြီးမောင်းလာတာ လှမ်းမြင်သည်။

"ကားလာပြီဆရာ၊ ကျွန်တော်တို့နောက်မှာပဲ စကားအတူတူ ပြောရင်း လိုက်ခဲ့တာပေါ့၊ ဆရာ့ရဲ့ 'ခပ်စိမ်းစိမ်းနေပါ့မယ်'ကို ကျွန်တော် ဖတ်ထားတာ မကြာသေးဘူး"

ဟိုင်းလပ်စ်ကားတစ်စီးနောက်ခန်းမှာ ကျွန်တော်တို့ တက်ထိုင်လိုက်ကြ၏။ အေးလွန်းသဖြင့် ဝတ်ထားသော ဂျာကင်အင်္ကျီဇစ်ကို ဆွဲစေ့လိုက်ရသည်။

"ခပ်စိမ်းစိမ်းဝတ္ထု စအဖွင့်မှာ တစ်တီဘူးတစ်ကောင်ဟာ

www.burmeseclassic.com

www.burmeseclassic.com



သစ်ပင်ပေါ်က မနက်လင်းအားကြီးမှာ အော်တယ်လို့ ဆရာ ရေးထားတယ်''

''ဟုတ်ကဲ့''

''အဲဒါမှားနေတယ် ဆရာ၊ တစ်တီတူးဟာ ဘယ်တော့မှ သစ်ပင်ပေါ်မှာ မအိပ်ပါဘူး။ မြေပေါ်မှာပဲ အိပ်တတ်တယ်၊ စစ်ဆင်ရေးတွေမှာ ကျွန်တော်တို့က တွေ့နေကျမို့ပါ''

''ကျေးဇူးပါပဲဗျာ၊ နောက်တစ်ကြိမ်ထုတ်ခွင့်ရရင် ကျွန်တော် ပြန်ပြင်လိုက်ပါ့မယ်''

ဒုတိယအကြိမ်၊ တတိယအကြိမ် ထိုစာအုပ်ကို ပြန်ရိုက်သည့်အခါမှာ ကျွန်တော် ပြန်ပြီးပြင်နိုင်ခဲ့ပါသည်။

ချမ်းချမ်းအေးအေးဖြင့် ကားကြုံစောင့်ရင်း မနက်ခင်းထိ စောင့်ရမယ့်ဒုက္ခမှ ကင်းလွတ်အောင် ကူညီခဲ့သူမှာ နိုင်ငံ၏တာဝန်ကို ကြီးကြီးမားမားယူထားသူဟု နောင် ခင်မှ သိခွင့်ရခဲ့ပါသည်။

''အဲဒီနေ့က မန္တလေးမှာ ပဌာန်းမရွတ်ခဲ့ရဘူးထင်တယ်၊ အဲဒါကြောင့် . . .''

''ဘယ်ဟုတ်မလဲကွ၊ မင်းအပြင်ထွက်နေတုန်း အခန်းထဲမှာ ငါရွတ်တယ် . . .အဲဒါကြောင့် အဲဒါကြောင့်''

ကျွန်တော့်သား စကားမဆုံးခင်မှာ ကျွန်တော်က ဖြတ်ပြီး ပြောလိုက်၏။

သည့်နောက်ပိုင်းမှာတော့ ပိုပြီးယုံကြည်စွဲမြဲစွာ ပဌာန်းကို ရွတ်ဖြစ်ခဲ့ပါသည်။ ပဌာန်းသာ မရွတ်ဖြစ်ခဲ့ ပါလျှင်၊ စွဲစွဲမြဲမြဲ ရွတ်မနေပါလျှင် ကျွန်တော်ရှိသည်

www.burmeseclassic.com

www.burmeseclassic.com



တစ်စုံတစ်ခုအတိုင်းအတာ အောင်မြင်မှုကလေးကိုပင်လျှင် ကျွန်တော် ရရှိနိုင်ပါ့မလားဟု တွေးတတ်လာတော့သည်။ သူများတကာထက် ပိုမိုချောမွေ့သော ခရီးလမ်းမှာ လျှောက်ရသလို ကျွန်တော့်ကိုယ်ကျွန်တော် ထင်လာသည်။ ဝိုင်းဝန်းကူညီပံ့ပိုးပေးမည့်သူများ အလိုလိုရှိလာတတ်သည်။

မြတ်စွာဘုရား၏ ရောင်ခြည်တော် ခြောက်ပါးကို ကွန့်မြူးစေသည့် ပဋ္ဌာန်းတရားတော်သည် ကျွန်တော်တို့လို သာမန်လူပုဂ္ဂိုလ်တို့၏ အောင်မြင်မှု၊ တောက်ပမှုများကိုမူ ဆိုဖွယ်ရာမရှိတော့ဟု ကျွန်တော့်နှလုံးသားက ယုံကြည်လာတော့သည်။

ပဋ္ဌာန်းတရားတော်သည် အဘယ်ကြောင့် တန်ခိုးကြီးသနည်းဟူသော အမေး၏အဖြေကို ဆရာတော်အရှင်ဇနကာဘိဝံသ၏ 'အခြေပြုပဋ္ဌာန်း' တရားတော်စာအုပ်မှ နိဒါန်းပါစာသားကို ကောက်နုတ်ဖော်ပြပါမည်။

ပဋ္ဌာန်းတရားတော်၏ တန်ခိုးကြီးကြောင်း၊ စိစစ်တင်ပြရာ၌ သိသာထင်ရှားစေရန်အတွက် –

(၁) သိမ်မွေ့မြင့်မြတ်၍ နက်နဲကြီးကျယ်သော တရားဖြစ်ခြင်း၊

(၂) တန်ခိုးကြီးသည့် နတ်ဗြဟ္မာများ ရှိသေမြတ်နိုးသည့် တရားဖြစ်ခြင်း၊

(၃) သာသနာတည်တံ့ရေးအတွက် ရှေ့တန်းခံတံတိုင်းကြီး ဖြစ်ခြင်း၊

www.burmeseclassic.com

www.burmeseclassic.com



ဟူသော အကြောင်းအချက်ကြီးသုံးချက်ကို အခြေခံ၍ ပိဋကပါဠိတော် အဋ္ဌကထာ ဋီကာတို့မှ ရှာဖွေတင်ပြပါအံ့ဟု ရေးသားထားသည်ကို ဖတ်ရပါသည်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com



( ၅ )

သီဟိုဠ်ကျွန်း၌နေသော 'မဟာဂတိဂမိယ ဘိဿဒတ္တ' မထေရ်ကြီးသည် မဟာဗောဓိပင်ကို ဖူးမြော်ကန်တော့လိုသောကြောင့် သီဟိုဠ်ကျွန်းမှ အိန္ဒိယပြည်သို့ သင်္ဘောစီးကာ ပင်လယ်ရေပြင်ကို ဖြတ်ကူးတော်မူခဲ့သည်။

ပင်လယ်ပြင်ကိုဖြတ်ကူးရင်း ကမ်းမမြင် လမ်းမမြင်ဖြစ်ကာ လှိုင်းကြီးလှိုင်းငယ်တို့ဖြင့် တဝုန်း ဝုန်း တမြုန်းမြုန်း ရိုက်ခတ်ပြီး ရေမှုန်ရေမွှားရေပန်း များ ထနေသည့် ပင်လယ်ကို မြင်တွေ့ရပေရာ . . .

"ဤပင်လယ်ပြင်ကြီးရှိ လှိုင်းတံပိုးများက ပင် ကြီးမား များပြား ကျယ်ပြန့်လေသလော"

"ပဋ္ဌာန်းတရားတော်ရှိ နည်းအမျိုးမျိုးက ပင် ကြီးမား များပြား ကျယ်ပြန့်လေသလော"

ဟူ၍ ကြံစည်စဉ်းစားလေသော် -

"ပင်လယ်ပြင်ကြီးသည်ကား အောက်ဖက်

www.burmeseclassic.com

www.burmeseclassic.com



၌ မြေထု၊ အထက်ဘက်၌ ကောင်းကင်ပြင်၊ ဘေး တစ်ဖက်၌ ကမ်းခြေ၊ တစ်ဖက်၌ စကြဝဠာတံတိုင်း များဖြင့် အပိုင်းအခြား ရှိသေး၏။ ပဋ္ဌာန်းကျမ်း ကြီးသည်သာ နည်းစုံပြွမ်း၍ ဆုံးခန်းမမြင် အလွန် ပင် ကျယ်လှပေတကား''

ဟူ၍ ဆုံးဖြတ်သိမြင်သောကြောင့် ပဋ္ဌာန်း တရားတော်၌ ကြည်ညိုခြင်းသဒ္ဓါတရား ဖြစ်ပေါ် လာသည်။

ယင်းသို့ သဒ္ဓါတရားဖြစ်ပွားသောအခါ ရွှင်လန်းခြင်း သောမနဿ၊ နှစ်သက်ခြင်း ပီတိ၊ ဝမ်းမြောက်ခြင်း ပါမောဇ္ဇတရားများ ဆင့်ကဲ ဆင့်ကဲ ဖြစ်ပေါ်လာပြီး ယင်းတရားများကို အခြေခံ ကာ ဝိပဿနာဉာဏ်ရှုမှတ်ပွားများ၍ တစ်ထိုင် တည်းမှာပင် ကိလေသာကုန်ခန်း ရဟန္တာဖြစ်သွား လေသည်။

ဤဖြစ်ရပ်၌ ရဟန္တာဖြစ်ရခြင်းအကျိုးမှာ တိုင်းတာ နှိုင်းဆ၍ မရနိုင်အောင် ကြီးမားလှသော အကျိုးတရားကြီး ဖြစ်ပေသည်။ ယင်းသို့ ကြီးမား လှသောအကျိုးတရားကို ရရှိသည်မှာ သိမ်မွေ့ နက်နဲ၍ မြင့်မြတ်ကြီးကျယ်လှသော ပဋ္ဌာန်းတရား တော်ကို ကြည်ညိုသည့် စေတနာသဒ္ဓါတရား

www.burmeseclassic.com

www.burmeseclassic.com



ကြောင့်သာ ဖြစ်ပေသည်။

ဆရာတော်ကြီး အရှင်ဇနကာဘိဝံသ၏ 'အခြေပြုပဋ္ဌာန်းတရားတော်' စာအုပ်နိဒါန်း၌ ဆရာကြီးဦးထွန်းလှိုင် (ဝိနယပါရဂူ) က အထက်ပါအတိုင်း ရေးသားထားခဲ့ပါသည်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com



( ၆ )

သည့်အကြောင်းအရာကိုပဲ အခြေပြုပဋ္ဌာန်းတရားတော် စာအုပ်ထဲမှာ ဆရာတော်ဘုရားကြီးက အောက်ပါအတိုင်း ဖော်ပြခဲ့ပါသည်။ စာဖတ်သူများ ပဋ္ဌာန်းတရားတော်ကို ပိုမို ကြည်ညိုနိုင်ရန် တင်ပြလိုက်ပါ၏။

ဗုဒ္ဓမြတ်စွာရဲ့တရားတော်နဲ့ (အဘိဓမ္မာ တရားတော် = ပဋ္ဌာန်းတရားတော်) ဆက်ပြီး စဉ်းစားတာကို။ အဲ . . .သမုဒ္ဒရာက မမြင်ရဘူး ဆိုပေမယ့် ကမ်းအဆုံး ရှိသေးတယ်။ အရှေ့မှာ အရှေ့ကမ်းအဆုံး ရှိတယ်။ ပတ်ပတ်လည်မှာလည်း သူ့ကမ်းအဆုံး ရှိတယ်။ မမြင်ရဘူးဆိုပေမယ့် အဆုံး ရှိသေးတယ်။ ကြည့်လိုက်ရင် အဆုံးတွေ့နိုင်သေး တယ်။ အောက်မှာလည်း ရေဟာ ဘယ်လောက် နက်နက် နက်ချင်သလောက် နက်ပေမယ့် မြေကြီး ဟာ သမုဒ္ဒရာဆုံးနေတာပဲ။ အထက်ကျတော့ လည်း ကောင်းကင်ပြင်နဲ့ သမုဒ္ဒရာကြီး အဆုံးမရှိ ဘူးဆိုပေမယ့် အဆုံးရှာလို့ ရသေးတယ်။

ဗုဒ္ဓမြတ်စွာရဲ့ အဘိဓမ္မာတရားတော်အရ ပဋ္ဌာန်းတရားတော်ကြီး စဉ်းစားလိုက်တာ တကယ်

www.burmeseclassic.com

www.burmeseclassic.com



ကို ဉာဏ်နဲ့လိုက်လေ တရားတော်ကြီးက ကျယ်လေ၊ ဉာဏ်နဲ့လိုက်လေ တရားတော်ကြီးက ကျယ်လေ။

"ရုပ်နဲ့နာမ်သာ ရှိတယ်၊ ပုဂ္ဂိုလ်-သတ္တဝါ၊ သူ ငါ မရှိပေမယ့် အကုန်လုံး အကြောင်းအကျိုး တွေနဲ့ ဖြစ်လို့ ပျက်လို့၊ ဖြစ်လို့ ပျက်လို့။ ပုဂ္ဂိုလ် သတ္တဝါ သူ ငါ ထင်ရ လောက်အောင် အကောင် အထည်ဖော်လို့ ဒီလိုဖြစ်နေပါလား။ အားလုံးဟာ ပုဂ္ဂိုလ်၊ သတ္တဝါ၊ သူ၊ ငါ မရှိဘဲ တရားသဘော တွေ ဖြစ်ပျက်နေပါလား' လို့ တွေးရင်း တွေး ရင်း . . .

"ဖြစ်လိုက် ပျက်လိုက် အနိစ္စ၊ အဖြစ်အပျက် ဒဏ်တွေ ခံနေရတဲ့ဒုက္ခ၊ ဒီထဲ အနှစ်သာရ အတ္တ အကောင်အထည် ဘာမှမရှိတဲ့ အနတ္တပါလား'လို့ တွေးရင်း တွေးရင်း သဘောပေါ်မှာ ပီတိတွေဖြစ် လို့ စိမ့်ပြီးတော့လာရာက အဲဒီ ပီတိကို အနိစ္စ၊ ဒုက္ခ၊ အနတ္တနဲ့ ရှုလိုက်တာ အဲဒီနေရာမှာပဲ ရဟန္တာဖြစ်သွားတယ်။

ပဋ္ဌာန်းတရားတော်ကြောင့် ရဟန္တာဖြစ်သွားနိုင် တယ်ဆိုတာ ထင်ရှားတဲ့သက်သေသာဓကတွေပါပဲ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com



( ၇ )

ကိုယ်နားမလည်တဲ့ ပါဠိတွေရွတ်နေလို့ အကျိုးထူးပါ့မလားဟု ကျွန်တော့်ကို ခဏခဏ အမေးခံရဖူးပါသည်။ စောစောက ကျွန်တော်တင်ပြခဲ့သည့် ဆရာတော်အရှင်ဇနကာဘိဝံသရဲ့ 'အခြေပြု ပဋ္ဌာန်းတရားတော်' ဆိုသည့်စာအုပ်မျိုး၊ အခြားအခြားသော ပဋ္ဌာန်းနှင့်ပတ်သက်၍ ဖွင့်ဆိုရေးသားထားသော စာအုပ်မျိုးတွေ လေ့လာဖတ်ရှုလိုက်လျှင် ရေရေရာရာ နားလည်သော်ငြား ကြည်ညိုသဒ္ဓါ စိတ်ကား ပွားများလာမည်အမှန်ပင်။

ပါရမီဉာဏ် ရင့်သန်သူများအတွက်မူ တရားထိုင်၊ တရား မှတ်ခြင်းကဲ့သို့ပင် ဝိပဿနာဉာဏ်ကို ပဋ္ဌာန်းတရားတော်ကြည်ညိုရင်း ကူးသွားနိုင်ကြောင်း သိမှတ်လာရသည့်အခါ ပဋ္ဌာန်းရွတ်ဖတ် ကြည်ညိုနေရခြင်းကို ပို၍ပို၍ အားထုတ်လာမိပါတော့သည်။

အာဠာဝက မေးလျှောက်သွားသော ပုစ္ဆာ(၁၃)ချက်ကို မြတ်စွာ ဘုရားက ဖြေဆိုရာ၌ -

**"ဤကမ္ဘာလောက၌ ယောကျ်ား၏ မြတ်သောဥစ္စာပစ္စည်းကား ယုံကြည်မှုသဒ္ဓါတရားဖြစ်သည်"** ဟုပါရှိပါသည်။

ထိုသဒ္ဓါတရားဖြင့် ကျွန်တော်တို့ပဋ္ဌာန်းတရားတော်ကို

www.burmeseclassic.com

www.burmeseclassic.com



ရွှတ်ဖတ်ကြပါသည်။

ကျွန်တော့်ကိုယ်တွေ့ ဖြစ်ရပ်တစ်ခုကို ဆက်ပြီးတင်ပြပါမည်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com



( ၈ )

အဋ္ဌဝကာဝတ္ထုနှင့် နန္ဒမာတာဝတ္ထုတို့ကို ထောက်ရှုပြီးလျှင် မရေမတွက်နိုင်အောင် များပြားလှစွာသော ပဋ္ဌာန်းပရိသတ် နတ်ပြဟ္မာများသည် မိမိတို့နှစ်သက်သော ပဋ္ဌာန်းတရားတော်ကို ရွတ်ဖတ်သရဇ္ဈာယ်သူတို့အား မကောင်းကျိုး ဘေးရန် အန္တရာယ် တို့မှ ကာဆီးပေးကြောင်း၊ ကောင်းကျိုးချမ်းသာရရှိနိုင်ရန် ကူညီ တတ်ကြောင်း သိခွင့်၊ ဖတ်ခွင့်ရခဲ့ပါသည်။

ဟေတုပစ္စယောမှ အဝိဂတပစ္စယော ပိုင်အောင် ပဋ္ဌာန်း ၂၄ ပစ္စည်းသည် ပဋ္ဌာန်း ၂၄ ကျမ်းမဟုတ်ပါ။ ထို ၂၄ ပစ္စည်းမှာ ပဋ္ဌာန်း ၂၄ ကျမ်း၌ ဟောပုံဟောနည်း၌ ပါဝင်သော ပစ္စည်းများသာ ဖြစ်ပါသည်။

မူရင်းဟောပုံဟောနည်း၌ ကျမ်း လေးကျမ်းရှိပါသည်။

(၁) ဓမ္မာနုလောမ ပဋ္ဌာန်း
(၂) ဓမ္မပစ္စနီယ ပဋ္ဌာန်း
(၃) ဓမ္မနုလောက မစ္စနီယ ပဋ္ဌာန်း
(၄) ဓမ္မပစ္စနီယာနုလောမ ပဋ္ဌာန်း ဟူ၍ ဖြစ်ပါသည်။

ယင်းကျမ်း လေးကျမ်း၌ တစ်ကျမ်းတိုင်းတွင် –

(၁) တိက ပဋ္ဌာန်း

www.burmeseclassic.com

www.burmeseclassic.com



(၂) ဒုက ပဋ္ဌာန်း
(၃) ဒုကတိက ပဋ္ဌာန်း
(၄) တိကဒုက ပဋ္ဌာန်း
(၅) တိကတိက ပဋ္ဌာန်း
(၆) ဒုကဒုက ပဋ္ဌာန်း ဟူ၍ ခြောက်ကျမ်းစီ ပါရှိပြန်ပါသည်။

ထို့ကြောင့် ပဋ္ဌာန်းကျမ်း လေးကျမ်းတွင် (၆ X ၄) = ၂၄ ကျမ်း ဖြစ်လာရပါသည်။

ပဋ္ဌာန်းကျမ်း သုံးမျိုးရှိပြန်ပါသည်။

(က) အတိဝိတ္တာရ ဒေသနာ
(ခ) အတိသင်္ခေပ ဒေသနာ
(ဂ) နာတိဝိတ္တာရနာတိသင်္ခေပ ဒေသနာ

ဟူ၍ ဖြစ်ပါသည်။

(က) အတိဝိတ္တာရဒေသနာတော်သည် အလွန်ကျယ်သော တရားတော်ဟု အဓိပ္ပာယ်ရပါသည်။ တာဝတိံသာနတ်ပြည်၌ နတ်ပြဟ္မာပရိသတ်တို့အား မြတ်စွာဘုရားဟောကြားတော်မူသော ပဋ္ဌာန်းတရားတော်မှာ ထိုအလွန်ကျယ်သော တရားတော် ဖြစ်ပါသည်။

နိမ္မိတ ရုပ်ပွားတော်ကို ဖန်ဆင်းထားခဲ့ပြီး လူ့ပြည်သို့ ပြန်ကြွလာကာ ရှင်သာရိပုတ္တရာ ဝတ်ပြုစဉ်၌ နတ်ပြည်မှာ ဟောကြားတော်မူသော ပဋ္ဌာန်းတရားတော်ကို အကျဉ်းချုပ်၍ အရှင်သာရိပုတ္တရာအား ဟောကြားခဲ့သော တရားတော်မှာ အလွန်ကျဉ်းသောကြောင့် အတိသင်္ခေပ ဒေသနာဟု မည်သည်

www.burmeseclassic.com



အရှင်သာရိပုတ္တရာသည် နည်းပေါင်းများစွာဖြင့် တန်ဆာဆင်၍ အကျယ်ကိုသိရှိလေသည်။

အရှင်သာရိပုတ္တရာက မြတ်စွာဘုရားထံမှ ကြားခဲ့ရသော ထိုတရားတော်အား မိမိ၏တပည့် လင်းနို့သားငါးရာဖြစ်ခဲ့ဖူးသော ရဟန်းငါးရာတို့အား တစ်ဆင့်ပြန်၍ ဟောတော်မူသည့်အခါ မကျယ်လွန်း၊ မကျဉ်းလွန်းသောကြောင့် နာတိဝိတ္ထာရ–နာတိသင်္ခေပ ဒေသနာဟု မည်တော့သည်။

ယခု ထေရဝါဒဗုဒ္ဓဘာသာ၌ သင်ကြားလေ့လာ ရွတ်ဖတ်နေရသော ပဋ္ဌာန်းကျမ်းကြီးမှာ ရှင်သာရိပုတ္တရာ မြန်လည် ဟောကြားသည့် မကျယ်လွန်း၊ မကျဉ်းလွန်း သော ပဋ္ဌာန်းဒေသနာ ကျမ်းကြီး ဖြစ်ပါသည်။

ထိုကျမ်းကြီးမှာ အထက်ကဖော်ပြခဲ့သလိုပင် ကျမ်းပေါင်း (၂၄)ကျမ်းရှိပါသည်။ ကျွန်တော့်ထံ၌ရှိနေသော ကျမ်းစာအုပ်များမှာ ငါးအုပ်တွဲ ဖြစ်သည်။

ပထမတွဲ အဘိဓမ္မပိဋကေပဋ္ဌာနပါဠိ
(ပဌမောဘာဂေါ၊ စာမျက်နှာ ၄၆၄ မျက်နှာ)
ဒုတိယတွဲ အဘိဓမ္မပိဋကေ
(ဒုတိယောဘာဂေါ၊ စာမျက်နှာ ၄၉၃ မျက်နှာ)
တတိယတွဲ အဘိဓမ္မပိဋကေ
(တတိယောဘာဂေါ၊ စာမျက်နှာ ၆၀၅ မျက်နှာ)
စတုတ္ထတွဲ အဘိဓမ္မပိဋကေ
(စတုတ္ထဘာဂေါ၊ စာမျက်နှာ ၆၃၆ မျက်နှာ)

www.burmeseclassic.com

www.burmeseclassic.com



ပဋ္ဌမတွဲ အဘိဓမ္မပိဋကေ

(ပဋ္ဌမောဘာဂေါ၊ စာမျက်နှာ ၄၈၈ မျက်နှာ)

စုစုပေါင်းစာမျက်နှာ (၂၆၈၆) မျက်နှာရှိပါသည်။

ကျွန်တော့်မှာ 'ပစ္စယနိဒ္ဒေသ'ဆိုသော ပဋ္ဌာန်းစာအုပ်ကလေးကို ရွတ်ရင်းရွတ်ရင်းနှင့် ကျေနပ်အားရနိုင်မှု မရှိတော့ပါ။

အထက်ဖော်ပြပါ ပဋ္ဌာန်းကျမ်းကြီးများကို ရွတ်ဖတ်ချင်စိတ် အလိုလိုပေါ်နေပါတော့လည်း တစ်နေ့မှာတော့ ကျွန်တော့်ဆန္ဒ ပြည့်ဝစေရန် မမျှော်လင့်ဘဲ ကြုံကြိုက်လာရပါတော့၏။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com



## ( ၉ )

၂၀၀၀ ပြည့်နှစ်များအထိ ကဗျာဆရာ (ကို)သူရဇော်နှင့် ကျွန်တော်တို့ တစ်ပတ်တစ်ခါ၊ နှစ်ပတ်တစ်ခါလောက် တွေ့ဆုံနေကြပါသည်။ မိဘမေတ္တာအဖွဲ့အစည်းမှ စာပေ၊ ရုပ်ရှင်ကိစ္စများအတွက် တွေ့ဆုံဆွေးနွေး အစည်းအဝေးများ ရှိနေသောကြောင့်ပင်။

"ကျွန်တော် ပဌာန်းကျမ်းကြီး ငါးအုပ်တွဲကို သိပ်ရွတ်ချင်တာပဲဗျာ"

ကိုသူရဇော်ကို ကျွန်တော် ရင်ဖွင့်လိုက်မိသည်။ ပစ္စယနိဒ္ဒေသကို ကျွန်တော် အမြဲရွတ်ဖတ်နေတာကို သူရဇော်က သိပြီးသား။

"ခင်ဗျား တကယ်ပြောတာလား"

"တကယ်ပြောတာဗျ။ ဒါပေမဲ့ စာအုပ်လည်းမရှိဘူး။ ကျွန်တော် ဖတ်နိုင်ပါ့မလားလို့လည်း သံသယဝင်နေတယ်"

"ဟာ... ဘာလို့ မဖတ်နိုင်ရမှာလဲဗျ။ ပထမတော့ နည်းနည်းခက်မှာပေါ့။ ဖတ်လို့မရတာတွေ့တော့လည်း ဖုန်းဆက်မေးတာပေါ့၊ နောက် ဖတ်ရင်းနဲ့ ချောသွားမှာပဲ"

"နေပါဦး...ခင်ဗျား ပဌာန်းကျမ်းကြီးရွတ်ဖူးလား"

www.burmeseclassic.com

www.burmeseclassic.com



"ရွတ်ဖူးတယ်၊ ကျွန်တော်က သင်္ကြန်တွင်းမှာ အဓိဋ္ဌာန်ဝင်ပြီး စ ရွတ်တယ်။ တစ်ခေါက်ပြီးသွားပြီ"

"ဟာ . . . တယ်ဟုတ်ပါလားဗျ"

ကိုသူရဇော်ကို အားကျစိတ်ဖြင့် ကျွန်တော်ငေးကြည့်မိပြန်သည်။

"ရွတ်ဗျာ၊ ကျွန်တော့်ဆီကစာအုပ်တွေ ခင်ဗျားကို ငှားမယ်၊ သင်္ကြန်မတိုင်ခင် ပြီးအောင်ရွတ်ပြီး စာအုပ်တွေ ကျွန်တော့်ကို ပြန်ပေး"

"အေးဗျာ . . . အဲဒါဆို ရွတ်မယ်၊ ကျွန်တော် မဖတ်နိုင်တာတွေ့ရင် ခင်ဗျားကို ဖုန်းဆက်မေးမယ်"

သည်လိုနှင့် ပဋ္ဌာန်းကျမ်းစာအုပ် ငါးအုပ်ကို ကိုသူရဇော်ထံမှ ကျွန်တော် ငှားယူခဲ့သည်။

စာမျက်နှာပေါင်း (၂၆၈၆) ရှိသဖြင့် တစ်နေ့လျှင် စာမျက်နှာ (၃၀)နှုန်း ရွတ်ဖတ်နိုင်မှ ရက်ပေါင်း ၉၀ (သုံးလ) လောက်အကြာမှာ တစ်ခေါက်ပြီးနိုင်မည်။

တစ်နေ့လျှင် စာမျက်နှာ (၃၀) နှုန်းပြီးအောင် ဆောင်ရွက်ရန် ဤပဋ္ဌာန်းကျမ်းကြီးငါးအုပ်တွဲကို ပြီးစီးဆောင်ရွက်ရန် ကျွန်တော် အဓိဋ္ဌာန်ဝင်လိုက်ပါသည်။

ပထမပိုင်းမှာ စာမျက်နှာ (၃၀)ရရှိနိုင်ရန် တစ်နာရီခွဲနီးပါး ကြာခဲ့ပါသည်။ နောက်ပိုင်းမှာတော့ တစ်နာရီ ဝန်းကျင်သာကြာအောင် အရှိန်ရလာခဲ့ပါ၏။ စာအုပ်များ အပိုင်ဝယ်ကာ ၂၀၀၁ ခုနှစ်မှစပြီး ၂၀၀၅ ခုနှစ်အထိ တစ်နှစ်လျှင် ငါးကြိမ်စီ

www.burmeseclassic.com

www.burmeseclassic.com



အမိဌာန်ဝင်၍ ပဌာန်းကျမ်းကြီး ငါးအုပ်တွဲကို ရွတ်ဖတ်ပူဇော်ခဲ့ပါသည်။

၂၀၀၅ ခုနှစ်၊ ဩဂုတ်လ (၂၈) ရက်မှာ ထိုနှစ်အတွက် အမိဌာန်တစ်ကြိမ် အောင်မြင်ခဲ့ပါ၏။

၂၀၀၅ ခုနှစ်၊ ဒီဇင်ဘာလလောက်မှာတော့ နှလုံးသွေးကြောကျဉ်းရောဂါဖြင့် အထူးကုဆေးရုံတစ်ခုမှာ ကျွန်တော် ခြောက်ရက်တက်၍ ကုသမှုခံယူခဲ့ရပါသည်။

ညနေတိုင်း လမ်းလျှောက်ပြီး လက်ဖက်ရည်ဆိုင်သွားထိုင်တတ်သူမို့ ထိုနေ့ကလည်း လက်ဖက်ရည်ဆိုင်ထွက်ဖို့ အဝတ်အစားလဲရန် ဧည့်ခန်းထဲက ထလိုက်ပါသည်။ ဧည့်ခန်းထဲမှာ ကျွန်တော့်သား ကိုမင်းနှင့် သူ့သူငယ်ချင်းတို့ စကားပြောနေကြ၏။ ထရပ်လိုက်စဉ် မိုက်ခနဲဖြစ်သွားပြီး ဒယိမ်းဒယိုင်လဲကျမလိုဖြစ်သည်။

ဘာဖြစ်တာလဲဟု ကိုယ့်ဘာသာ မသိ။ အားနည်းလို့ပဲ တွေးပြီး အပေါ်ထပ် အခန်းရောက်အောင် သွားသည်။ အဝတ်အစားလဲသည်။ ခြေတွေလက်တွေ မသယ်ချင်အောင်ဖြစ်ပြီး ဘောင်းဘီဝတ်ရန် မနည်းကြီး ကြိုးစားပမ်းစား ဝတ်နေရ၏။ ပြီးတော့ အောက်ထပ် ဧည့်ခန်းကို ကြိုးစားပြီးဆင်းလာသည်။ ကျွန်တော့်အခြေအနေ မကောင်းဟု ဘာသာ နားလည်လိုက်၏။ ဧည့်ခန်းထဲအဝင် အနီးဆုံး နှစ်ယောက်ထိုင်ခုံဆိုဖာပေါ်မှာ ပစ်လှဲချလိုက်မိတော့သည်။ လဲကျသွားတာလည်း ဖြစ်နိုင်သည်။

ဘာဖြစ်တာလဲဟု မေးရင်း ကျွန်တော့်သားနှင့် သူ့

www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းတို့ ကျွန်တော့်ဆီပြေးလာ၏။

ထိုစဉ် အိမ်ရှေ့တံခါးဖွင့်သံကြားရပြီး ဘာဖြစ်နေကြတာလဲ ဆိုသောအသံနှင့်အတူ ကျွန်တော့်အမျိုးသမီး အနားရောက်လာသည်။

"မဖြစ်ဘူး . . . ဆေးခန်းမြန်မြန်သွားမှ"

ပြောပြီး ကျွန်တော့်ကို ဆေးခန်းပို့ကြ၏။ ကားပေါ်က အဆင်းမှာ လူနှစ်ယောက် တွဲပြီးချရသည်။ ခြေထောက်တွေ လှမ်းလို့ မရတော့။ ဆရာဝန်ကြီး အခန်းထဲမှာ ခဏလောက် စစ်ဆေးကြည့်ပြီး . . .

"ဆေးရုံ ချက်ချင်းတင်ရမယ်၊ ကံကောင်းတယ် နောက်ထပ် တစ်နာရီလောက်ဆို အသက်မရှင်နိုင်တော့ဘူး"

ဟု ဆရာဝန်ကြီးပြောသံကို ကျွန်တော်ကြားနိုင်သေးသည်။ နောက်တော့ ထိုဆေးရုံကြီး၏ အပေါ်ဆုံးထပ်က သီးသန့်ခန်းထဲကို ကျွန်တော် ဘယ်လိုရောက်သွားတာ မမှတ်မိနိုင်တော့။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com



( ၁၀ )

အဲဒီနေ့က ကျွန်တော့်ကို ဆေးရုံပို့လိုက်ကြတာ ညနေ(၅)နာရီကျော်မှဆို ကျွန်တော် မျှော်လင့်ချက်မရှိနိုင်တော့။

ကျွန်တော့်အမျိုးသမီး အလုပ်မှပြန်ရောက်မလာခဲ့လျှင် အဲဒီလို ဆေးခန်းကို ချက်ချင်းပို့နိုင်မည်မထင်။ ကျွန်တော့်သားက သူ့အမေဆီ ဖုန်းဆက် အကြောင်းကြားချင်တောင်းမည်၊ အလုပ်မှပြန်အရောက် စောင့်ချင်စောင့်မည်။ အချိန်မီဖို့ အင်မတန်အခွင့်အရေးနည်းလှသည်။

နေ့စဉ်နေ့တိုင်း ည (၇)နာရီခွဲပတ်ဝန်းကျင်မှသာ အလုပ်က ပြန်ရောက်လာလေ့ရှိသော ကျွန်တော့်အမျိုးသမီးက အဲဒီနေ့မှာ (၅)နာရီ အိမ်ပြန်ရောက်လာခဲ့၏။ ဘာရယ်မဟုတ်ပါဘဲ ပြန်ချင်စိတ်ရှိလို့ အလုပ်ပြီးနေလို့ စောစောပြန်ဖြစ်တာဆိုတော့ ကျွန်တော် အံ့ဩရသည်။

တိုက်ဆိုင်တာပါဟု သာမန်ကောက်ချက်ချ ပြောဆိုနိုင်ကြသော်လည်း ပဋ္ဌာန်းဒေသနာတော်ကတော့ ပဋ္ဌာန်းတရားတော်၏ အာနိသင်ကြောင့်ဟု ခိုင်ခိုင်မာမာ ယုံကြည်လိုက်မိပြန်ပါတော့သည်။

သည်ထက်ပို၍ ထူးဆန်းသောအဖြစ်အပျက်တစ်ခုကို ၂၀၀၇၊ စက်တင်ဘာလ၌ ထပ်မံ၍ ကြုံကြိုက်လာခဲ့ရပြန်ပါသည်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com



# ( ၁၁ )

၂၀၀၇ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်မှာ ကဗျာဆရာ မောင်သွေးသစ်နှင့်ဆုံဖို့ မြို့ထဲမှာ ချိန်းထားသည်။

ထိုမနက် လမ်းလျှောက်ပြန်လာစဉ်မှာပင် ကျွန်တော့်ဗိုက်က မနေနိုင်အောင် အောင့်ပြီး နာလာခဲ့၏။ အိမ်ရောက်အောင် မနည်းကြိုးစား လျှောက်ခဲ့ရသည်။ ကျွန်တော် အိမ်ရောက်လို့ ညေ့်ခန်းထဲဝင်လိုက်တော့ ကျွန်တော့်ချွေးမ(သားအလတ်၏ဇနီး)ကိုတွေ့ရ၏။ အိမ်မှာ သူနှင့် အိမ်ဖော်အမျိုးသမီးသာ ရှိနေသည်။ ကိုသွေးသစ်ဆီ ဖုန်းဆက်ပြီး ကျွန်တော်မလာနိုင်သည့်အကြောင်း ပြောခိုင်းရသည်။ ကျွန်တော့်ဗိုက်မှာ မသက်သာဘဲ တဖြည်းဖြည်း ပို၍ပို၍ ဆိုးလာသည်။

နောက်ဆုံးတော့ ကျွန်တော့်ချွေးမကို အနီးဆုံးဆေးခန်းကို လိုက်ပို့ခိုင်းရပါတော့သည်။ သမားတော်တစ်ဦးနှင့် ပြပါသည်။ လိုအပ်သည်များကို စစ်ဆေးကြည့်ပြီး ဆေးထိုးပေးပါသည်။ သောက်ဆေး များပေးပါသည်။

"လောလောဆယ်တော့ နာတာသက်သာသွားလိမ့်မယ်။ ဆေးသောက်ပြီး သုံးရက်ကြာရင် ပြန်လာပြပါ။ အဲဒီအခါကျတော့ ခွဲရလိမ့်မယ်"

အဲဒီလောက်ပြောပြီး အခန်းထဲက ကျွန်တော်တို့ ထွက်

www.burmeseclassic.com



ကြသည်။ ခါးကုန်းပြီး ဗိုက်ကိုနှိပ်ရင်း ကားဆီလျှောက်ခဲ့ရ၏။ ဆရာဝန်ကြီး ခေါ်တယ်ဆိုလို့ ကျွန်တော့်ချွေးမ ဆေးခန်းထဲ ပြန်ဝင်သွားရသည်။ ဘာပြောတာလဲဟု အိမ်ရောက်တော့ မေး ကြည့်မိပါသည်။

"ဆရာဝန်ကြီးက ပြောတယ်၊ ခွဲရမှာ သေချာတယ်၊ အစာအိမ်မှာ အနာအကြီးအကျယ် ဖြစ်ရင်ဖြစ်၊ ဒါမှမဟုတ် ကင်ဆာဖြစ်နိုင်တယ် ပြောလိုက်တယ်၊ စိတ်ဓာတ်တော့ မကျနဲ့ ပေါ့"

ကျွန်တော့်ကို ညာပြောတာမကြိုက်မှန်းသိသဖြင့် ချွေးမ က အမှန်အတိုင်း ပြောပြသည်။ ရောဂါသည် ပေါ့ပေါ့တန်တန် မဟုတ်မှန်းတော့ ကျွန်တော်လည်း ခံစားရင်း သိနေသလို။

ထိုးပေးလိုက်သော ဆေးနှင့်စားဆေးတို့ကြောင့် အနာ သက်သာသလို အိပ်ရာထဲမှာ ဟိုတက်ဒီဘက်တော့ လွတ်လွတ် လပ်လပ် မစောင်းနိုင်၊ မရွေ့နိုင်သေး။ ငြိမ်ငြိမ်လေးနေမှ သက်သာ သလိုရှိသည်။ ညနေပိုင်းမှာ နွယ်ချိုစိမ်ထားသောပျားရည် ကောင်းတယ်ဆိုပြီး ဝယ်လာပေးကြသဖြင့် သောက်ရသေးသည်။

သည်လိုနှင့် အိပ်ရာထဲမှာလဲရင်း နှစ်ညကြာသွားခဲ့သည်။ သိပ်ပြီးထူးဆန်းတာက အဲဒီနှစ်ညလုံးမှာ ကျွန်တော် အိပ်မက် လိုလို၊ စိတ်ကူးလိုလိုနှင့် ဝေဝေဝါးဝါး သိနေ မြင်နေရသလို။ ပထမညမှာတော့ နေထိုင်မကောင်းလို့ စိတ်တွေက ကယောင် ချောက်ချား ဖြစ်တာပဲ တွေးသည်။ ဒုတိယညမှာလည်း သည် အတိုင်းလိုလိုဆိုတော့ တအံ့တဩဖြစ်ရသည်မှာ အမှန်ပင်။

www.burmeseclassic.com

www.burmeseclassic.com



ထင်ထင်ရှားရှား ပြတ်ပြတ်သားသား မဟုတ်သော်လည်း နတ်တွေက ကျွန်တော့်ကို ပဋ္ဌာန်းရွတ်ဖို့ တိုက်တွန်းနေကြတာ ကျွန်တော်က ထပြီး ပဌာန်းရွတ်နေတာ အဲဒီလို ကျွန်တော့် အသိမှာ ဝင်သည်။ ကျွန်တော်ပဌာန်းရွတ်သံကို အသံဖမ်းထားပြီး ကတ်ဆက်ပေါ်မှာ တင်ထား၏။ ကျွန်တော် မိန်းမောနေချိန်မှာ အဲဒီအခွေ ဖွင့်ပေးရန် မှာကြားမည်ဟု တွေးထားသည်။ အဲဒီ လောက် အစွဲအလမ်းကြီးလို့ စိတ်ထဲ ထင်ယောင်မြင်ယောင်တာ ဖြစ်မှာပေါ့ဟု တွေးဖြ်သည်။

သည်တုန်းက ပဌာန်းကျမ်းကြီးကို (၇)ကြိမ်မြောက် ရွတ်ဆိုရင်း စတုတ္ထစာအုပ်အရောက်မှာ ကျွန်တော် အိပ်ရာထဲ လဲသွားခြင်း ဖြစ်သည်။ ၂၀၀၆ ခုနှစ်က တစ်နှစ်လုံး မရွတ်ဖြစ်တဲ ၂၀၀၇ ကျမှ သတ္တမမြောက်ကို ရွတ်နေစဉ် အစာအိမ်ရောဂါ ကြောင့် နစ်ရက် မရွတ်ဖြစ်ဘဲ ရပ်သွားရခြင်းပင်။

ဘာပဲဖြစ်ဖြစ် နောက်နေ့မနက်မှာတော့ ကြိုးစားထပြီး ဘုရားခန်းသွား၍ ဆက်ပြီးရွတ်ဖတ်မည်ဟု ဆုံးဖြတ်လိုက်၏။ ဘုရားခန်းနံရံကို မှီရင်း ရှေ့မှစားပွဲပုပေါ် ပဌာန်းကျမ်းကိုတင်ကာ ခက်ခက်ခဲခဲ ကြိုးပမ်းရွတ်မိပါတော့သည်။ ရွတ်ရင်း ရွတ်ရင်းနှင့် မောလာသည်။ တစ်ခါ တစ်ခါ လေသံမဆက်တော့ဘဲ အကြာ ကြီး နားနေရ၏။ ရွတ်နေရင်းနဲ့ သေသွားရင်လည်း ပိုတောင် ကောင်းသေးဟု အတွေးဝင်လိုက်တော့ ရွတ်ဖတ်ရတာ အားတက် လာသလိုပင်။

သည်လိုနှင့် နားလိုက် ရွတ်လိုက်နှင့် ဆေးမျက်နှာ

www.burmeseclassic.com

www.burmeseclassic.com



၃၀ ရဖို့ နှစ်နာရီကျော် သုံးနာရီနီးပါး ကြာသွားတော့သည်။ သိသိသာသာ သတိထားလိုက်မိတာကတော့ ပဌာန်းရွတ်ဖတ်နေစဉ်မှာ ဗိုက်က မအောင့်တာ၊ မနာတာဘဲ ဖြစ်သည်။ ကျွန်တော် အတော်လေး အားတက်သွားမိသည်မှာ အမှန်။

"ခွဲရမယ်၊ ပြီးတော့ ခန့်မှန်းထားတဲ့ ရောဂါတွေကလည်း အသက်ရှင်ဖို့ အခွင့်အလမ်းနည်းတဲ့ ရောဂါတွေ၊ ဒီလိုပဲ ကျွန်တော် တွေးပြီး စိတ်ကိုလျှော့ချထားလိုက်တော့သည်။

ထိုနေ့မနက်က ပင်ပင်ပန်းပန်းနှင့် ပဌာန်းရွတ်အပြီးမှာတော့ ငါ တစ်ရက် အသက်ပိုရှည်လျှင် ပဌာန်းကိုတစ်ရက်ရွတ်နိုင်တာပေါ့ဆိုသည့် အတွေး ဝင်လာတော့သည်။ ပဌာန်းရွတ်ဖို့ အသက်ရှင်ချင် သေးတယ်ဆိုသည့်ဆန္ဒက ကြီးမားလာတော့၏။ ရွတ်နိုင်နေသမျှ ရွတ်ကြည့်မည်၊ မရွတ်နိုင်တော့တဲ့နေ့မှာ နောက်ဆက်ထဲက မိမိရွတ်ဖတ်သံကို နားထောင်ရင်း အာရုံဝင်စားနေမည်။ သည်လို ဆုံးဖြတ်ချက်ကို ချလိုက်၏။

"ဒီနေ့ ဆေးခန်းက ချိန်းထားတာ၊ ခွဲဖို့အတွက် လိုအပ်တာတွေ စစ်ဆေး၊ ပြင်ဆင်ရလိမ့်မယ်ထင်တယ်"

"အခုသက်သာနေတယ်၊ တစ်ရက်စောင့်ကြည့်ဦးမယ်"

ဆေးခန်းခေါ်သော်လည်း ကျွန်တော်ငြင်းလိုက်သည်။ နောက်တစ်နေ့မှာလည်း ကျွန်တော် ပဌာန်းဆက်ရွတ်လိုက်၏။ နေ့ကလောက် မပင်ပန်းတော့ပါ။ ဆန်ပြုတ်ကလေးသောက်နိုင်ပြီမို့ မနေ့ကလောက်လည်း မမောတော့။ အောင့်ခြင်း၊ နာခြင်းလည်း ပျောက်သွားပြီ။ ဆေးခန်းသွားဖို့ ကျွန်တော့်ကို

www.burmeseclassic.com

www.burmeseclassic.com



လာကြည့်ကြသော မောင်ညိုအေး(ပန်းတော)နှင့် သက်နှင်းဆွေ (ပုပ္ပား)တို့က ဖျောင်းဖျသည်။ သက်သာသားပဲ အကြောင်းပြရင်း ကျွန်တော် ငြင်းသည်။

နောက်နေ့ ...

နောက်နေ့ ...

နောက်နေ့ ...

နေ့တိုင်းပင် တစ်နေ့လျှင် စာမျက်နှာ ၃၀. နှုန်း ကျွန်တော် ပဋ္ဌာန်းကျမ်းကြီးကို ဆက်ရွတ်ပါသည်။ တဖြည်း ဖြည်းနှင့် ကျွန်တော် နာလန်ပြန်ထလာခဲ့ပါတော့သည်။ ညတိုင် နှယ်ချိုစိမ်ထားသော ပျားရည်ကိုတော့ သောက်ဖြစ်ပါသည်။ သတ္တမအကြိမ်မြောက် ပဋ္ဌာန်းကျမ်းကြီးကို ရွတ်ဖတ်ပြီးစီးသွား ချိန်မှာတော့ ပုံမှန်အတိုင်း လမ်းလျှောက်ကာ ကျွန်တော် လက်ဖက်ရည်ဆိုင် ပြန်ထိုင်နိုင်ခဲ့ပါပြီ။

သည်ကစပြီး ဆက်၍ ရွတ်ဖတ်လာခဲ့ရာ ၂၀၀ နိုဝင်ဘာလ ၂ ရက်မှာတော့ ဆယ်ကြိမ်မြောက်အဖြစ် ရွတ်ဖ ပူဇော်ပြီးစီးသွားခဲ့ပါ၏။ ဆိုပြီးသည်ကို ထပ်၍ဆိုရပါမူ တိုက်တို ဆိုင်ဆိုင် ဖြစ်သွားတာတွေပါဟု ပြောလိုက ပြောနိုင်ပါသည် ပဋ္ဌာန်းတရားတော်ကို စွဲမြဲစွာ ရွတ်ဖတ်ပူဇော်ခဲ့သူ ကျွန်တော် ကတော့ ပဋ္ဌာန်းတရားတော်၏ အကျိုးကျေးဇူးတွေကြောင့်ဟု လေးလေးနက်နက် ယုံကြည်နေမိပါတော့သည်။

'ပဋ္ဌာန်း'ဆိုတဲ့ ပါဠိစကားမှာ 'ပဋ္ဌာန' ၌ (ပ)သည် အမျိုးမျိုး။ အစားစား အပြားအားဖြင့် (ဌာန)က အကြောင်းအ

www.burmeseclassic.com

www.burmeseclassic.com



တွေ။ ထို့ကြောင့် အမျိုးမျိုးအစားစား များစွာသော အကြောင်းတရားတို့ကို ဟောတော်မူရာဖြစ်တဲ့ ကျမ်းတော်ကြီးကို ပဋ္ဌာန်းကျမ်းဟုခေါ်ကြောင်း။

"အားလုံး အကြောင်းရှိမှ အကျိုးဖြစ်တာပါလား၊ အကြောင်းရှိမှ အကျိုးဖြစ်တာပါလား၊ အားလုံးအကျိုးတွေဟာ အကြောင်းမရှိဘဲနဲ့ တစ်ခုမှမဖြစ်ပါဘဲလား။ အဲဒီလိုသိသွားလိုက်တော့ အကြောင်းမရှိဘဲ ဖြစ်ချင်သလိုဖြစ်ဆိုတဲ့ ဝါဒဟာ အလိုလိုပျောက်သွားတယ်။ အင်မတန် မွန်မြတ်တဲ့ w &m;aw mIñ D? t ifw efS o w ဝါတွေကို အကျိုးပြုတဲ့ တရားတော်ကြီးဖြစ်တယ်"

စသဖြင့် အခြေပြုပဋ္ဌာန်းတရားတော်စာအုပ်မှာ ပါရှိပါသည်။

"ပဋ္ဌာန်းတရားတော်၌ ကြည်ညိုခြင်း သဒ္ဓါတရားဖြစ်ပေါ် လာသည်။ ယင်းသို့ သဒ္ဓါတရားဖြစ်ပွားသောအခါ ရွှင်လန်းခြင်း 'သောမနဿ'၊ နှစ်သက်ခြင်း 'ပီတိ'၊ ဝမ်းမြောက်ခြင်း 'ပါမောဇ္ဇ' တရားများ ဆင့်ကဲဆင့်ကဲဖြစ်ပေါ်လာပြီး ယင်းတရားများကို အခြေခံကာ ဝိပဿနာဉာဏ် ရှုမှတ်ပွားများ၍ တစ်ထိုင်တည်းမှာပင် ကိလေသာကုန်ခန်း ရဟန္တာဖြစ်သွားလေသည်။

အခြေပြုပဋ္ဌာန်းတရားတော်စာအုပ်မှာ ပါရှိသည်ကို ထပ်မံဖော်ပြ အသိပေးချင်ပါသည်။ ဉာဏ်ပါရမီအနုအရင့်အရပဋ္ဌာန်းတရားတော်ကို ပွားများရင်း ဝိပဿနာဉာဏ် ရှုမှတ်နိုင်တာ

www.burmeseclassic.com

www.burmeseclassic.com



ကိလေသာကုန်ခန်း သွားနိုင်ကြောင်း ကျွန်တော်တို့ သိခွင့်ရလိုက်ပါသည်။

'ပါတ္တိကဝဂ္ဂ အဋ္ဌကထာ'၌ သာသနာတော်ကြီး ကွယ်ပျောက်မည်ဆိုလျှင် ပဋ္ဌာန်းကျမ်းကြီး၌ စတင်၍ ကွယ်ပျောက်မည်ဟု ပြဆိုထားပါသည်။

ပဋ္ဌာန်းတရားတော် ကွယ်ပျောက်လျှင် အခြားတရားတော်များလည်း ဆက်လက်ကွယ်ပျောက်မည်။ ထို့ကြောင့်ပင် သာသနာ တည်တံ့ခိုင်မြဲရေးအတွက် ပဋ္ဌာန်းကျမ်းကြီးကို ရှေ့တန်းခံတပ်ကြီးအဖြစ် ဆရာတော်ကြီးများက တင်စားပြောဆိုကြခြင်းဖြစ်ပါသည်။ ပဋ္ဌာန်းတရားတော် တည်တံ့ခိုင်မြဲအောင် ဆောင်ရွက်ခြင်းသည်လည်း သာသနာတော် တည်တံ့ခိုင်မြဲအောင် ဆောင်ရွက်ခြင်းဖြစ်၏။

ပဋ္ဌာန်းတရားတော်ကြီး တည်တံ့ခိုင်မြဲအောင် ဆောင်ရွက်ရေးသည် သာသနာတော်ကို ချစ်မြတ်နိုးသူတိုင်း၏ တာဝန် ဖြစ်နေပါသည်။ ထိုသို့ ဆောင်ရွက်ရာ၌ ပဋ္ဌာန်းကျမ်းတော်ကြီးကို ကြည်ညို၍ ကိုယ်တိုင်ရွတ်ဖတ်သရဇ္ဈာယ်ခြင်းသည်လည်း အပါအဝင်တစ်ခုဖြစ်မည်ဟု ကျွန်တော်ကတော့ အလေးအနက် ယုံကြည်မိပါသည်။ ထို့ကြောင့် ပဋ္ဌာန်းကျမ်းတော်ကြီးကို ယုံကြည်သဒ္ဓါပွားများ၍ ဗုဒ္ဓဘာသာဝင်အားလုံး ရွတ်ဖတ်ပူဇော်နိုင်ကြပါစေ။

ထိုသို့ ရွတ်ဖတ်ပူဇော်ရခြင်းကြောင့် အနိမ့်ဆုံးအကျိုးဖြစ်သည့် လူသားတို့၏အစွမ်းအစ၊ လူ့စွမ်းအားကို

www.burmeseclassic.com

www.burmeseclassic.com



အပြည့်အဝ ခံစားရရှိနိုင်ကြပါစေ။

အမြင့်ဆုံး အကျိုးဖြစ်သည့် 'ဖြစ်လိုက်ပျက်လိုက် အနိစ္စ၊ အဖြစ်အပျက်ဒဏ်တွေ ခံနေရတဲ့ဒုက္ခ၊ အနှစ်သာရ အတ္တ အကောင်အထည် ဘာမှမရှိတဲ့ အနတ္တပါလား' ဟု ဝိပဿနာ ရှုမှတ်ပွားများပြီး ကိလေသာ ကုန်ခန်းသွား နိုင်ကြပါစေဟု ဆုတောင်းရင်း နိဂုံးချုပ်ပါသည်။

လေးစားချစ်ခင်စွာဖြင့်

မောင်စိန်ဝင်း(ပုတီးကုန်း)

www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် မြောင်းတကာ
စက်မှုဇုန် ချမ်းအေးအမှတ်(၄)
မိုးကုတ်ဝိပဿနာဓမ္မရိပ်သာကြီး၏
ပဓာနနာယက ဆရာတော် အရှင်ကေတု
(တိုင်းဆရာဝန်ကြီး ဒေါက်တာဦးကျော်မြင့်)
နှင့်
နာယက မယ်တော်ကြီး ဒေါ်ဝိမလစာရီ
(ဒေါ်ပြုံးပြုံးမော်) တို့မှ
ဓမ္မဒါနထုတ်ဝေသော
"မိုးကုတ်ဆရာတော်ဘုရားကြီး၏
သံဝေဇနီယလေးဌာန ဓမ္မပူဇာခရီးစဉ်နှင့်
မိုးကုတ်ဓမ္မကထိက နေလ နှစ်ပါးတို့၏
သမုဒယဘဝနှင့် ပဋိစ္စသမုပ္ပါဒ်ဓမ္မ"
စာအုပ်တွင် ရေးသားပူဇော်သော
မောင်စိန်ဝင်း(ပုတီးကုန်း)၏ အမှာစာ

www.burmeseclassic.com

www.burmeseclassic.com



မောင်စိန်ဝင်း (ပုတီးကုန်း) ၏ အမှာစာ

"အလင်းရှိရာ"

www.burmeseclassic.com

www.burmeseclassic.com



( ၁ )

အောင်မင်းသူ(ကြို့ပင်ကောက်)နှင့် ကျွန်တော်က လွန်ခဲ့သည့် နှစ်ပေါင်း (၂၀)လောက်ကတည်းက ရင်းနှီး ကျွမ်းဝင်ခဲ့ပါ၏။ ကျွန်တော့်အိမ်မှာ ဝင်ထွက်စားသောက် နေထိုင်ရင်း မိသားစုသဖွယ် ရင်းနှီးကျွမ်းဝင်နေသူ။ သူ့မိဘနှင့် သူ့မောင်နှမ မိသားစုကို လုပ်ကိုင် ကျွေးမွေးနေသူ၊ စာရေး စာဖတ် ဝါသနာပါသူ၊ သူနှင့်ကျွန်တော် နှစ်ယောက်တွဲ လုံးချင်း ဝတ္ထုစာအုပ်ရေးပြီး စာပေလောကထဲ လက်တွဲ ခေါ်ပေးခဲ့ဖူးသူ။

ကျွန်တော့်စာအုပ်တွေ အရိန္ဒမာစာပေမှ ထုတ်ဝေဖြစ် သည့်အခါမှာလည်း သူပင် အစစအရာရာ ကူညီလုပ်ကိုင်ပေးသူ ဖြစ်လာပြန်သည်။

သည်လို ဆရာတပည့် ရင်းနှီးနေသည့် အောင်မင်းသူက မှော်ဘီမြို့နယ်မှ ချမ်းအေးဓမ္မရိပ်သာ (မိုးကုတ်ဝိပဿနာ)မှာ တရားအားထုတ်ဖို့ ကျွန်တော့်ကို အကြံပေး တိုက်တွန်းပါသည်။

သည်ဘက် တစ်နှစ်၊ နှစ်နှစ်လောက်မှာ စာပေဟောပြော ပွဲတွေက ရက်ဆက်နေပြီး အိမ်မှာနားနေရသည့်ရက်က မရှိ သလောက်။ သူ့ကို 'သွားတာပေါ့ကွာ'ဟု ပေါ့ပေါ့တန်တန်သာ ကတိပေးလိုက်မိ၏။ သူက မမေ့မလျော့ဘဲ ထပ်တလဲလဲ

www.burmeseclassic.com

www.burmeseclassic.com



ပြောပါများတော့ ရက်တစ်ခု သတ်မှတ်ပေးလိုက်သည်။ ထိုရက်သည်လည်း မလိုက်မဖြစ် အားနာရမည့် ဖွတ်အတင်း နားပူအနိုင်ကျင့်သည့် သူငယ်ချင်းများကြောင့် ပျောပြောပွဲပါသွားပြန်ပါသည်။ အောင်မင်းသူကို ပေးထားသည့် ကတိပျက်ရပြန်သည်။ သူ စိတ်ပျက်သွားပြီထင်သော်ငြား သူကား မလျှော့နောက်ထပ် ရက်ချိန်း တောင်းပြန်၏။ သည်တစ်ခါတော့ဆယ်ရက်လောက်ကို ဘာအစီအစဉ်မှမရှိအောင် ချန်ထားပြီးသူ့ကို ရက်သတ်မှတ်ပေးလိုက်ရ၏။

သည်လိုနှင့် အောင်မင်းသူ၏ကျေးဇူးကြောင့် မော်ဘီမြို့နယ် မိုးကုတ်ဝိပဿနာဓမ္မရိပ်သာကြီးကို ကျွန်တော် ဝင်ခွင့်ရောက်ခွင့် ကြုံခဲ့ရပါတော့သည်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com



( ၂ )

ဆရာတော်ကြီး ဦးကေတု၏ စီစဉ်ဆောင်ရွက်ပေးမှုကြောင့် သက်သောင့်သက်သာ အေးအေးချမ်းချမ်း တရားအားထုတ်ခွင့်ကို ရှစ်ရက်ရရှိခဲ့ပါသည်။ မိုးကုတ်ဝိပဿနာတရားများကို နာကြားခွင့်ရခြင်း၊ လက်တွေ့တရားထိုင်အားထုတ်ခွင့်ရခြင်းဖြင့် မဖော်ပြနိုင်သည့် အကျိုးကျေးဇူးများကို ရရှိခဲ့ပါသည်ဟုသာ လိုရင်း ရေးသားဖော်ပြလိုပါသည်။

အောင်မင်းသူ ရေးသားပြုစုသော ဆရာတော်ကြီး ဦးကေတုနှင့် သီလရှင်ဆရာကြီး ဒေါ်ဝိမလစာရီတို့၏အကြောင်း ဖတ်ရသည့်အခါ ထိုဆရာကြီး ဆရာမကြီးများကို ပိုပို၍ ကြည်ညိုစိတ်ဖြစ်တည် လာရသည်မှာ အမှန်။

မိမိတစ်ဦးတည်း တစ်ယောက်တည်း အလင်းရောင်ရှိရာကို သွားနေခြင်း မဟုတ်ပါဘဲ လူအများကို အမှောင်တွင်းမှ အလင်းရှိရာ ခေါ်ဆောင်ယူချင်သည့် စိတ်ဓာတ်လောက် မွန်မြတ် ကြီးကျယ်သော စိတ်ဓာတ် ရှိနိုင်မည်မထင်။

လူတိုင်းလူတိုင်း တပ်မက်နှောင်တွယ်လွန်းသည့် မိသားစု သံယောဇဉ်၊ ဥစ္စာပစ္စည်း သံယောဇဉ်တို့ကို ဓမ္မ

www.burmeseclassic.com

www.burmeseclassic.com



အသိဖြင့် တိခနဲ ဖြတ်နိုင်သည့်အဖြစ်ကား မအံ့သြ မချီးကျူးဘဲ မနေနိုင်စရာပင်။

မိမိတို့ကိုယ်တိုင် တရားသိရုံ အားမရနိုင်ဘဲ တရားအလင်းတိုင်တို့ကို ထွန်းညှိနိုင်ရာ ဓမ္မရိပ်သာကြီး တည်ထောင်ခဲ့သည့် ကျေးဇူးကား ကြီးမားပေစွ။

"တရားပေး၊ အစာကျွေး" ဆိုသည့် ဆောင်ပုဒ်အတိုင်း ငွေမရှိ၍ တရားမရှာနိုင်သူ မရှိစေရဆိုသော စကားကြွေးကြော်သံမှာလည်း တရားအလင်းရောင်ရှိရာ လာနိုင်ရောက်နိုင်အောင် ဆော်သြနိုင်သည့် အောင်စည်အောင်မောင်းသံလိုပင်။

ထို့ကြောင့်လည်း ယောဂီပုဂ္ဂိုလ်ပရိသတ်များ စည်ကားသိုက်မြိုက်နေခြင်းဟု ယုံကြည်ပါသည်။

မိမိ အလွန်နှစ်သက်သဘောကျမိသည်မှာ ဓမ္မစာကြည့်တိုက်တစ်ခု ထားရှိပေးခြင်းပင်။ အချိန်အားသည့်အခါ နာကြားလိုက်ရသော တရားခွေမှ မရှင်းလင်းသည်များကို စာအုပ်များဖတ်ရှုပြီး ရှာဖွေနိုင်ခြင်းကား အားသာချက်တစ်ခုဟု ဆိုရပေသည်။

မိုးကုတ်ဆရာတော်ဘုရားကြီးက –

"ဆရာကောင်းတွေ့ခြင်းသည် နေအရုဏ်တက်လာခြင်းဖြစ်ပြီး၊ မိမိကိုယ်တိုင် တရားအားထုတ်ကြိုးပမ်းခြင်းကတော့ နေရောင်အဆင့်ဆင့် မြင့်တက်လာခြင်းဖြစ်ကြောင်း" ဟောကြားထားပါသည်။

အဝိဇ္ဇာတဏှာ အမှောင်ထုမှာ ကျင်လည်နေသူများ

www.burmeseclassic.com

www.burmeseclassic.com



အတွက် မော်ဘီမြို့နယ်၊ ချမ်းအေးအမှတ် (၄) မိုးကုတ် ဓမ္မရိပ်သာကြီး၏ ပဓာန နာယက ဆရာတော်ကြီး ဦးကေတုနှင့် ဆရာကြီး ဒေါ်ဝိမလစာရီတို့သည်ကား နေအရှုဏ်ပမာ အလင်းဖြာခဲ့ပါပြီ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com



( ၃ )

တရားစခန်းမှ ထွက်ခါနီးမှာ ဆရာတော်ကြီးကို ဦးတိုက်နှုတ်ဆက်ရင်း မိုးတွင်းမှာ နောက်တစ်ခါ ထပ်လာဖို့ ကျွန်တော် ကတိပေးခဲ့သေးသည်။

အလင်းရှိရာအရပ်၊ မိမိလျှောက်လှမ်းရမည့် ပန်းတိုင်ကို ပြတ်ပြတ်သားသား မြင်နိုင်ခဲ့ပါပြီ၊ ဆရာတော်ကြီး ဆရာမကြီးနှင့် တရားပြသံဃာများ၏ ကျေးဇူးတရားကြောင့် အရှုထံကို မြင်နိုင်ခံစားနိုင်ချိန်ဟု အသိဝင်ပါသည်။

အဝိဇ္ဇာတဏှာသည် ကြီးမားလွန်းသော အမှောင်ထုကြီးဟု ဗုဒ္ဓက ဟောတော်မူခဲ့ပါသည်။ လူမိုက်တို့သည် အမှောင်ထဲကလာ၍ အမှောင်ထဲမှာနေ၍ အမှောင်ထဲသို့သာ ပြန်သွားကြ၏။ လူလိမ္မာတို့သည်ကား အမှောင်ထဲကလာ၍ အမှောင်ထဲမှနေ၍ အလင်းရှိရာအရပ်သို့ ဦးတည်သွားကြကုန်၏။

ဗာလပဏ္ဍိတသုတ်မှာ ဗုဒ္ဓက ထိုသို့ဟောကြားတော်မူခဲ့ပါသည်။ အဝိဇ္ဇာတဏှာတို့ချုပ်ရာ ငြိမ်းရာအရပ်သည်သာ အလင်းရှိရာ အရပ်တည်း။

www.burmeseclassic.com

www.burmeseclassic.com



ထိုအရပ်သို့ သွားလိုရောက်လိုသူတို့ကား မှန်ကန်စွာ ကြိုးစား အားထုတ်၍ သွားနည်းသွားပုံကို စနစ်တကျ ညွှန်ပြနိုင်သော အရဏ်အလင်းကား ထွန်းပခဲ့လေပြီ။ ထို အလင်းညွှန်ရာအရပ်ဖြစ်သည့် မိုးကုတ်ဝိပဿနာ ချမ်းအေး ခမ္မရိပ်သာ (မော်တီ)ကို ပေါ်ပေါက်စေခဲ့သူ ဆရာကြီး ဆရာမကြီး တို့၏ ကျေးဇူးတရား အတိုင်းမသိ ကြီးမားလွန်းပါ၏။ **ကျွန်တော် တို့ကသာ လူမိုက်ဖြစ်ချင်သလား၊ လိမ္မာသူ ဖြစ်ချင်သလား၊ မိမိဘာသာ ဆုံးဖြတ်ရန်သာ ရှိတော့၏။**

လိမ္မာလိုသူ အားလုံးအတွက် အလင်းတံခါးကား ပွင့်ခဲ့ လေပြီ။ အရဏ်အလင်းလည်း ရှင်းရှင်းပြတ်ပြတ် မြင်ခွင့်၊ တွေ့ခွင့် ရှိနေလေပြီ။

တစ်ဆင့်မြင့်တက်သည့် နေပမာ အလင်းရောင်ဖြာနိုင်ဖို့ သာ မိမိတို့ကိုယ်တိုင် ကြိုးစားအားထုတ်ဖို့လိုပြီ မဟုတ်ပါလား။

**လေးစားချစ်ခင်စွာဖြင့်**

**မောင်စိန်ဝင်း (ပုတီးကုန်း)**

www.burmeseclassic.com

www.burmeseclassic.com



# "အမှောင်အလင်း"

မောင်စိန်ဝင်း (ပုတီးကုန်း)

www.burmeseclassic.com

www.burmeseclassic.com



အားလုံး မင်္ဂလာပါခင်ဗျာ။

အမှန်တော့ဗျ ဒီနှစ် ဟာသပြောပွဲတွေ အရမ်းများပါတယ်။ ဒီညပွဲကို ကျွန်တော်တို့ရဲ့ဆရာဖြစ်တဲ့ ဆရာငြိမ်းကျော်ရဲ့ သမီးလေးကိုယ်တိုင်ပြောလို့ ကျွန်တော်တို့ ဆိုက်ဆိုက်မြိုက်မြိုက် ဒီမှာ ဟာဖြစ်ပါတယ်။ ဟာရတာ အင်မတန်လည်း ကောင်းပါတယ်။

စောစောက ဟာသွားတဲ့ စာရေးဆရာမ မစန္ဒာဆိုတာ ကျောင်းတုန်းကတည်းက ကျွန်တော်တို့နဲ့အတူတူ စာရေးဖော်ရေးဖက် အတူတူ ရင်းနှီးကျွမ်းဝင်ခဲ့ပါတယ်။ သူဟာတာ အင်မတန် ကောင်းတယ်။ အခု သူ့မှာ သူ့အမေကိစ္စရှိလို့ နောက်မှာ သူ့မှာပြောစရာတွေ အများကြီးရှိပါတယ်။ သူနဲ့ ကျွန်တော်နဲ့တွဲပြီး မဟာဖြစ်တာ တော်တော်ကြာပြီ။

ဒီမှာ အတ္တုပ္ပတ္တိပေးတဲ့အချိန်မှာ ခေါင်းစဉ် ကျွန်တော်တို့ ပါမသွားပါဘူး။ ဒီညပြောမယ့်ခေါင်းစဉ်က **“အမှောင်အလင်း”** ဆိုတဲ့ ခေါင်းစဉ်ကို ကျွန်တော်ဟာပါမယ်။

ဟာသပြောပွဲ တော်တော်များများမှာ တွေ့နေရတဲ့ကိစ္စ **“အမှောင်အလင်း”**ကိစ္စ ပြောပါမယ်။ ကျွန်တော်တို့ကို မီးတွေ

www.burmeseclassic.com

www.burmeseclassic.com



ထိုးထားပါတယ်။ ဗီဒီယိုတွေကလည်း အခုဆိုရင် ပွဲထဲမှာ ရိုက်ပါတယ်။ အရုပ်ထွက်ကောင်းအောင်ဆိုပြီးတော့၊ အမှန်ကတော့ ကျွန်တော်တို့ ဒီရုပ်တွေက ဘယ်လောက်ပဲ မီးထိုးထိုး ဒီရုပ်က ဒီရုပ်ပါပဲ။ မထူးပါဘူး။

အရုပ်ထွက်ကောင်းအောင် မီးတွေထိုးတော့ အပေါ်က လင်းတယ်၊ ပြဿနာက အပေါ်ကလင်းတော့ အောက်က မှောင်တယ်။

(လက်ခုပ်သံများ)

အပေါ်ကလင်းနေသမျှ အောက်ကမှောင်ရင် အပေါ်က လူက အောက်ကို မမြင်ဘူး ခင်ဗျ။ အဲဒါဆို သိပ်သေချာတာ အခု ကျွန်တော်လည်း မမြင်ဘူး။ စင်အောက်မှာ ဘာတွေ ဖြစ်နေလဲ ကျွန်တော် မသိဘူး။ အပေါ်ကနေ ပြောချင်တာသာ လျှောက်ပြောမယ်။ အောက်မှာ ဘယ်လိုဖြစ်မလဲ။

အခု ကျွန်တော်ပြောမယ့် **"အမှောင်အလင်း"** ကိစ္စက လင်းချင်လည်း တစ်ပြေးညီ လင်းလိုက်၊ မှောင်ချင်လည်း တစ်ပြေးညီ မှောင်လိုက်။ အဲဒီလို မဟုတ်ဘဲနဲ့ ကျွန်တော်တို့က လင်းချင်တဲ့နေရာက လင်းတယ်။ များသောအားဖြင့် စင်ပေါ်က လင်းတယ်၊ အောက်က မှောင်တယ်။ အခု လောလောဆယ် မီးတွေထိုးထားတော့ ကျွန်တော့်မှာ အလင်းတွေ အများကြီးပဲ ဟိုးနောက်ကို မမြင်ရဘူး။ နည်းနည်း အားစိုက်ကြည့်ရင် ရှေ့က

www.burmeseclassic.com

www.burmeseclassic.com



နည်းနည်းမြင်ရတယ်။ အပေါ်နည်းနည်း နီးတဲ့နေရာတွေတော့ နည်းနည်းလင်းတာပေါ့။ ဟိုး အနောက်ကကျ မလင်းတော့ဘူး။

(လက်ခုပ်သံများ)

အဲဒီတော့ ကျွန်တော်က ရိုးရိုးသားသားပြောတာပါ။ ကျွန်တော်တို့က တွေးတာကတော့ ကိုယ့်အလုပ်ပဲဗျာ။ ကိုယ့်ဘာသာ တွေးပေါ့။ ဥပမာ "**အလင်းအမှောင်**"ဆိုလို့ ခေါင်းထဲ တစ်ခုရောက် လာတယ်ဗျာ။ ကျွန်တော်တို့ ဆရာချစ်ဦးညို ပါတယ်။ ရှမ်းပြည်ဘက်မှာ သွားဟောတုန်းက အဲဒီအချိန်မှာဗျ။ ရောဝတီမြစ်ကိစ္စ တော်တော် ဟောနေတဲ့အချိန်ဗျ။ အဲဒီတော့ ဘာဖြစ်တယ်၊ ညာဖြစ်တယ် အော်နေတဲ့အချိန်။

အဲဒီမှာ ပြည်ပသတင်းဌာနက ကျွန်တော့်ဆီကို လှမ်းပြီးတော့ ဖုန်းလှမ်းဆက်တယ်။ အဲဒီ "**အမှောင်အလင်း**"ကိစ္စ။

"**အဲဒီမြစ်ဆုံဆည်ကြီး ပြီးသွားလို့ရှိရင် တစ်နိုင်ငံလုံး လင်းသွားမယ်ပြောတယ်။ အဲဒါ ဆရာ ဘယ်လို သဘော ရသလဲ**" တဲ့။

ကျွန်တော်က အင်တာဗျူးတွေမှာ ကွေ့ကွေ့ဝိုက်ဝိုက် မပြောတတ်ဘူးဗျ။ မပြောတတ်တော့ ကျွန်တော့်က ရိုးရိုးပဲ ပြောလိုက်တယ်။

"**ကျွန်တော်တို့နိုင်ငံက မြစ်၊ ကျွန်တော်တို့နိုင်ငံက သစ် အဲဒါတွေနဲ့ ရင်းပြီးမှရတဲ့ အလင်းထဲမှာတော့ မနေ**

www.burmeseclassic.com

www.burmeseclassic.com



**တော့ဘူး။ အမှောင်ထဲမှာပဲ နေမယ်။ အလင်းတော့ မယူတော့ဘူး**''လို့ ကျွန်တော်ပြောလိုက်တယ်။

မှောင်တယ်၊ လင်းတယ်ဆိုတာကလည်းဗျ တစ်ခါ တလေတော့ ကျွန်တော်တို့က လင်းအောင်လို့ ဘာတွေ ပေးလိုက်ရသလဲ။ ဒီအပေါ်မှာ လင်းနေပြီး အောက်က မှောင် နေတဲ့ကိစ္စတွေ သဘာဝမှာ အများကြီး ရှိတယ်ဗျ။

ဩော်...ဒီနေ့ ကျွန်တော်ပြောမယ့် ''**အမှောင်အလင်း**'' ကို ဒါဒီနေ့ပွဲ၊ ဗုဒ္ဓပူဇနိယပွဲလည်း ဖြစ်တယ်။ စာရေးဆရာမ မစန္ဒာလို အဲဒီလို ဘာသာရေးနဲ့ပတ်သက်တာတွေ မပြောတတ် ပါဘူး။ မပြောတတ်တော့ ကျွန်တော့်ခေါင်းထဲ အခုစဉ်းစားတဲ့ ''**အမှောင်အလင်း**'' ကိစ္စလေး ဘာသာရေးနဲ့ နည်းနည်းနွှယ် ပြီးတော့ ကျွန်တော် ပြောပြမယ်။

ဗုဒ္ဓက ''**အမှောင်နဲ့အလင်း**''ကို ဟောခဲ့ဖူးတယ်ဗျ။ အဲ . . .ဘယ်မှာဟောလဲဆိုတော့ **ဗာလပဏ္ဍိတသုတ်မှာ** ဗုဒ္ဓက ''**အမှောင် အလင်း**''ကို ဟောတယ်။ သူက အင်မတန် ရှင်းတယ်။ ဗုဒ္ဓဟောတဲ့ ''**အမှောင်အလင်း**''ကို ပထမပြောပါရ စေ။ ဗာလဆိုတာ အားလုံးသိတဲ့ **လူမိုက်၊ ပဏ္ဍိတ** ဆိုတာ ပညာရှိ။ အဲဒီမှာ ဗုဒ္ဓက ''**အမှောင် အလင်း**''နဲ့ ပတ်သက်ပြီး ပြောသွားတယ်။

''**မိုက်မဲသူတို့သည် မှောင်သောအရပ်မှလာ၍ မှောင် သောအရပ်မှာနေ၍ အမှောင်ရှိရာအရပ်သို့ သွားကြ၏**'' တဲ့။

www.burmeseclassic.com

www.burmeseclassic.com



**"ပညာရှိတို့သည် မှောင်သောအရပ်မှလာ၍၊ မှောင်သောအရပ်မှာနေ၍၊ သို့သော် အလင်းရှိရာအရပ်သို့ သွားကြသည်"** တဲ့။

အဲဒါ ဗုဒ္ဓက ဘယ်လို အဓိပ္ပာယ်ဖွင့်လဲဆိုတော့ **မှောင်သော အရပ်**ဆိုတာ ကျွန်တော်တို့ရဲ့အတိတ်၊ အတိတ်က အဲဒီဘဝတွေမှာ ကျွန်တော်တို့က **"အဝိဇ္ဇာနဲ့ တဏှာ"**ဆိုတဲ့ အမှောင်ထဲကလာလို့ ၃၁ ဘုံလုံးမှာ ကျင်လည်ပြီးတော့ အခုဘဝမှာ **"အဝိဇ္ဇာ၊ တဏှာ"**ထဲမှာ ကျွန်တော်တို့နေနေတာ။ အဲဒီတော့ ကျွန်တော်တို့က ဒီအတိုင်းဆက်နေရင် နောက်ဘဝတွေမှာလည်း **"အဝိဇ္ဇာ၊ တဏှာ"** ရှိတဲ့ ၃၁ ဘုံထဲကိုပဲ ကျွန်တော်တို့ ပြန်သွားနေဦးမှာ။ အဲဒါ **လူမိုက်** တွေပါ။

**လူလိမ္မာ** တွေကျတော့ လူ့ဘဝ လူဖြစ်လာကတည်းက စောစောက အမှောင်ရှိတဲ့ **"အဝိဇ္ဇာ၊ တဏှာ"** ဆီကလာတယ်။ အခု လောလောဆယ် **"အဝိဇ္ဇာ၊ တဏှာ"**တွေနဲ့ ရစ်ထွေးပြီးတော့ နေတယ်။ ဒါပေမဲ့ သူက နောင်ဘဝကျလို့ရှိရင် **"အဝိဇ္ဇာ၊ တဏှာ"** မရှိတဲ့ **"အလင်းရှိရာ"**အရပ်ကို သွားပါလိမ့်မယ်။ အဲဒီ **ပညာရှိ**ဟာ သွားရာလမ်းကြောင်း တစ်ကြောင်းတည်းပဲ ရှိပါတယ်။ **အဲဒါဟာ မဂ္ဂင်ရှစ်ပါးနဲ့ ဝိပဿနာ ရှုတဲ့နည်းပါပဲ။** ဗုဒ္ဓဟောတဲ့ **"အမှောင် အလင်း"**ဟာ ကျွန်တော်တို့ ဒီ**"အဝိဇ္ဇာ၊ တဏှာ"**နဲ့ ယစ်မူးနေရင်တော့ အမှောင်ထဲမှာပဲ ကျွန်တော်တို့ ပြန်ရောက်မှာပါ။

အဲဒီ **"ဝိပဿနာအလင်း"**ရှိတဲ့ဆီကို ကျွန်တော်တို့

www.burmeseclassic.com

www.burmeseclassic.com



သွားမှ ကျွန်တော်တို့ ရောက်မှာပါ။

ကျွန်တော် မိုးကုတ်ဆရာတော်ဘုရားကြီးဟောတာ အခွေ တစ်ခွေထဲမှာ နာကြားဖူးပါတယ်။ အဲဒီ **အလင်းရှိရာ** သွားချင်ရင် **နံပါတ်တစ်–ဆရာကောင်းကို ဆည်းကပ်ပါ။** **အဲဒီ ဆရာကောင်းဟာ ဘဝရဲ့ "အရှယ်တက်တဲ့နေ"ကို တွေ့ရသလို အလင်းကို စပြေပါလိမ့်မယ်။**

**အဲဒီနည်းနဲ့ တစ်ဆင့်တစ်ဆင့်မြှင့်ပြီး အလင်းပိုများလာအောင်တော့ မိမိကိုယ်တိုင်ကပဲ အဲဒီ ဝိပဿနာတရားကို အားထုတ်ပါ။** အဲဒါ ကျွန်တော်သိတဲ့ **"အမှောင်အလင်း"** ပါ။ ဒါ ဗုဒ္ဓဟောခဲ့တဲ့ **"အမှောင်နဲ့အလင်း"**။ ဒီနေ့ ကျွန်တော်ပြောမယ့် **"အမှောင်နဲ့အလင်း"**ကတော့ စောစောက ကျွန်တော်ပြောတဲ့ ကျွန်တော်တို့ ယစ်မူးနေတဲ့ ဒီလောကရဲ့ ဒီထဲမှာရှိနေတဲ့ **"အမှောင်နဲ့ အလင်း"**ကိုပဲ ကျွန်တော်ပြောပါရစေ။

အဲဒီမှာ တိုက်တိုက်ဆိုင်ဆိုင် ဒီနေ့ မတ်လ ၂၇–ရက် **"တော်လှန်ရေးနေ့"**၊ ကျွန်တော် **"တပ်မတော်နေ့"**လို့ မပြောဘူးနော် . . . **"တော်လှန်ရေးနေ့"**။ ဂျပန်တွေကို ပြည်သူတွေအားလုံးက တော်လှန်ခဲ့တဲ့နေ့။ အဲဒီကာလတုန်းက ဂျပန်ကို တော်လှန်တဲ့အင်အားကို ပြန်ကြည့်မယ်ဆိုရင် တပ်မတော် အင်အား တစ်သောင်းခွဲတည်းပဲ ရှိပါတယ်။ ပြောက်ကျားတပ်ဖွဲ့ထားတဲ့ ကျွန်တော်တို့ ပြည်သူပြည်သား အင်အား ရှစ်သောင်း ပတ်ဝန်းကျင်ရှိပါတယ်။ အဲဒီအတွက် ကျွန်တော် တင်ပြချင်း သဘောနဲ့ဆိုရင် ဒီနေ့ဟာ **"တော်လှန်ရေးနေ့"** ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



သင့်ပါတယ်။

(လက်ခုပ်သံများ)

အဲဒီတော့ ကျွန်တော်ပြောတာက မင်းပြောသလိုဆို **"တပ်မတော်နေ့"** မရှိရဘူးလား။ **"တပ်မတော်နေ့"** ရှိသင့်တာပေါ့။ တခြားနေ့ တစ်နေ့လုပ်ပေါ့။ ဘီဒီအေဖွဲ့တဲ့နေ့၊ ဘီအိုင်အေဖွဲ့တဲ့နေ့ ကြိုက်တဲ့နေ့ တစ်နေ့ လုပ်လိုက်ပေါ့။

(လက်ခုပ်သံများ)

အဲဒီတော့ သူ့နာမည်တစ်ခုတည်း ခေါင်းစဉ်တပ်ထားတော့ ပြောက်ကျားရဲဘော် ရှစ်သောင်းကျော်ဟာ ဘယ်နားသွားနေမလဲ။

(လက်ခုပ်သံများ)

ဒါ ဒါဟာ ရှင်းရှင်းလေးနဲ့ ကျွန်တော့်သဘောထားပြောပြတာနော်။

(လက်ခုပ်သံများ)

www.burmeseclassic.com

www.burmeseclassic.com



အဲဒီတော့ ဘယ်လိုပြောမလဲဆိုတော့ ဒီမှာ ဒီနေ့ဟာ **"တော်လှန်ရေးနေ့"** ဖြစ်တဲ့အတွက် တော်လှန်ရေးနဲ့ ပတ်သက်တာလေး နည်းနည်း ကျွန်တော်ပြောပြပါရစေ။ ကျွန်တော်ကလည်း သေချာ ကျွန်တော် ပြောနေကျ မဟုတ်ပါဘူး။ ကမန်းကတန်း ကျွန်တော် စာအုပ်တစ်အုပ် ကောက်ဖတ်ပြီးတော့ အဲဒီထဲကဟာ ပြောမှာပါ။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ကဗျ... ဘာနေ့ ဘာနေ့ဆိုပြီးတော့ မသိတာတွေ များများနေတယ်။ အရင်တစ်ချိန်တုန်းက ကျောင်းတွေ ဘာတွေမှာဗျာ၊ စာစီစာကုံးတွေ ရေးရသေးတယ်။ ဆရာ ဆရာမတွေ ပြောသေးတယ်၊ သိနေရသေးတယ်။ အခု ကျွန်တော်တို့က နှစ်နှစ်ဆယ်ကျော် နှစ်သုံးဆယ်လောက် ဘာနေ့တွေ ဘာတွေဆိုတာ ဘာမှမသိဘူး။ **"အာဇာနည်နေ့"** တွေဆိုလည်း ဘာမှန်းမသိဘူး။ ဘာနေ့ဆိုလည်း ဘာမှန်းမသိ။

(လက်ခုပ်သံများ)

အဲဒီတော့ တကယ်ပြောရမယ်ဆိုရင်ဗျာ အရင်တလောက အဲဒီနေ့က **"အမျိုးသားနေ့"**။ **"အမျိုးသားနေ့"**နဲ့ ပတ်သက်ပြီးတော့ ကျွန်တော် ကမာရွတ်မှာဟောတော့ အဲဒီလိုပဲ တိုက်တိုက်ဆိုင်ဆိုင် ပြောပြတယ်။ **"အမျိုးသားနေ့"**ဆိုတာ အမျိုးသားစိတ်တွေ ပေါ်ပေါက်လာအောင်၊ ဘာဖြစ်အောင်၊ ညာဖြစ်အောင်ဆိုတဲ့နေ့။ ဒီလောက်ပဲ အကြမ်းဖျင်းသိတာ။

www.burmeseclassic.com

www.burmeseclassic.com



တကယ်တမ်းကျတော့ "အမျိုးသားနေ့"ဟာ စစ်စစ်ပေါက်ပေါက် သူ့အကြောင်းကိုသိမယ်ဆိုရင် အဲဒီ "အမျိုးသားနေ့"ဆိုတာ မြန်မာနိုင်ငံမှာ ကျောင်းသားတွေ ပထမဦးဆုံးအကြိမ် သပိတ်စမှောက်တဲ့နေ့။

(လက်ခုပ်သံများ)

အဲဒါ "အမျိုးသားနေ့"။

ကျွန်တော်တို့က အဲဒီလောက်တော့ စစ်စစ်ပေါက်ပေါက် သိရမှာပေါ့ . . . ဟုတ်တယ်မဟုတ်လား။ ဒါမှ ကျွန်တော်တို့ ကျောင်းသားတွေ လွတ်လပ်ရေးအတွက် ဘယ်ကဏ္ဍက ပါခဲ့တာလဲ။ ကျွန်တော်တို့ ကျောင်းသားတွေ အလကား နေ နေတာ မဟုတ်ဘူး။ အဲဒီ ပထမဆုံးအကြိမ် အင်္ဂလိပ်ကို သပိတ်စမှောက်ရဲတာ ကျောင်းသားတွေ။

(လက်ခုပ်သံများ)

ဒါ ဒါ အဲဒီနေ့နဲ့ မဆိုင်လို့ ကျွန်တော် အသေးစိတ် မပြောတော့ပါဘူး။ ဒါကို အားလုံးလည်း သိမှာပါ။ ကျွန်တော် တို့က ဗမာပြည်မှာ အစတုန်းက ကောလိပ်နှစ်ခု ထားတယ်ဗျာ။ အဲဒီ အင်္ဂလိပ်လက်ထက်မှာ ဂျပ်ဆင်ကောလိပ်နဲ့ ရန်ကုန် ကောလိပ်။ အဲဒီနှစ်ခုကို ပေါင်းတယ်ဗျာ။ ရန်ကုန်တက္ကသိုလ်

www.burmeseclassic.com

www.burmeseclassic.com



လုပ်မယ်ဆိုပြီး အင်္ဂလိပ်အစိုးရက ကြေညာတယ်။ အဲဒီ အင်္ဂလိပ်အစိုးရ ကြေညာတဲ့ ရန်ကုန်တက္ကသိုလ်ဟာ ကိုလ်ကတ္တားတက္ကသိုလ်ရဲ့ လက်အောက်မှာရှိရမယ်။ ပြီးတော့ စည်းကမ်းတွေ ဆွဲလိုက်တယ်။ အဲဒီ စည်းကမ်းတွေကို ကျောင်းသားတွေက မကျေနပ်ဘူး။ ဘာလို့မကျေနပ်လဲ။ အဲဒီ ကျောင်းသားတွေက အဲဒီစည်းကမ်းတွေက မတရားဘူးထင်တယ်။ အင်္ဂလိပ်အလိုတော်ရိတွေ၊ အင်္ဂလိပ်သားသမီးတွေ၊ အင်္ဂလိပ်ရဲ့ ဝန်ထမ်းသားသမီးတွေပဲ ကျောင်းတက်နိုင်မယ်။ ကျန်တဲ့ ကျွန်တော်တို့ သာမန်ပြည်သူပြည်သားတွေရဲ့ သားသမီးတွေ တက္ကသိုလ် မတက်နိုင်အောင် ဆွဲထားတယ်။

အဲဒါကို မကျေနပ်လို့ ၁၉၂၀-ပြည့်နှစ်၊ ဒီဇင်ဘာ (၄)ရက်မှာ ဖွင့်မယ့်ကျောင်း...။ အဲဒါကို ဒီဇင်ဘာ (၅)ရက်မှာ ကျောင်းသားတွေက သပိတ်စမှောက်တယ်။ အဲဒီ သပိတ်စမှောက်တဲ့အချိန်မှာ ထွက်လာတဲ့ကျောင်းသားတွေ စာသင်မပျက်အောင်ဆိုပြီး ဆရာကြီးသခင် ကိုယ်တော်မှိုင်း၊ ဆရာကြီးဒီးဒုတ်ဦးဘချိုတို့ ဦးဆောင်ပြီးတော့ အမျိုးသားကောလိပ်ကို ဖွင့်ပေးတယ်။ အဲဒီကနေတစ်ဆင့်၊ တစ်ဆင့် တစ်နိုင်ငံလုံးမှာ အမျိုးသားကျောင်းတွေ ပေါ်လာတယ်။

အမျိုးသားနေ့ဖြစ်ဖို့ ဖြစ်ပုံဖြစ်နည်းကလည်း အဲဒီ သပိတ်မှောက်တဲ့နေ့ တစ်နေ့တည်း ရွေးတာမဟုတ်ဘူး။ ကျွန်တော်တို့ အဲဒီ အချိန်တုန်းကဗျာ ဂျီစီဘီအေအသင်းဆိုတာ ရှိတယ်။ ဂျီစီဘီအေအသင်းဆိုတာ လွတ်လပ်ရေးရအောင်

www.burmeseclassic.com

www.burmeseclassic.com



ကြီးစားနေတဲ့အသင်း။ အဲဒီ အသင်းကနေပြီးတော့ အမျိုးသားနေ့ တစ်နေ့ သတ်မှတ်မယ်ဆိုပြီးတော့ တိုင်ပင်ဆွေးနွေးတဲ့အခါ နေ့ သုံးနေ့ ထွက်လာတယ်။ ပထမနေ့က သီပေါမင်းပါတော်မူ သောနေ့၊ ဒုတိယက ဆရာတော် ဦးဥတ္တမ ထောင်ကျတဲ့နေ့၊ တတိယက ကျောင်းသားတွေ အင်္ဂလိပ် အစိုးရကို သပိတ်စ မှောက်တဲ့နေ့။ အဲဒီနေ့တွေထဲကမှ ရွေးလိုက်တာမှ ကျောင်း သားတွေ အင်္ဂလိပ်အစိုးရကို စတင်သပိတ်မှောက်တဲ့နေ့ဟာ အမျိုးသားနေ့ ဖြစ်လာတယ်။ အဲဒီလောက်သိရင် ကျွန်တော်တို့ ကျောင်းသားတွေကိုလည်း လေးစားရာရောက်တယ်။ သူတို့ကို ဂုဏ်တင်ပေးရာရောက်တယ်။ အဲဒီလောက်တော့ ကျွန်တော်တို့ ဆရာ၊ ဆရာမတွေ လူကြီးသူမတွေက ကလေးတွေကို ပြောသင့်ပါတယ်။

ဒီနေ့က **"တော်လှန်ရေးနေ့"** . . . ။

ပထမဦးဆုံး နံပါတ်တစ် ကျွန်တော် စပြောချင်တာက တော်လှန်ရေးနေ့ဆိုတာ ဂျပန်ကို ကျွန်တော်တို့ စစ်တပ် တစ်ခုတည်းက မဟုတ်ဘဲနဲ့ တစ်နိုင်ငံလုံး တော်လှန်တွန်းလှန် ခဲ့တဲ့နေ့။ အဲဒီနေ့ရဲ့ အကျဉ်းချုပ်ကလေးကို ကျွန်တော်ပြောပြမယ်။ ကျွန်တော်မှားမှာစိုးလို့ စာရွက်ကလေးနဲ့ သေချာမှတ်ထားပါတယ်။

ဂျပန်တွေက ၁၉၄၂-ခုနှစ်၊ မတ်လမှာ ဗမာပြည်ကို ဝင်လာတယ်။ ဂျပန်တွေက ဝင်လာပြီးတော့ ၁၉၄၂-ခုနှစ်မှာ ဝင်လာပြီးတော့ ၁၉၄၃-ခု၊ ဩဂုတ် (၁) ရက်မှာ ဗမာပြည်ကို လွတ်လပ်ရေးပေးတယ်။ မင်းတို့ကို လွတ်လပ်ရေးပေးပြီကွာဆိုပြီး

www.burmeseclassic.com

www.burmeseclassic.com



ဂျပန်က ကြေညာတယ်။ ဒါပေမဲ့ အားလုံးသိတဲ့အတိုင်း အဲဒီ လွတ်လပ်ရေးကို ကျွန်တော်တို့က **"ရွှေရည်စိမ်လွတ်လပ်ရေး"** လို့ ခေါ်တယ်။

ဗိုလ်ချုပ်အောင်ဆန်းက သူ့မိန့်ခွန်းထဲမှာ ပြောတဲ့ အချိန်မှာ အဲဒါ **"စက္ကူပေါ်က လွတ်လပ်ရေး"**၊ **"စာရွက်ပေါ်က လွတ်လပ်ရေး"**လို့ ပြောတယ်။ အဲဒီ လွတ်လပ်ရေး ဆိုတာ ပေးပြီးတော့ ကျွန်တော်တို့ ဗမာတွေ ဘာမှ မလွတ်လပ်ခဲ့ဘူး။ ဘာမှ မထူးခြားဘူး။

အဲဒီအချိန်မှာ အဲဒီလွတ်လပ်ရေး တစ်နှစ်ပြည့်တဲ့နေ့မှာ ဗိုလ်ချုပ်အောင်ဆန်းက စစ်ဝန်ကြီး။ အဲဒီ ဂျပန်ဗိုလ်ချုပ်ကြီးရှေ့မှာ ဗိုလ်ချုပ်အောင်ဆန်းက မိန့်ခွန်းပြောပါတယ်။ အဲဒီမိန့်ခွန်းမှာ ဗိုလ်ချုပ်အောင်ဆန်းက သူ့စိတ်ထဲရှိတာတည့်တည့် သူပြော ပါတယ်။

**"ခင်ဗျားတို့ပေးတဲ့လွတ်လပ်ရေးဟာ စက္ကူပေါ်က လွတ်လပ်ရေး၊ စာရွက်ပေါ်က လွတ်လပ်ရေး၊ ကျွန်တော်တို့ တိုင်းပြည်က ပြည်သူတွေက ဘာမှ မလွတ်လပ်ဘူး။ အဲဒီတော့ ထပ်ပြီး ဒီထက် ပြောမယ်ဆိုရင် အဲဒီလွတ်လပ်ရေးရတာကို ကျွန်တော်နဲ့တကွ ထိပ်ပိုင်းခေါင်းဆောင်တွေပဲ ခံစားခွင့်ရှိတယ်။ နောက်တစ်ဆင့် သူနဲ့နီးစပ်တဲ့ ကုန်သည်ပွဲစား။ ဒါပဲ ဂျပန်လွတ်လပ်ရေး အရသာ**

www.burmeseclassic.com

www.burmeseclassic.com



ကို သိတယ်။ အဲဒီအတွက် ကျုပ် စကားနှစ်လုံး ပြောပါမယ်။ ကျွန်တော်တို့ စွန့်စားနိုင်မှ၊ ကျွန်တော်တို့ ဆက်ပြီးသွားနိုင်မှ တကယ့် လွတ်လပ်ရေးရှိတဲ့ အရပ်ကို ရောက်မယ်''

၁၉၄၃–ခုနှစ်မှာ လွတ်လပ်ရေးပေးပြီးတော့ ၁၉၄၄–တစ်နှစ်ပြည့်တဲ့နေ့မှာ ဗိုလ်ချုပ်အောင်ဆန်းက အဲဒီလို ပြောပါတယ်။ အဲဒီ သတင်းကြားကတည်းက ပြည်သူပြည်သားတွေက ဗိုလ်ချုပ်အောင်ဆန်းက ဘာကိုပြောချင်လဲဆိုတာကို သိတယ်တဲ့။ ဒီဂျပန်ကို တစ်နေ့နေ့မှာ တော်လှန်ပြီးတော့ ခရီးဆက်နိုင်မှ တကယ့်လွတ်လပ်ရေးအမှန်ကိုရမယ်။ သူ့မိန့်ခွန်းနားထောင်ပြီး လူတွေအတော်များများ သိသွားတယ်။ အဲဒီမှာ စပြီးတော့ ဂျပန်ကို တော်လှန်ချင်စိတ်တွေ တိုးပွားပြီးတော့ လာခဲ့တယ်။

အားလုံးသိတဲ့အတိုင်းပဲ...ဒီနေရာ ကျွန်တော် ချဲ့မပြောတော့ဘူး။ ကျွန်တော်တို့ဂျပန်က ဘယ်လောက် ဗမာတွေအပေါ်မှာ နှိပ်စက်တယ်၊ ရက်စက်တယ်ဆိုတာ အားလုံးအသိပဲ။ ဂျပန်ကို တော်လှန်မယ်ဆိုပြီး ပထမဆုံး စတင်သတ်မှတ်တာက ၁၉၄၄–ခုနှစ်၊ ဩဂုတ် (၂၅)မှာ။ ဒီမတ်လ (၂၇) မဟုတ်ဘူး။ ဩဂုတ်လ (၂၅)ရက်မှာ ဂျပန်ကိုတော်လှန်မယ်ဆိုပြီး သတ်မှတ်လိုက်တယ်။ သတ်မှတ်ပေမယ့် အကြောင်းအမျိုးမျိုးကြောင့် အဲဒီရက်က ရွှေ့လျားသွားပြီးတော့ ၁၉၄၅၊ မတ်လ (၂၇)

www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့မှာ တော်လှန်ရေးစမယ် ဆိုပြီးတော့။

အဲဒီလို တော်လှန်ရေးစတဲ့အချိန်မှာ မြန်မာ တစ်ပြည်လုံးမှာ တိုင်း ခုနစ်တိုင်း ခွဲတယ်။ အဲဒီတိုင်း ခုနစ်တိုင်းကို အုပ်ချုပ်ဖို့ ဗိုလ်ချုပ်အောင်ဆန်းက သရက်မှာ ဌာနချုပ်ဖွင့်ပြီးတော့ အဲဒီကနေ ကွပ်ကဲပြီးတော့ အမိန့်ပေးနေတယ်။ အဲဒီ (၂၇) ရက် မတိုင်မီမှာ ကိုယ်တာဝန်ကျရာ တိုင်းတွေကို တပ်တွေ အကုန်ထွက်ရမယ်၊ ဗိုလ်ချုပ်အောင်ဆန်း အမှူးပြုတဲ့ ကျန်တဲ့ တပ်တွေက အဲဒီဌာနချုပ် သရက်ကို နောက်တော့ ထွက်လာမယ်။ ပြီးတော့ သူ လှမ်းပြီးကွပ်ကဲမယ်။ မတ် (၂၇)ရက်မှာ တစ်နိုင်ငံလုံး ဂျပန်ကို စပြီးတော်လှန်မယ်ဆိုပြီးတော့ ဆုံးဖြတ်ခဲ့တယ်။ ဒါပေမဲ့ အကြောင်းအမျိုးမျိုးကြောင့် တချို့နေရာတွေမှာ တော်လှန်ရေးကာလက စောသွားပါတယ်။ ဥပမာ–ရခိုင်မှာ၊ မိတ္ထီလာမှာ မတော်လှန်မဖြစ်လို့ မတ်လ(၂၇)ရက်ထက်စောပြီး ဖေဖော်ဝါရီလလောက်ကတည်းက တော်လှန်ရေးတွေ စခဲ့ရပါတယ်။

ဗိုလ်မှူးကြီးဗထူး ဦးစီးတဲ့တပ်က သူကလည်း စောပြီးတော့၊ သူက ဘယ်မှာလဲဆိုတော့ မတ်လ (၈)ရက်မှာ တော်လှန်ရေးစခဲ့ရတယ်။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီအချိန်မှာ ကျွန်တော်တို့က မန္တလေးကိုဝင်တဲ့ အင်္ဂလိပ်အစိုးရရဲ့တပ် အိန္ဒိယ တပ်တွေက မန္တလေးကို ဝင်တိုက်တယ်။ ဝင်တိုက်တဲ့အချိန်မှာ ဗိုလ်မှူးကြီးဗထူးနဲ့ အဆက်အသွယ်ရပြီးတော့ ဗိုလ်မှူးကြီးဗထူးက အဲဒီမှာ သွားကူရမယ်။ ကူရမှာဆိုတော့ "ဂျပန်ကိုတော်လှန်

www.burmeseclassic.com

www.burmeseclassic.com



ပြီကွာ'' ဆိုပြီးတော့ စပြီးတော့ မတ်လ (၈)ရက်ကတည်းက သူ စပြီးတော့ ပူးပေါင်းပြီးတော့ ကူညီလိုက်ရတယ်။

အဲဒီအချိန်မှာ ဗိုလ်ချုပ်အောင်ဆန်းအမှူးပြုတဲ့တပ်က သူ့ နယ်အသီးသီးကို မထွက်ကြသေးဘူး။ တိုင်း ခုနစ်တိုင်း မထွက်ကြသေးဘူး။ ဘယ်နေ့မှာ စထွက်ကြလဲဆိုတော့ ကျွန်တော်တို့ ဒီမတ်လ (၁၇)ရက်မှာ (၁၀) ရက်ကြိုပြီးတော့ တော်လှန်ရေးပန်းခြံကနေ ပြီးတော့ မနက်စောစောမှာ ထွက်ပါတယ်။ အဲဒီထွက်တဲ့အချိန်မှာ တပ်ထိပ်ကအလံက သုံးရောင်ခြယ် ကဒေါင်းအလံကို တင်ထားပါတယ်။

အဲဒီမှာပြောတဲ့ ဗိုလ်ချုပ်အောင်ဆန်း မိန့်ခွန်းက အားလုံး သိပြီးသားဖြစ်တဲ့အတိုင်း တကယ့် သမိုင်းဝင်မိန့်ခွန်း။

"**ငါတို့ ဗမာ့သွေးကိုပြကြ၊ အနီးကပ်ဆုံးရန်သူကို ရှာတိုက်ကြ**" အားလုံးက တစ်နိုင်ငံလုံးက သဘောပေါက်တယ်။ အနီးကပ်ဆုံး ရန်သူက ဂျပန်ပဲ။

"**ဂျပန်ကို တိုက်ကြတော့လို့**" ဗိုလ်ချုပ်အမိန့်ပေး လိုက်ပြီ ဆိုတာ လူတိုင်းသိပြီးတော့ အဲဒီအချိန်မှာ ဗိုလ်ချုပ် ဦးစီးတဲ့ တပ်မှာ အင်အား တစ်သောင်းငါးထောင်ပဲ ရှိတယ်။ အဲဒီလို အနယ်နယ်အရပ်ရပ်မှာ ပြောက်ကျားဖွဲ့ထားတဲ့တပ်သား ဟာ ရှစ်သောင်းကျော်ရှိတယ်။ အဲဒီ ရှစ်သောင်းကျော်ဟာ အားလုံး လက်နက်မရပေမယ့် အားလုံးဟာ ပြောက်ကျား တပ်သားတွေ ဖြစ်နေပါတယ်။

ကျွန်တော်တို့ ဒီမှာ စကားစပ်မိပြီးတော့ ဆရာကြီး

www.burmeseclassic.com

www.burmeseclassic.com



မင်းသုဝဏ်ရေးတဲ့ ကဗျာထဲက တော်လှန်ရေးတပ်သားလေး "သူ့မှာတမ်း"။ အဲဒီလို တပ်သားလေးတွေ မြန်မာပြည်မှာ အများကြီးပဲ။ ရွာမှာ၊ တောမှာ အဲဒီလို တော်လှန်ရေး တပ်သားလေးတွေ အများကြီး။ ဂျပန်ကို ကြုံရင်ကြုံသလို တိုက်နေကြတာ အများကြီး။ အဲဒီတော့ ပြောချင်တာက ဂျပန်ကို စပြီးတော်လှန်လိုက်ပြီ။ ဒီမတ်လ (၂၇) ရက်မှာ အကုန်လုံး စပြီးတော့ တော်လှန်ပါတယ်။ ဗိုလ်မှူးကြီးဗထူး စောစော စီးစီး တိုက်ပွဲမှာ ကျဆုံးပြီးတော့သွားပါတယ်။

မတ်လ (၁၇) ရက် တပ်ထွက်တဲ့အခမ်းအနားကလည်း ကျွန်တော် အချိန်ကုန်မှာစိုးလို့ မပြောတော့ပါဘူး။ အင်မတန်မှ ကျွန်တော်တို့ ဗမာ့သွေးကိုပြနိုင်တဲ့ ဗမာတွေ ဘယ်လောက်အထိ တက်တက်ကြွကြွရှိတယ်ဆိုတာ ပြနိုင်တဲ့ အခမ်းအနားပါ။ အဲဒီမှာ ဗိုလ်ချုပ်အောင်ဆန်း မိန့်ခွန်းပြောတယ်။ မိန့်ခွန်းပြောပြီးတော့ အားလုံး တပ်တွေ ထွက်တယ်။

ထွက်တဲ့အချိန်မှာ စောစောက ကျွန်တော်ပြောသလို ရှေ့ဆုံးက ဒေါင်းအလံကြီးက ငွားငွားစွင့်စွင့်နဲ့ လေထဲမှာ လွင့်ပြီးသွားတယ်။ နောက်က တပ်သားတွေထွက်တယ်၊ ဘေးမှာ ကျွန်တော်တို့ ပရိသတ်တွေ အများကြီးက သပြေပန်းတွေ ပန်းကုံးတွေနဲ့ တပ်သားတွေကို စွပ်ပေးတယ်။ စွပ်ပေးရင်း ကနေပြီးတော့ "**သခင်မျိုးဟေ့ ဒို့ဗမာ**" ဆိုတာမျိုး၊ "**အရေး တော်ပုံ အောင်ရမည်**" ဆိုတာမျိုး ကြွေးကြော်သံတွေနဲ့ တပ်ကို ထွက်ခဲ့ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် အဓိကပြောချင်တာက ဗိုလ်ချုပ်အောင်ဆန်း ဂျပန်တွေကို တော်လှန်ပြီးတဲ့အချိန်မှာ ပြောတဲ့မိန့်ခွန်းပါ။ အဲဒီ မိန့်ခွန်းဟာ သရက်ချောင်းဆိုတဲ့ ရွာလေးမှာ ပြောပါတယ်။ အဲဒီမိန့်ခွန်းဟာ နည်းနည်းတော့ ကြမ်းပါတယ်။ ကျွန်တော်တို့ သိထားဖို့ကောင်းလို့ ကျွန်တော်ကပြောရင် ကျွန်တော့်ပါးစပ်ထဲက ထွက်တာမျိုးဖြစ်မှာစိုးလို့ စာအုပ်ထဲက မိန့်ခွန်းအတိုင်း ကျွန်တော် ဖတ်ပြပါမယ်။

အဲဒီမိန့်ခွန်းပြောတော့ ၁၉၄၅–ခုနှစ်၊ မေလ (၁၀) ရက် သရက်ချောင်းရွာ၌ ဗိုလ်ချုပ်အောင်ဆန်းက အောက်ပါ အတိုင်း ပြောကြားခဲ့ပါတယ်။ ဂျပန်တွေကို အောင်မြင်စွာ တော်လှန်ပြီးပြီ။ အဲဒီ အချိန်မှာ ဗိုလ်ချုပ်အောင်ဆန်းပြောတဲ့ မိန့်ခွန်း။

"တချို့ကလည်း ဒီတော်လှန်ရေးကြီး ပြီးရင် ပြီးပြီလို့ ထင်နေတဲ့လူတွေက ထင်နေကြ တယ်။ ဒါတင်မကဘူး။ အင်္ဂလိပ်စစ်တပ်တို့၊ အင်္ဂလိပ်အုပ်ချုပ်ရေးတို့ လာလို့ရှိရင် ဗိုလ်တွေက နေပြီး ဗိုလ်ကြီး၊ ဗိုလ်ကြီးကနေ ဗိုလ်မှူး၊ ဗိုလ်မှူး ကနေ ဗိုလ်မှူးကြီးတွေ ဖြစ်မှာပဲ၊ ရာထူးအဆင့် အတန်းတွေ တိုးလာတော့မယ်ထင်ပြီးတော့ တစ် ယောက်နဲ့တစ်ယောက် ခြေရာတိုင်းချင်ကြတယ်။ ဒါတွေကို ကျုပ်သိတာ တော်တော်ကြာနေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ကျုပ်မပြောချင်သေးလို့ မသိချင်ယောင်ဆောင်နေတာ။ စောင့်ကြည့်သေးတာပေါ့။ ရဲဘော်တို့ ထင်သလို အင်္ဂလိပ်ပြန်လာရင် ရာထူးပဲရမလား၊ သေနတ်မောင်းပဲ ထပ်ချိုးရမလား။ အဲဒါ ခင်ဗျားတို့ စောင့်ကြည့်ပါ။ အင်္ဂလိပ်အုပ်ချုပ်ရေးကို မျှော်ပြီးတော့ အတွေးလွန်မနေကြနဲ့။ နားအလည်ဆုံးပြောရမယ်ဆိုရင် အခု ဂျပန်က ကျုပ်တို့တစ်တွေ တိုင်းရင်းသားတွေအားလုံးကို ချသွားပေမယ့် ဆီဆွတ်လို့ တော်သေးတယ်။ အင်္ဂလိပ်လာရင် ဆီမဆွတ်ဘဲ ချလိမ့်မယ်၊ ဒါပဲ ကျုပ် ပြောချင်တယ်''

(လက်ခုပ်သံများ)

အဲဒီကတည်းက နိမိတ်ဖတ်သွားတာဗျ။ နောက်လာတဲ့လူက ဆီမဆွတ်ဘဲဆိုတာ။

(လက်ခုပ်သံများ)

ကျွန်တော် ပြောချင်တာကဗျာ... အဲဒီကာလကတည်းကဗျာ... ဂျပန်ကို တော်လှန်ရုံရှိသေးတယ်။ လွတ်လပ်ရေးမရသေးဘူးဗျ။ လွတ်လပ်ရေး မရသေးဘူးဆိုတော့ အဲဒါ

www.burmeseclassic.com

www.burmeseclassic.com



အမှောင်ထဲမှာပေါ့ဗျာ။ အဲဒါ အမှောင် အတိုင်း ပြောနေတာ။ အမှောင်ထဲမှာ။

အဲဒီအမှောင်ကို ရယူပြီးတော့ လွတ်လပ်ရေးဆိုတဲ့ အလင်းကို သွားဖို့ ဗိုလ်ချုပ်အောင်ဆန်း ဘယ်လောက် ကြိုးစားခဲ့ရလဲ။

စာရေးဆရာတွေ အများကြီးပါ။ အခုဆိုရင် စင်ပေါ် တက်တာနဲ့ ဗိုလ်ချုပ်အောင်ဆန်းမပါလို့ရှိရင် စာရေးဆရာ မစစ်ဘူး။ ဟိုးအရင်တုန်းကဆိုရင် ကျွန်တော်တို့မှာ ကြောက် ကြောက်လန့်လန့်နဲ့ ဟိုမြို့နယ်မှာဆိုရင် လက်မှတ်ထိုး မပြော ပါဘူး။ ဒီမြို့နယ်မှာ လက်မှတ်ထိုး။ ပြောချင်လွန်းလို့ ကျွန်တော် တို့မှာ ကြံဖန်ပြောရတယ်။

(လက်ခုပ်သံများ)

အခုကျတော့ အဲဒီလို မဟုတ်ဘူးဗျ။ ဗိုလ်ချုပ်ပုံတွေ့၊ ပြက္ခဒိန်တွေကလည်း လမ်းဘေးတွေမှာ ပေါ်နေတော့၊ စင်ပေါ်မှာ လည်း စာရေးဆရာတွေက ပြောတယ်။

နေဦးဗျ . . . မှတ်မှတ်ရရ ခင်ဗျားတို့ဖတ်ဖူးပြီးသား ဖြစ်မှာပါ။ မော်ဒန်ဂျာနယ်မှာ ဆရာစိုးဘားဒိုင်ရေးတာ။ ခေါင်း စဉ်က **"ပန်းခြံ မင်းသား"** တဲ့။ ခပ်တိုတိုပြောမယ်ဗျာ။

ရွာတစ်ရွာမှာ ပြဇာတ်ကဖို့ မင်းသမီးသွားငှားတော့ မြို့ပေါ်က မင်းသမီး တက်ငှားတယ်။ မင်းသမီးလေးလည်း

www.burmeseclassic.com

www.burmeseclassic.com



ခေါ်လာရော မင်းသမီးလေးက အရမ်းချောတာ။ အရမ်းချောတော့ ရွာထဲမှာ ပြဇာတ်မင်းသား ဘယ်သူလုပ်မလဲဆိုတော့ တစ်ရွာလုံးက ကာလသားအကုန်လုံးက အဲဒီမင်းသမီးလေးနဲ့ တွဲချင်တာကိုးဗျ။ မင်းသားလုပ်မယ် လုပ်မယ်ဆိုပြီးတော့ လျှောက်လွှာတင်တာ ဘယ်လိုမှ မထိန်းနိုင်တော့ဘူး။ လူတွေက အများကြီးဖြစ်လာရော။

ဒါရိုက်တာနဲ့ စာရေးဆရာက အဲဒီအတိုင်းဆိုရင်တော့ မဖြစ်ဘူး။ ငါတို့ လူရွေးမှရမယ်ဆိုပြီးတော့ ရွာသင်္ချိုင်းကုန်းက ကုက္ကိုပင်အောက်မှာပဲ "**မင်းသားရွေးမယ့်ကောင်တွေ လာခဲ့ကြကွာ**" ဆိုတော့ တစ်ရွာလုံးက ကာလသားတွေ မင်းသားရွေးမယ်ဆိုပြီး လာရော။ လာတော့ အဲဒီဒါရိုက်တာနဲ့ စာရေးဆရာက စည်းဝိုင်း ဝိုင်းလိုက်ပြီး ဒီနေ့ မင်းတို့ကို အင်တာဗျူးလုပ်မှာက နှစ်ခန်းတည်းပဲ လုပ်မယ်။ တစ်ခန်းကတော့ မင်းတို့သိပ်တွဲချင်တဲ့ မင်းသမီးနဲ့ ပန်းခြံထဲမှာ တွဲလမ်းလျှောက်ပြီးတော့ နှစ်ယောက် ကြည်ကြည်နူးနူး မင်းသမီး ပခုံးလေးဖက်၊ သီချင်းလေးဆို အဲဒီအခန်း။

နောက်တစ်ခန်းကျတော့ အဲဒီလို မင်းတို့တွဲသွားနေတဲ့ အချိန်မှာ မမျှော်လင့်ဘဲနဲ့ ပန်းခြံထဲကို လူဆိုးနှစ်ယောက် ရောက်လာရော။ မင်းတို့နှစ်ယောက်ကို ထိုးလားကြိတ်လား လုပ်မယ်။ အဲဒီ လူဆိုး နှစ်ယောက်အဖြစ် သရုပ်ဆောင်မယ့် ငါတို့အကူအညီတောင်းထားတဲ့ မြို့ပေါ်က တကယ့်လက်ဝှေ့ချန်ပီယံ နှစ်ယောက်၊ အဲဒီမှာရှိတယ်။ ဒီမှာ မင်းသမီးရှိတယ်

www.burmeseclassic.com

www.burmeseclassic.com



ဒီမှာ လက်ဝှေ့ချန်ပီယံနှစ်ယောက် ရှိတယ်။

အဲဒီတော့ "မင်းတို့ထဲက တစ်ယောက် လာမယ်ကွာ" အဲဒီတစ်ယောက်က အဲဒီတစ်ယောက် မင်းသမီးနဲ့ တွဲတဲ့ အခန်းကစပြီးတော့ ပန်းခြံထဲ လမ်းလျှောက်တဲ့အခန်း စပြီး တိုက်မယ် ခေါ်လိုက်တော့ တစ်ရွာလုံးက ကာလသားတွေ စည်းဝိုင်းထဲ ဝင်ချလာတယ်။ အဲဒီလိုဆို ဘယ်လိုလုပ်ပြီး အင်တာဗျူးလို့ရမလဲ။ တစ်ယောက်စီလာ၊ 'ကျန်တဲ့လူတွေ ပြန်ထွက်ပါ' ပြောတော့ ဘယ်သူမှမထွက်ဘူး။ အကုန်လုံးဗျာ၊ ဒီမင်းသမီးနဲ့ တွဲရမယ်ဆိုပြီးတော့ စည်းဝိုင်းထဲမှာ အကုန်လုံး ပြုံနေတယ်။

ဒါကြောင့် စာရေးဆရာလုပ်တဲ့လူက ဒါရိုက်တာကို အကြံပေးတယ်။ 'ဟဲ့လူ . . .ဒီအတိုင်းဆိုရင်တော့ နေဝင်သွားမယ်၊ ဖြစ်မှာမဟုတ်ဘူး၊ နောက်အခန်းကစပြီးတော့ လုပ်မယ်ဗျာ' ဆိုပြီးတော့ 'ကဲ. . .အဲဒါဆို ခင်ဗျားတို့အားလုံး ခဏပြန်ထွက်၊ မင်းသမီးနဲ့တွဲတာ နောက်မှလုပ်မယ်ဗျာ၊ လူဆိုးနဲ့ ဖိုက်တင်ချတဲ့အခန်း အရင်လုပ်မယ်၊ အဲဒါဆိုရင် ခင်ဗျားတို့ထဲက "တစ်ယောက်လာခဲ့" ဆိုတော့ တစ်ယောက်မှ မလာတော့ဘူး။

အဲဒီတော့ ကျွန်တော်တို့နိုင်ငံလည်း အဲဒီလိုဖြစ်နေတာဗျ။ မင်းသမီးနဲ့အတူ တွဲရတော့မယ်ဆိုတော့ တအုံးအုံးနဲ့။

(လက်ခုပ်သံများ)

www.burmeseclassic.com

www.burmeseclassic.com



လူကြမ်းနဲ့ချရတော့မယ့်အချိန်ဆိုရင်တော့ မရှိတော့ဘူး။ လူတွေ အကုန်လုံးက . . .။

(လက်ခုပ်သံများ)

အဲဒီတော့ ကျွန်တော်ပြောချင်တာက သိပ်ပြီး ရှည်ရှည်ဝေးဝေး မဟုတ်ပါဘူး။

တကယ်အနှစ်ချုပ်ကိုပဲ ကျွန်တော်ပြောပြမယ်။ ဗိုလ်ချုပ်အောင်ဆန်းရဲ့ တကယ့် Life ကို ကျွန်တော်တို့က ကတ္တားခွဲကြည့်လိုက်ရင် နှစ်မျိုးတည်းမှာပဲ ရှိတယ်။ ခေါင်းစဉ်နှစ်မျိုးအောက်မှာပဲ ရှိတယ်။

**တစ်မျိုးက ကိုယ်ကျင့်တရား၊**
**နောက်တစ်မျိုးက မှန်ရာကိုလုပ်ရဲတဲ့သတ္တိ။**
အဲဒီနှစ်ခုတည်းပဲ ရှိတယ်။

သူလုပ်သမျှ လုပ်သမျှ ကိစ္စတွေအကုန်လုံးကို ခွဲလိုက်။ ခွဲလိုက်လို့ရှိရင် တစ်ခုက သူ့ကိုယ်ကျင့်တရားအတွက် သူလုပ်တာ။ ကိုယ်ကျင့်တရားနဲ့ ဆိုင်တယ်။

ဥပမာဗျာ. . .ရဲဘော်သုံးကျိပ် ဂျပန်ပြည် ရောက်တယ်။ ဂျပန်ရောက်ရောက်ချင်း ဂျပန်ဗိုလ်ချုပ် ဗိုလ်မိုးကြိုး ဖြစ်လာမယ့်သူက "ကဲ. . .မင်းတို့ ခရီးပန်းလာတယ်။ မင်းတို့လူငယ် ၁၁၀ မကောင်းတဲ့မိန်းမ ခေါ်ပေးမယ်"။ အဲဒီအချိန်မှာ ဗိုလ်ချုပ်က တကယ့်လူပျို စစ်စစ်။ အရမ်းမျက်နှာကြီးနီပြီး

www.burmeseclassic.com

www.burmeseclassic.com



ရှက်ပြီးတော့ "ဟာ . . . မလိုပါဘူး ကျွန်တော့်အတွက်" လို့ ပြောလိုက်တယ်။

နောက်နှစ်ရက်လောက်ကြာတော့ တစ်ခါ တိုက်ျကြ အခန်းရောက်တော့လည်းပဲ အဲဒီ မကောင်းတဲ့မိန်းမတွေရှိတဲ့ အခန်းကို သွားကြရအောင်ဆိုပြီး လာခေါ်တယ်။ အဲဒီ အချိန်မှာလည်း ဗိုလ်ချုပ်က "ကျုပ် အဲဒါတွေဝါသနာမပါဘူး၊ လာမခေါ်နဲ့" လို့ နှစ်ခါပြောတယ်။ ဒါ သူ့ကိုယ်ကျင့်တရားပဲ။ အဲဒီလိုပဲ သူ့အကြောင်းဖတ်လိုက် တစ်ခုခု ဖတ်လိုက်ရင် ကိုယ်ကျင့်တရားဆိုတဲ့ဘက်မှာ တစ်ဖက်ရှိမယ်။

နောက်တစ်ချက်က ဘယ်သူ့မျက်နှာမှ မထောက်ဘဲနဲ့ ဘယ်သူ့မှ အားမနာဘဲနဲ့ သူ မှန်တာကိုပြောရဲတယ်၊ မှန်တာကို လုပ်ရဲတယ်၊ မှန်တဲ့ဘက်မှာ ရပ်တယ်ဆိုတဲ့ ကဏ္ဍထဲမှာ တစ်ချက် ရှိတယ်။ ဒီနှစ်ပိုင်းလည်းရှိတယ်။

အဲဒီတော့ သူက အဲဒီသူလုပ်ခဲ့တဲ့နှစ်ခုကို သူ့တပည့်တွေကို သူ့မိသားစုကို ပြန်ဆုံးမတယ်။

အဲဒီနှစ်ခုကို အင်္ဂလိပ်လိုပြောပါတယ်။

**လောကမှာရှိတဲ့ လူတွေအတွက် အရေးကြီးဆုံးနှစ်ခုပဲရှိတယ်။**

**တစ်ခုက Character ကိုယ်ကျင့်တရား။**

**နောက်တစ်ခုက Love of Truth အမှန်ကို ချစ်ခြင်း။**

www.burmeseclassic.com

www.burmeseclassic.com



(လက်ခုပ်သံများ)

အဲဒါဟာ လောကမှာ အရေးကြီးဆုံးပဲလို့ ပြောပါတယ်။ အဲဒီတော့ ဒီနေရာမှာ အကုန်လုံးကတော့ သိပြီးသားပါ။ ဒီနေရာလေးမှာ ကျွန်တော် ထပ်ပြီး Hilight လုပ်ပေးချင်တာ၊ **Love** ချစ်တာ၊ **Like** ကြိုက်တာ မဟုတ်ဘူး။ ကြိုက်တာနဲ့ချစ်တာ ဘယ်လောက်ကွာသလဲဆိုရင် လူတစ်ရာကို အင်တာဗျူးလုပ်ပြီးတော့ မေး။ **'အမှန်ကိုကြိုက်လား'** **'အမှားကြိုက်လား'** ဆိုရင် တစ်ရာလုံးလုံး အမှန်ကိုကြိုက်တယ်လို့ပဲ ပြောလိမ့်မယ်။ 'အမှားကြိုက်ပါတယ်ဗျာ' ဆိုပြီး ထူးထူးခြားခြားဆိုပြီး တစ်ယောက်မှမရှိဘူး။ 'မှန်တာကြိုက်တယ်' ပဲ ပြောမယ်။

နောက်မေးခွန်းတစ်ခု ထပ်မေးကြည့်တဲ့။

အဲဒီ **'မှန်တာကြိုက်တယ်'** ဆိုတဲ့ လူတစ်ရာကို ...

**'ခင်ဗျား မှန်တာကြိုက်ရင် မှန်တာကို ပြောရဲသလား၊'**

**'မှန်တာကို လုပ်ရဲသလား၊'**

**'မှန်တဲ့ဘက်မှာ ခင်ဗျား ပြတ်ပြတ်သားသားရပ်ရဲလား'**

လို့ မေးလိုက်။

အဲဒီကျရင် နည်းအမျိုးမျိုးနဲ့ နောက်ဆုတ်သွားကြလိမ့်မယ်တဲ့။

အဲဒီကျတော့ ...

www.burmeseclassic.com

www.burmeseclassic.com



'ငါ့မိန်းမက အစိုးရအလုပ် လုပ်နေတော့'၊
'ငါ့သမီးက ဆေးတက္ကသိုလ်တက်နေတော့'

(လက်ခုပ်သံများ)

အဲဒီလို အဲဒီလို တစ်ခုခုကြောင့် နောက်ကိုဆုတ်သွားကြလိမ့်မယ်တဲ့။ အဲဒါ အဲဒါ ကြိုက်တာ ကြိုက်တာဗျ။ ကြိုက်ရုံပဲကြိုက်တယ်ဗျာ။ တကယ်ကျတော့ တကယ်မလုပ်ရဲဘူး။

အဲဒီ မလုပ်ရဲခြင်းကိစ္စမှာလည်း ခုနက ချစ်တယ်ဆိုလို့ရှိရင် အမှန်ကို ဒါ ချစ်တာ။ ကိုယ့်ဘက်က ဘာပြန်ပေးရပေးရ. . .လုပ်ရဲတယ်။ ထောင်ကျမလား၊ အဖမ်းခံရမလား၊ အသတ်ခံရမလွား။ ဒါ မှန်တယ်လို့သာ သူယုံကြည်နေရင်ယုံကြည်ချက်အတိုင်း လုပ်တယ်။ ကျွန်တော်တို့မျက်စိရှေ့မှာတင်ဒီလိုမျိုးပုဂ္ဂိုလ်တွေ ကျွန်တော်တို့နိုင်ငံမှာ အများကြီး။ အဲဒီလိုလုပ်ရင် အဲဒီလိုဖြစ်မယ်ဆိုတာ သိနေတာပဲဗျ။ သိနေပေမယ့်ဒါ ငါ လုပ်တာမှန်တယ်လို့ ယုံကြည်ပြီးတော့ လုပ်တဲ့ ကျွန်တော်တို့ တိုင်းသူပြည်သားတွေ အများကြီးရှိတယ်။ ဗိုလ်ချုပ်ပြောတာအဲဒါကို ပြောတာ။

"အမှန်ကိုချစ်ပါတယ်၊ ကျွန်တော်တို့ ကြိုက်ပါတယ်" လို့ ပြောနေတဲ့လူ အကုန်လုံးက ကြိုက်တဲ့လူတွေက တကယ်မလုပ်ဘူး။ မလုပ်တာလည်း အပြစ်တော့သွားမတင်ဘူးဗျ။ ဘာကြောင့် မလုပ်တာလဲလို့မေးရင် အဖြေက တစ်ခုတည်းပဲ

www.burmeseclassic.com

www.burmeseclassic.com



ရှိတယ်တဲ့ . . . ကြောက်လို့”

(လက်ခုပ်သံများ)

အဲဒီတော့ ဘာကိုကြောက်လဲလို့ ကျွန်တော်တို့က ထပ်စဉ်းစားရမယ်ဗျ။ ကြောက်လို့တင် ဖြစ်ထားလို့မရဘူး။ ဘာကိုကြောက်တာလဲဆိုရင် အကြောက်တရားကြောင့် အမှန်ပျောက်နေတယ်။ မှန်တဲ့ဘက်ကို မရောက်ဘူး။ အဲဒါ ဘာလို့ကြောက်လဲဆိုရင် **တရားဥပဒေစိုးမိုးမှု မရှိလို့ဘဲ။**

(လက်ခုပ်သံများ)

စောစောက အမှန်ကြိုက်တဲ့လူတွေ အကုန်လုံးကများသူ ကြိုက်တာကို သူလုပ်ချင်တယ်။ မကြောက်ရင် သူလုပ်လိမ့်မယ်။ ဘာလို့ကြောက်လဲဆိုတော့ ငါကလုပ်လိုက်ပေမယ့် တရားဥပဒေက ငါ့ဘက်မှာမှ မရှိတာကွာ ဆိုတာမျိုးကျတော့ သူ မလုပ်ရဲဘူး။

(လက်ခုပ်သံများ)

အဲဒီတော့ ဒီကိစ္စဟာရှင်းတယ်။ နိုင်ငံတစ်နိုင်ငံ အမှောင်ထဲကနေ အလင်းထဲကိုရောက်ချင်လို့ရှိရင် အဲဒီနိုင်ငံဟာ

www.burmeseclassic.com

www.burmeseclassic.com



နံပါတ်တစ် တရားဥပဒေစိုးမိုးမှုရှိရမယ်။

(လက်ခုပ်သံများ)

တရားဥပဒေစိုးမိုးမှုမရှိရင် အဲဒီနိုင်ငံဟာ မှောင်နေမှာပဲ။ နိုင်ငံတစ်နိုင်ငံ "မှောင်လား လင်းလား" တိုင်းကြည့်။

နံပါတ်တစ် တရားဥပဒေစိုးမိုးမှု ရှိတာမရှိတာနဲ့ တိုင်းတယ်။ အဲဒါကို ကျွန်တော်အလွတ်မပြောပါဘူး။

ကဗျာတစ်ပုဒ် ကျွန်တော်ကိုးကားပြီး ပြောပြမယ်။ အိန္ဒိယ ခေါင်းဆောင်ကြီး ရာဗင်ဒြာနတ်တဂိုး ရေးခဲ့တဲ့ ကဗျာ။ သူ့ တဂိုးကဗျာ ပေါင်းချုပ်ထဲမှာ မရှိဘူး။ ဆရာဇော်ဂျီက ဆောင်းပါးတစ်ပုဒ်ရေးတယ်။ "ခေတ်သစ်အိန္ဒိယစာပေနိဒါန်း" ဆိုတဲ့ ဆောင်းပါး။ အဲဒီဆောင်းပါးထဲမှာ အဲဒီအိန္ဒိယစာဆို ရာဗင်ဒြာနတ်တဂိုးရဲ့ကဗျာကို ဘာသာပြန်ပြီး ထည့်လိုက်တယ်။ အဲဒါလေးကို ကျွန်တော်က ကူးထားပါတယ်။

အဲဒီကဗျာလေးက ကဗျာလို့ပြောပေမယ့် ရာဗင်ဒြာနတ် တဂိုးရဲ့ တခြားကဗျာတွေနဲ့ မတူဘဲနဲ့ နိုင်ငံတစ်နိုင်ငံရဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနဲ့ သွားတူနေတာကို ကိုလိုနီစနစ်က လွတ်ပြီးတော့ လွတ်လပ်ရေးရရင် သူ့နိုင်ငံ ဘယ်လိုအရပ်ကို ရောက်ချင်လဲ။ အဲဒီ အလင်းရောင်ရှိတဲ့အရပ်ဟာ နိုင်ငံတစ်နိုင်ငံအတွက် အလင်းရောင်ရှိတဲ့ အရပ်ဆိုတာ ဘယ်လိုအရပ်လဲ။ အဲဒါကို ကဗျာဆရာက သတ်မှတ်ပေးပါလိမ့်မယ်။

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းစဉ်က **"ဒို့အိန္ဒိယ"** တဲ့။

သူ့အိန္ဒိယနိုင်ငံဟာ အဲဒီလို အဲဒီလိုအလင်းရှိတဲ့ ကိုလိုနီခေတ် အမှောင်ဘဝကနေ အဲဒီလို အလင်းရှိတဲ့နေရာကို ရောက်ချင်တယ်လို့ သူပြောသွားတယ်။

**နံပါတ်တစ်က** –

**"အကြင်အရပ်၌ စိတ်ဓာတ်တို့၏ ကြောက်ခြင်းကင်း၍ ဦးခေါင်းတို့သည် မော့လျက်ရှိ၏"**

ဒါပဲ။ ပထမဆုံး အကြောက်တရား မရှိရဘူး။ နိုင်ငံတစ်နိုင်ငံ အလင်းရှိလား မရှိလား သိချင်လို့ရှိရင် အကြောက်တရား မရှိရဘူး။ အကြောက်တရားမရှိတဲ့ အခြေအနေဟာ စောစောက ကျွန်တော်ပြောသလို၊ တရားဥပဒေစိုးမိုးတဲ့အချိန် အကြောက်တရားမရှိဘူး။

အိန္ဒိယနိုင်ငံဟာ နံပါတ်တစ် သူလိုချင်တာ အကြောက်တရား မရှိတဲ့ ဥပဒေစိုးမိုးတဲ့နိုင်ငံ ဖြစ်ချင်တယ်။

**နံပါတ်နှစ်က** –

**"အကြင်အရပ်၌ ပညာရေးသည် လွတ်လပ်စွာ ထွန်းပြောင်လျက်ရှိ၏"**

အခုနင်က အကြောက်တရားမရှိပေမယ့် ပညာမတတ်တဲ့ တိုင်းသူပြည်သားတွေချည်းရှိရင်လည်း အဲဒီနိုင်ငံဟာ အလင်း

www.burmeseclassic.com

www.burmeseclassic.com



မရှိဘူး။ မတိုးတက်ခဲ့ဘူး။ အဲဒီလို အကြောင်းကိစ္စများမရှိတဲ့ နိုင်ငံမှာရှိတဲ့ လူတွေဟာ ကျွန်တော်တို့ စာတတ်ခုနှစ်တန်ထိုက်တဲ့ အတတ်ပညာတွေ အကုန်လုံးကို ဆည်းပူးသင့်တယ်။ ရွေးချယ်စရာ လပ်လပ် ပညာရှာရမှာပါ။ အဲဒီတော့ ပညာဆိုတာ ဒုတိယ အရေးကြီးတယ်။

နံပါတ်သုံးမှာ သူက ဘာရေးထားလဲဆိုတော့ . . .

**"အကြွင်းအရစ်၌ အစိတ်စိတ်အမြွာမြွာ ကွဲပြားနေခြင်းသည် နတ္ထိမရှိ"**

အဲဒီတော့ ကျွန်တော်တို့နိုင်ငံမှာ ပြန်ကြည့်ပါ။ လွတ်လပ်ရေးရဲ့ ရင်ချင်းဆက်အမြွာ ပြည်တွင်းစစ်လည်း ပါလာပါတယ်။ မနေ့တစ်နေ့က ရေဒီယိုမှာ ကော်အိုင်အေနဲ့ လက်မှတ်တွေ ဘယ်လောက်ထိုးထိုး တိုက်နေတုန်းဆိုတာ ကြားရပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ပြည်တွင်းငြိမ်းချမ်းရေး မရှိပါဘူး။

(လက်ရှိခုနစ်သံမှုအား)

အဲဒီတော့ နိုင်ငံတစ်နိုင်ငံ အလင်းထဲရောက်ဖို့ဆိုတာ အဲဒီ ငြိမ်းချမ်းရေးဆိုတာ လိုပါတယ်။

စပြောလို့ရှိရင် –

www.burmeseclassic.com

www.burmeseclassic.com



နံပါတ်တစ် တရားဥပဒေစိုးမိုးရေး။

နံပါတ်နှစ် လူတိုင်းလွတ်လပ်စွာ ပညာဆည်းပူး သင်ကြားရေး။

နံပါတ်သုံး ကျွန်တော်တို့ ငြိမ်းချမ်းရေး။

**နံပါတ်လေး** –

"**အကြွင်းအရပ်၌ စကားတို့သည် သစ္စာနှုတ်ဖျားမှ ပွင့်ထွက်လာကြကုန်၏**"

ကျွန်တော်ပြောချင်တာက အထက်မှာ ပြောချင်တာပြော အောက်မှာ လုပ်ချင်တာလုပ်နေတာ မဟုတ်ဘူး။

(လက်ခုပ်သံများ)

"သစ္စာနှုတ်ဖျားမှသာ ပွင့်ထွက်လာကြကုန်၏"

ဒါဟာ ဒါပဲဆိုရင် အောက်မှာလည်း ဒီအတိုင်းပဲ ဖြစ်ရမယ်။ အခုဟာက ပြောတာဟာ ပြောပြီးတော့ ကျွန်တော်တို့က ပြောတိုင်း မယုံရတဲ့ ကိစ္စမျိုးတွေကြုံရင် အဲဒီနိုင်ငံဟာ အလင်းထဲကို မရောက်သေးပါဘူး"

(လက်ခုပ်သံများ)

www.burmeseclassic.com

www.burmeseclassic.com



နံပါတ်ငါး –

“အကြွင်အရပ်၌ လုံ့လဝီရိယသည် မှန်မြတ်ခြင်း အရပ်ဆီသို့ ဦးတည်လျက်ရှိ၏”

ကျွန်တော်တို့ ကြိုးပမ်းမှုတွေ၊ အားထုတ်မှုတွေအားလုံး ဟာ လုံ့လဝီရိယအားလုံးက နိုင်ငံကောင်းစားရေးအတွက် ကောင်းတဲ့အရာတွေကိုသာ ဦးတည်နေတာ ဖြစ်ရမယ်။ မကောင်းတဲ့ ကိစ္စတွေကို ဦးတည်နေတာ မဖြစ်ရဘူးတဲ့။

နောက် နံပါတ်ခြောက်အချက် –

“အကြွင်အရပ်၌ ပညာရောင်တည်းဟူသော စမ်း ရေအေးသည် ဝလေ့ဆိုး၊ စရိုက်ဆိုးတည်းဟူသော ကန္တာရ၌ တသွင်သွင် စီးလျက်ရှိ၏” တဲ့။

ဒီပညာကျတော့ ဘာပြောချင်တာလဲဆိုရင် စောစောက ဟာက အတတ်ပညာ၊ ဒီပညာက Wisdom မှား၊ မှန် ခဲ့တဲ့ပညာကို ပြောချင်တာ။

ကျွန်တော်တို့မှာ လူဆိုတာ ခြောက်ပစ်ကင်း သဲလဲစင် ဆိုတာ မရှိပါဘူး၊ အမှားတွေ ရှိပါမယ်။ အမှန်ကနေ သွေ့ ဿယ်ပြီးတော့ မှားတာလုပ်ခဲ့တာတွေ ရှိမယ်။ အဲဒီလိုရှိရင်တောင်မှ အလင်းရောင်ရှိတဲ့ နိုင်ငံတစ်ခုကို ကိုယ်ဖန်တီးပေးတော့မယ်ဆိုရင်

www.burmeseclassic.com

www.burmeseclassic.com



အရင်က အမှားတွေကို အသိဉာဏ်တည်း ဟူသော ဝိဇ္ဇာ တရား နဲ့ အဲဒီ အဝိဇ္ဇာ တွေကို ဖယ်ပေးပါ။ ဒါ တစ်ချက်ပါ။

နောက်တစ်ချက် နံပါတ်နှစ်က

"အကြွင်းအရပ်၌ ကမ္ဘာတစ်ဝန်းလုံးအတွက် စေတနာထား ဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်တတ်သော အရှင်သခင်သည် ရှိ၏" တဲ့။

ဒါ အင်မတန် အရေးကြီးပါတယ်။ သူ ဘာပြောချင်တာလဲ ဆိုတော့ အဲဒီနိုင်ငံအလင်းရောင်ရဖို့ အဲဒီနိုင်ငံကို ဦးဆောင်နေတဲ့ ဦးဆောင်နေသူဟာ ကမ္ဘာက ကြည်ညိုလေးစားတဲ့သူ ဖြစ်ရမယ်တဲ့။

(လက်ခုပ်သံများ)

နိုင်ငံတစ်နိုင်ငံ အလင်းရဖို့ အဲဒီခေါင်းဆောင်အပေါ်မှာလည်း မူတည်ပါတယ်တဲ့။

(လက်ခုပ်သံများ)

အိန္ဒိယစာဆို တဂိုးက နှစ်ပေါင်းများစွာကတည်းက ရေးထားတဲ့ ကဗျာနေရာ အဲဒါ ခုနစ်ချက်။ သူ ပြောထားတယ်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့မှ သူ နောက်ဆုံး သူ ဆုတောင်းတယ်။ "အိုဖခင်၊ ကျွန်ုပ်တို့နိုင်ငံသည် ထိုအဲရပ်ဌာသာနီးကြားလာပါစေသတည်း" တဲ့။

ကျွန်တော်ပြောချင်တာက ဒီနေ့ကျွန်တော်ပြောတဲ့ 'အလင်း အမှောင်' က နိုင်ငံတစ်နိုင်ငံရဲ့ 'အလင်းအမှောင်'။ နိုင်ငံတစ်နိုင်ငံဟာ အဲဒီအချက် စုစုပေါင်းထဲက သုံးလေးချက်နဲ့မပြည့်စုံရင် အဲဒီနိုင်ငံဟာ မှောင်နေတုန်းပဲ၊ မလင်းသေးဘူး။

အဲဒီနိုင်ငံ "လင်းလား၊ မလင်းလား" သိချင်ရင် အဲဒီအချက်တွေနဲ့ တိုင်းကြည့်တဲ့။ ကျွန်တော်တို့ အလွယ်ဆုံးထိပ်ဆုံးက သုံးချက်က အဓိကကျတယ်။

တစ်က တရားဥပဒေစိုးမိုးမှု ရှိရတယ်၊

နှစ်က ပညာတတ်တွေ ပေါ်သလား၊

သုံးက ငြိမ်းချမ်းရေး ရှိသလား။

အဲဒီအချက် သုံးချက်ဟာ အဲဒီနိုင်ငံ အလင်းနဲ့အမှောင်ကို တိုင်းတဲ့ပေတံပါပဲ။

အဲဒီတော့ ကောင်းပြီ...နောက်တစ်ချက်က အိန္ဒိယနိုင်ငံက အဲဒီလို အဲဒီလို မျှော်လင့်ထားတဲ့ ပန်းတိုင်ရှိနေရင် ကျွန်တော်တို့ နိုင်ငံမှာကျတော့ လွတ်လပ်ရေးရပြီးလို့ရှိရင် ဘယ်လိုနိုင်ငံမျိုး ဖြစ်ချင်တယ်၊ လွတ်လပ်ရေးမရခင်တုန်းက မှောင်နေတဲ့ ငါတို့ဗမာပြည်ဟာ လွတ်လပ်ရေးရပြီးရင် ဘယ်လို

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လို အလင်းရောင်ရှိတဲ့နေရာ ငါတို့ရောက်ချင်တယ်ဆိုတာ မရှိဘူးလား။ ကျွန်တော်တို့ သတိမထား မိလို့ပါ...ရှိပါတယ်။

ရှိကြောင်းကို ကျွန်တော်လည်း မသိဘူး။ လွန်ခဲ့တဲ့ သုံးလေးလက မန္တလေးက ဆရာကြီးတစ်ယောက်က သူ့ မွေးနေ့ပွဲဆိုပြီး ကျွန်တော့်ကို စာရွက်ကလေးတစ်ရွက် ပို့ပေး လိုက်တယ်။ အဲဒီစာရွက်ကလေးထဲမှာ အဲဒီအကြောင်းပါလာ တယ်။ ကျွန်တော် အားလုံးကို ပြန်ပြီးမျှဝေတဲ့အနေနဲ့ ကျွန်တော့် တို့ မေ့ပြီးတော့ အမှတ်တမဲ့နေတဲ့ ကျွန်တော်တို့နိုင်ငံရဲ့ ဦးတည်ချက်၊ ကျွန်တော်တို့နိုင်ငံရဲ့ ရောက်ချင်တဲ့နေရာ။ အဲဒါကို ကျွန်တော် နေရာညွှန်းလိုက်ပါမယ်၊ သွားကြည့်ပါ။ ဆူးလေဘုရား ရှေ့က မဟာဗန္ဓုလပန်းခြံထဲမှာရှိတဲ့ လွတ်လပ်ရေး ကျောက်တိုင် မှာ အဲဒီစာ ရေးထားပါတယ်။ စာတော်တော် ရှည်ပါတယ်။

အနှစ်ချုပ်ပြောမယ်ဆိုလို့ရှိရင် ကျွန်တော်တို့ လွတ်လပ် ရေး ရပြီးရင် ကျွန်တော်တို့နိုင်ငံကို ဘယ်လိုနိုင်ငံမျိုးဖြစ်ချင်တယ်၊ စောစောက အိန္ဒိယနိုင်ငံရဲ့ အလင်းရှိရာအရပ် သတ်မှတ်ချက် တွေထားသလို ကျွန်တော်တို့နိုင်ငံရဲ့ တစ်ချိန်မှာ ဘယ်လိုနိုင်ငံမျိုး ဖြစ်သင့်တယ် ဖြစ်ချင်တယ်ဆိုတာမျိုး ရေးထားတယ်။ အကြမ်းဖျင်း ပြောမယ် ဆိုရင် စ စချင်း သူက -

**"ငါတို့နိုင်ငံဟာ လူတစ်ဦးတစ်ယောက် တစ်သင်း တစ်ဖွဲ့ပိုင် နိုင်ငံ မဟုတ်၊ တစ်သင်းတစ်ဖွဲ့ တစ်ဦးတည်းက ကိုယ်ပိုင်ချုပ်ကိုင်ထားနိုင်သော နိုင်ငံ မဖြစ်စေရ"**

www.burmeseclassic.com

www.burmeseclassic.com



အဲဒါ အစပဲ၊ နောက်ဆုံးရဲ့ ပန်းတိုင်က –

"ငါတို့နိုင်ငံသည် ပြည်သူအများစုက ဆန္ဒတူညီပြီး ရွေးချယ်တင်မြှောက်ထားသော သမ္မတအုပ်ချုပ်သော သမ္မတနိုင်ငံ ဖြစ်ရမည်" တဲ့။

(လက်ခုပ်သံများ)

နောက်တစ်ချက်က သူပြောတာရှင်းတယ်နော်။ ကိုယ့်ဘာသာ သမ္မတလုပ်လို့ မရဘူး။ အများပြည်သူက စိတ်တိုင်းကျ ရွေးချယ်ထားသော သမ္မတအုပ်ချုပ်သောနိုင်ငံဖြစ်ရမည်။ ပြီးတော့မှ နောက် ဘာဖြည့်ထားသလဲဆိုတော့ –

"ပြည်သူပြည်သားအများစု၏ ဆန္ဒသာလျှင် အရာရာ၌ အဓိက ဖြစ်စေရမည်"

(လက်ခုပ်သံများ)

အဲဒီတော့ အဲဒီစကားလုံးသာ မပါတာ၊ အဲဒီစကား လုံးကို ပြောနေတာ။ အများပြည်သူ တင်မြှောက်သော သမ္မတ အုပ်ချုပ်တဲ့ အများပြည်သူရဲ့ဆန္ဒ အဓိကကျတဲ့ အဲဒါ ဒီမိုကရေစီနိုင်ငံပဲ။

www.burmeseclassic.com

www.burmeseclassic.com



(လက်ခုပ်သံများ)

ရှုခွင့်ရခဲ့ပြီးရင် ကျွန်တော်တို့သွားချင်တဲ့နေရာက ရှင်းရှင်းလေးပဲ။ ဒီမိုကရေစီနိုင်ငံ ဖြစ်ချင်တယ်။ အဲဒီ ကျောက်တိုင်မှာ ရှိတယ်၊ အဲဒီအတိုင်း ရေးတာ။ အဲဒီတော့ အခု ကျွန်တော်တို့သွားနေပါပြီ။ ကျွန်တော်တို့က နှစ်ပေါင်း ၆၀ လောက် အမှောင်ထဲကနေပြီးတော့ ဥပမာပြောရမယ်ဆိုရင် သိပ်မှောင်နေတဲ့ ဥမင်လိုဏ်ကြီးထဲကနေပြီးတော့ ထိပ်မှာ အလင်းစက်စက်ကို စပြီးတော့ မြင်နေရပြီ။ အဲဒါပေမဲ့ တစ်ခုတော့ ကျွန်တော်တို့က အဲဒါဟာ အရုဏ်တက်တာလား ဆည်းဆာလားဆိုတာ ကျွန်တော်တို့ စောင့်ကြည့်ရမယ်။

(လက်ခုပ်သံများ)

မြင်တော့ မြင်ရတယ်။ စစချင်းတော့ တွေ့နေရပြီ တွေ့နေရခြင်းရဲ့ သက်သေအနေနဲ့ ကျွန်တော်တို့ စင်ပေါ်မှာ ဒီလောက်ပြောခွင့်လေး ရပါတယ်။ အရင်တုန်းက ကျွန်တော်တို့ ဒီလိုမပြောရဲပါဘူး။ စောစောကပြောတဲ့ "အကြောက်တရား" ဆိုတာ ကျွန်တော်တို့မှာ ရှိပါတယ်။

(လက်ခုပ်သံများ)

www.burmeseclassic.com

www.burmeseclassic.com



ဆောင်းပါးတွေထဲမှာ ပါတယ်။ စာရေးဆရာတွေကွာ စင်ပေါ်မှာ နိုင်ငံရေးအကြောင်းပြောတယ်။ နိုင်ငံရေးပြောတာ မဟုတ်ဘူးဗျ။ ကျွန်တော်တို့က နိုင်ငံရေးကို ကျွန်တော်တို့မှ မသိတာ။ ကျွန်တော်တို့ မပြောတတ်ဘူး။ သိလည်းမသိဘူး။ ဒါပေမဲ့ ကိုယ့်ဟာကိုယ် ကျွန်တော်တို့က ခံယူထားတာ ကျွန်တော်တို့ပြောတာ နိုင်ငံရေးထက် မြင့်တယ်ဗျ။ နိုင်ငံရေးရဲ့အထက်မှာ ရှိတယ်။

(လက်ခုပ်သံများ)

ဘာဖြစ်လို့လဲဆိုရင် ကျွန်တော်တို့ပြောတာ 'အမျိုးသားရေး' 'အမျိုးသားရေး' လေ။ ကျွန်တော်တို့ နိုင်ငံသား နိုင်ငံသားတွေရဲ့ အမျိုးသားရေးအတွက် ပြောနေတာ။ အမျိုးသားရေးဟာ နိုင်ငံရေး အထက်မှာ ရှိတယ်။

(လက်ခုပ်သံများ)

ခုနက နိုင်ငံရေးကဗျာ ကျွန်တော်တို့ခေါင်းဆောင်တွေ ကြည့်ရှုပါလိမ့်မယ်။ အဲဒီအလင်းလေးကို ချဲ့ ချဲ့ပြီးတော့ ဒီထက်ပိုလင်းအောင် လုပ်ပါလိမ့်မယ်။

ကျွန်တော်တို့ကလည်း စိတ်ချပြီးတော့ ယုံကြည်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အခု ကျွန်တော် ဘာပြောချင်လဲဆိုတော့ ကျွန်တော်တို့ တစ်ယောက်ချင်းရဲ့ တစ်ယောက်ချင်းမှာလည်း ကိုယ့်ကိုယ်ကို **'မှောင်နေလား'** **'လင်းနေလား'** ဆိုတာ အသိဆုံးပဲဗျ။ ဆရာမ မစန္ဒာပြောသလို **'မှားနေလား'** **'မှန်နေလား'** ဆိုတာ သူများမသိရင် ကိုယ့်ဘာသာကိုယ် သိတယ်။ တကယ်လို့များ ကျွန်တော်တို့ဟာ မှောင်နေတဲ့အပိုင်းမှာ ရောက်နေမယ်ဆိုရင် အလင်းရှိတဲ့အရပ်ကို ကျွန်တော်တို့ ကိုယ်တိုင်ကလည်း တစ်-သွားချင်စိတ်ရှိမယ်၊ နှစ်-ကိုယ်တိုင် သွားရမယ်၊ သွားဖို့ ကြိုးစားကြည့်ရမယ်။ အဲဒါမှလည်း ကျွန်တော်တို့ လူဖြစ်ကျိုးနပ်မှာပေါ့။

စောစောက ကျွန်တော်ပြောတဲ့ ဗုဒ္ဓတရားတော်အရ အဝိဇ္ဇာတွေ၊ တဏှာတွေတော့ ကျွန်တော်တို့ မကင်းနိုင်သေးဘူးပေါ့ဗျာ၊ အဲဒါတွေက ကင်းနိုင်အောင် အဲဒီလိုလုပ်နိုင်ရင်တော့ ကောင်းတာပေါ့။ အဲဒီလို မကင်းနိုင်ဘူးဆိုရင်တောင်မှ ကျွန်တော်တို့ လောကီရေးရာမှာ ကျွန်တော်တို့ မှားနေလား မှန်နေလား။ မှားနေတယ်ဆိုရင်တောင်မှ ကျွန်တော်တို့ အမှန်ဘက်ကလေးကို မြင်ယောင်ကြည့်တော့ ကောင်းတာပေါ့။

အဲဒါလေးကို သာဓကလေး ကျွန်တော်ဖတ်ထားတဲ့ ဝတ္ထုတိုလေးနဲ့ ပြောပြပါမယ်။ သေသွားတဲ့ ကျွန်တော်တို့ရဲ့ဆရာ **ဆရာ မင်းကျော်** ရေးပါတယ်။ သူ့ဝတ္ထုခေါင်းစဉ်က **'ရွှံ့ဂုဏ်'** တဲ့။ ရွှံ့ရဲ့ ကျက်သရေပေါ့။ ရွှံ့ဂုဏ်တဲ့။ ဆရာရေးထားတာက ရှင်းရှင်းပါပဲ။ စကားပြောလေးနဲ့ ရေးထားတယ်။

www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျား ကားလမ်းပေါ်ကဆင်းပြီးတော့ ကျွန်တော်တို့ရွာကို လှမ်းကြည့်မယ်ဆိုရင် ခပ်ပျပျ လေးတော့ မြင်ရမယ်တဲ့။ သိပ်တော့ မနီးလှဘူးတဲ့။ ခင်ဗျား လယ်ကွင်းတွေ ကို ဖြတ်ပြီးတော့ ကျွန်တော်တို့ ရွာဆီကို တော်တော်လေး လမ်းလျှောက်ရမှာပဲ။ အဲဒီ လယ်ကွင်းတွေကို ဖြတ်ပြီး လမ်းလျှောက်ရင်း ရွာလမ်း ရောက်သွားလို့ရှိရင်တော့ ခင်ဗျား ချောင်းလေးတစ်ခုကို ထပ်တွေ့မယ်၊ အဲဒီချောင်းလေးကို ခင်ဗျား ကျော်လိုက်၊ ကျော်လိုက်ပြီး ဟိုဘက်ကမ်းရောက်တော့မှ ကျွန်တော် တို့ ရွာဘက်ကမ်းကို ရောက်တာတဲ့၊ အဲဒီချောင်းဘက် ကမ်းမှာကျတော့ ချောင်းရဲ့ကပ်လျက်မှာ လယ်ကွင်းမှာ အင်မတန်မှ အရိပ်ကောင်းတဲ့ သစ်ပင်ကြီး တစ်ပင် ခင်ဗျားတွေ့မယ်။ အဲဒီသစ်ပင်ရိပ်အောက်မှာတော့ ငယ်ငယ်က ကျွန်တော်တို့ နွားကျောင်းရင်း ဆော့ခဲ့တာ တဲ့။ ကျွန်တော်တို့လူပျိုပေါက်က ပျိုးနုတ်ရင်း နားခဲ့တာ။ ကျွန်တော်တို့ လယ်သိမ်းတဲ့အခါ အဲဒီအပင်အောက်မှာ နေ့လယ်စာ စားခဲ့ရတာ၊ အဲဒီအပင်ကြီးဟာ ကျွန်တော် တို့ရွာနဲ့ မစိမ်းဘူးတဲ့၊ ရွာသူရွာသားအားလုံးရဲ့ နေခိုရာ၊ အရိပ်ခိုရာ၊ မိုးခိုရာ အပင်ကြီးပါပဲ။

အဲဒီအပင်ကြီးအောက်ရောက်ရင်တော့ မလွဲ မသွေ တွေ့ရမယ့်အရာတစ်ခု ရှိတယ်။ အဲဒါက

www.burmeseclassic.com

www.burmeseclassic.com



အုတ်ဂူတစ်လုံးပါပဲ၊ အဲဒီအုတ်ဂူကို ခင်ဗျားကြည့်လိုက်။ နာမည်ရေးထားလိမ့်မယ်။ ညီကြီး လို့ ရေးထားလိမ့်မယ်၊ သိပ်ထူးခြားတာကတော့ ဘယ်သချိုင်းက အုတ်ဂူမဆို နာမည်အောက်မှာ အသက်ပါတယ်ဗျ၊ ကျွန်တော်တို့ ရွာနားက အဲဒီအုပ်အောက်က အုတ်ဂူမှာ အသက်မရှိဘူး။ အဲဒါဖြစ်လို့လဲလို့ မေးရင် အဖြေက ခပ်ရှင်းရှင်းလေးပါဗျ။ ညီကြီးအသက် ဘယ်လောက်လဲဆိုတာ ဘယ်သူမှ မသိပါဘူး။ အဲဒါကြောင့် မသိသလဲလို့ ထပ်မေးရင် ညီကြီးက ကျွန်တော်တို့ရွာဇာတိ မဟုတ်ဘူးဗျ။ ညီကြီးဆိုတာ ကျွန်တော်တို့ရွာကို စာရင်းငှားလုပ်ရအောင် ရောက်လာတဲ့ပုဂ္ဂိုလ်၊ ဘယ်ကလာမှန်း မသိဘူး။ ရွာဖျားက လယ်ပိုင်ရှင်ဦးကျော်ခွန်ဆီမှာ စာရင်းငှားလုပ်ရင်း သောင်တင်နေတာတဲ့။

ညီကြီးက မထမတစ်နစ်၊ နှစ်နှစ်တော့ မဟုတ်တယ်ဗျ။ နောက်ပိုင်းလေ့လည်းကျရော ညီကြီးက ဖောက်ပြန်လာတယ်၊ အရက် သိပ်သောက်တယ်ဗျ။ ဝန်းရည် သိပ်သောက်တယ်ဗျ။ သောက်ပြီးရင် သူ့မိုက်ခံနဲ့ သူသောက်။ ဘာမှပြဿနာမရှိဘူး။ ဒါပေမဲ့ ရမ်းတယ်ဗျာ။ ဆဲတယ် ဆိုတယ်၊ ရန်ဖြစ်တယ်။ ပထမပိုင်းတော့ ရွာသားတွေက သူနဲ့ဖက်ပြီးတော့ ရန်ဖြစ်ကြသေးတယ်။ သူက လက်ရဲ ဇက်ရဲ သိပ်နိုင်တာဗျ။ တစ်နှစ်အတွင်းမှာ လူနှစ်ယောက်ကို ဓားနဲ့ခုတ်ပြီး

www.burmeseclassic.com

www.burmeseclassic.com



သဝိတ်လိုက်တယ်။ အဲဒီအချိန်ကစပြီးတော့ ညီကြီးမှာ လူ့မိုက်ကြီးလို့ နာမည်ကြီးသွားခဲ့တယ်။ ရွာသားတွေ အကုန်လုံးက သူ့ကို ဖိမ့်ဖိမ့်တုန်အောင် ကြောက်သွားမှ တယ်။

ဒီကောင်ကြီးက လူသတ်ရဲတယ်၊ ကျွန်တော် တို့ရွာကလူတွေက လူရိုက်ဖြစ်မှာစိုးလို့ တော်တော် ဝန်လေးကြတယ်။ အဲဒီတော့ သူ့ကို ရှောင်တယ်တဲ့။ ရွာဖျားမှာ ညီကြီး မူးနေတယ်ဆိုရင် သူနဲ့ မတည့်တဲ့ သူတွေက ရွာနောက်ကနေ ထွက်သွားတယ်။ ရွာ နောက်မှာ မူးနေတယ်ဆိုရင် ရွာလယ်မှာ ပုန်းနေတယ်။ တစ်ခါတစ်ခါ အဲဒီလိုရှောင်တာတောင်မှ သူ့မှ ကျော်နုပ် တဲ့လူရဲ့ အိမ်ရှေ့ရောက်ရင် ဓားနှစ်လက်ကိုင်ပြီး ခြံစည်းရိုး ဓားနဲ့ခုတ်ပြီး 'မင်း ခဝင်းလာခဲ့စမ်းကွ' ဆိုပြီး ချဲလင့်လုပ်တာတွေ အရမ်းများနေပြီ။ ရွာထဲမှာ ညီကြီးကို ဘယ်လောက်ကြောက်သလဲဆိုရင် ကလေး တွေ အငိုမတိတ်လို့ရှိရင် 'နင် အငိုတိတ်မလား မတိတ်ဘူးလား' ဆိုပြီး 'မတိတ်ရင် ညီကြီး သွားခေါ်ရမလား' ဆိုပြီး အဲဒီကလေးက ညီကြီးကို မမြင်ဖူးဘဲနဲ့ အငိုတိတ်သွားတယ်တဲ့။

အဲဒီလောက် ကျွန်တော်တို့ရွာက ညီကြီးကို ရွံကြောက် ကြောက်ရပါတယ်တဲ့။ ဒါပေမဲ့ ကျွန်တော်တို့ နိုင်ငံကို ဂျပန်တွေဝင်လာတဲ့အချိန်မှာပဲ ဂျပန်ခေတ်မှာ

www.burmeseclassic.com



ညီကြီးဟာ နောက်ထပ်လူတစ်ယောက်ကို သတ်လိုက်ပါတယ်။ အဲဒီလူတစ်ယောက် သတ်လိုက်တဲ့အချိန်မှာတော့ တစ်ရွာသားလုံးဟာ မခံနိုင်တော့ဘဲ နေ့ခင်းကြောင်တောင်လည်း ဖြစ်နေတော့ တရားရုံးမှာ သက်သေလိုက်ပေးကြတယ်။ ကျွန်တော်တို့အားလုံး မြင်ပါတယ်၊ ညီကြီးသတ်တာပါလို့၊ သက်သေတွေက အရမ်းထင်ပေါ်နေတော့ ဒီတစ်ခါတော့ ညီကြီး မလွတ်တော့ဘူး။ သူ့အရင် လူသတ်မှုနှစ်ခုက ည အမှုပဲဖြစ်တယ်။ ညီကြီးကိုလည်း ကြောက်ပြီးတော့ ဘယ် သူမှ သက်သေ လိုက်မပေးရဲကြဘူး။ ဒီတစ်ခါ တော့ နေ့အမှုလည်း ဖြစ်တယ်။ တစ်ရွာလုံးက ညီကြီးသတ်တာ မြင်ပါတယ်ဆိုပြီးတော့ ပြောလိုက်တာနဲ့ ဂျပန်ခေတ်မှာ ညီကြီး ထောင်ကျသွားတယ်။ အားလုံးက ပျော်နေကြတယ်။ ညီကြီးနဲ့ ကင်းပြီ။ ညီကြီးကို မကြောက်ရတော့ဘူး။ အဲဒီလိုနဲ့ ညီကြီးကို မေ့မေ့ပျောက်ပျောက် ဖြစ်နေတယ်။

ညီကြီးက ထောင်နှစ်ရှည်ကျသွားတယ်။ ဒါပေမဲ့ ဂျပန်တွေအဆုတ်မှာ အင်္ဂလိပ်တွေ ပြန်ဝင်လာတယ်။ ပြန်ဝင်လာတဲ့အချိန်မှာ အကျဉ်းထောင်ထဲကို ဗုံးတွေကြဲတယ်၊ အဲဒီ ဗုံးကြဲတဲ့တစ်နေ့မှာတော့ ညီကြီး ရှိတဲ့ အကျဉ်းထောင်ထဲကို ဗုံးကျပြီးတော့ အကျဉ်းထောင်ကြီး ပေါက်ထွက်သွားတယ်။ အဲဒီမှာ အကျဉ်း

www.burmeseclassic.com

www.burmeseclassic.com



သားတွေအကုန်လုံး လွတ်သွားပြီ ဆိုတဲ့သတင်းလည်း ရရော ရွာကလူတွေ ဖိမ့်ဖိမ့်တုန်အောင် ကြောက်လာတယ်။

ဟာ...အဲဒီအကျဉ်းထောင်ပေါက်ရင် ညိုကြီးလည်း လွတ်ပြီ၊ ညိုကြီးလွတ်တာနဲ့ ဘယ်မှသွားစရာမရှိရင် ဒီရွာပြန်လာမယ်၊ အရင် သူ့ကို သက်သေလိုက်ပေးတဲ့သူတွေကို ညိုကြီးသတ်တော့မှာပဲ။ အားလုံးက ဒီအတိုင်းပဲ ယူဆပြီးတော့ သက်သေလိုက်တဲ့လူတွေ အကုန်လုံး ရွာက တိမ်းရှောင်ပြီးတော့ ပြေးကြတယ်။ သူတို့ထင်တဲ့အတိုင်းပဲ ညိုကြီး ရွာပြန်ရောက်လာတယ်၊ ရွာရောက်လာပြီးတော့ ညိုကြီးက သူ့စာရင်းကိုင် ဦးကျော်ဒွန်းအိမ်ကို ညိုကြီး ရောက်ပြီဆိုတာ သိရတာနဲ့ တစ်ရွာလုံးက ဖိမ့်ဖိမ့်တုန်နေပြီ။ ပြေးတဲ့လူကပြေး၊ ပုန်းတဲ့ လူက ပုန်း။

ဒါပေမဲ့ တစ်ခုအံ့ဩစရာ ကောင်းတယ်တဲ့။ အရင် ညိုကြီးစရိုက်နဲ့ အရမ်းကွဲသွားတယ်။ ညိုကြီး ထန်းရည် မသောက်ဘူး၊ အရက်မသောက်ဘူး။ အဲဒီခြံဝင်းအပြင်တောင် မထွက်ဘူး။ ခြံဝင်းထဲကအလုပ်ကိုပဲ သူလုပ်တယ်တဲ့၊ ရွာကလူတွေ သိပ်အံ့ဩနေတယ်။ ဒါပေမဲ့ အဲဒီမှာ တစ်ရွာလုံးက ညိုကြီးထက် စိတ်ဝင်စားစရာကောင်းတဲ့ ညိုကြီးထက်ကြောက်စရာကောင်းတဲ့ ကိစ္စတွေလည်း ရှိနေတော့ ညိုကြီးကို ခေါင်းထဲ

www.burmeseclassic.com

www.burmeseclassic.com



သီဗိုမထည့်ထားဘူးတဲ့။

အဲဒါက ဘာလဲဆိုတော့ စစ်ပြန်ဆုတ်လာတဲ့ ဂျပန်တွေ။ အဲဒီဂျပန်တွေဟာ စစ်ပြေးရင်း သူခိုးဖြစ်သွားတဲ့ ရွာတွေကို မီးရှို့သွားတယ်။ ဓားပြလို ပစ္စည်းတွေယူတယ်၊ လူတွေသတ်တယ်။ အဲဒီလို အဲဒီလို သတင်းတွေကြားနေတော့ ငါတို့ရွာအတွက်ကိုများ ဘယ်နေ့ ဂျပန်တွေဆုတ်ပြီး ပြေးလာမလဲ၊ ဆုတ်လာမလဲ။ အဲဒီမှာ မြန်မာ့တော်လှန်ရေးက စနေပြီ။ အဲဒီအတွက် မြန်မာ့တပ်မတော်က မြန်မာ့တော်လှန်ရေးတပ်သားတွေက ဂျပန်တွေကို လိုက်တိုက်၊ အင်္ဂလိပ်တွေကလည်း ဂျပန်တွေကို လိုက်တိုက်၊ ဂျပန်တွေက ပြေးနေရပြီ။

အဲဒီအချိန်မှာ တစ်နေ့မှာတော့ ရွာနဲ့မလှမ်းမကမ်း ရွာတစ်ရွာ မီးလောင်နေတာကို လှမ်းမြင်နေရတယ်။ အဲဒီအချိန်မှာ ရွာသားတစ်ယောက်က အဲဒီရွာဆီကိုပြေးပြီး သတင်းယူတယ်။ ပြန်ပြေးလာတော့ တစ်ရွာလုံး အဲဒီ သတင်းကြားပြီး အံ့ဩသွားတယ်။ အဲဒီ မလှမ်းမကမ်းရွာ တစ်ရွာမှာ ဂျပန်တပ်စိတ်တစ်စိတ် ရောက်နေတယ်။ ရောက်ပြီးတော့ တစ်ရွာလုံး မီးရှို့၊ ပစ္စည်းယူ၊ လူတွေသတ်။ အကုန်လုံး ပြာကျနေတယ်။ အဲဒီဂျပန်တပ်စိတ်က မလွဲမသွေ သူတို့ရွာဖြတ်တော့မယ်။ အဲဒီရွာလိုပဲ မီးရှို့၊ ပစ္စည်းယူ၊

www.burmeseclassic.com

www.burmeseclassic.com



လူသတ်လုပ်တော့မယ်။ ရွာကလူတွေ မနေရဲတော့ဘူး။ မနေရဲတော့ အားလုံး ရှိတဲ့ပစ္စည်းလေးတွေ ထုပ်ပိုးပြီးတော့ ရွာနဲ့တော်တော်ဝေးတဲ့ တောစပ်ဆီကို တစ်ရွာလုံး ပြေးကြရတယ်။

နေဝင်ရီတရော ရောက်တဲ့အချိန်အထိ ဘာသံမှ မကြားရသေးဘူး။ ဒါပေမဲ့ နည်းနည်းလေး အမှောင်ပျိုးတော့ ရွာဆီက လက်ပစ်ဗုံးကွဲတဲ့အသံတွေ၊ သေနတ်သံတွေ ဆူညံနေအောင် ကြားရပါတော့တယ်။ အဲဒီအချိန်မှာ သိလိုက်ပြီ။ ရွာကို ဂျပန်တွေရောက်လာပြီ၊ မီးရှို့ပြီ၊ ရွာသားတွေ မရှိတော့ သတ်စရာလူက မရှိဘူး။ ဒါပေမဲ့ သူတို့ရွာ ပြာကျပြီးတော့ ပြန်ထူထောင်ရမယ့် အရေးကို စိတ်ပျက်လက်ပျက်နဲ့ ရွာသားတွေ ပူဆွေးသောကရောက်ကြတယ်။

မနက်မိုးလင်းတော့ ကင်းစောင့်ရွာသား နှစ်ယောက်ကို လွှတ်ပြီးတော့ ပြန်ကြည့်လိုက်တော့ အဲဒီရွာသားနှစ်ယောက်က အင်မတန် အံ့ဩစရာကောင်းတဲ့မြင်ကွင်းတွေ တွေ့လာပြီးတော့ တောထဲပြန်လာတယ်။ ပြန်လာပြီးတော့ တောထဲမှာရှိတဲ့ သူတို့ရွာသားတွေကို ပြန်ပြောတယ်။ “ကျွန်တော်တို့ရွာ ဘာမှမဖြစ်ဘူးတဲ့”၊ “မီးလည်းမလောင်ဘူး”တဲ့။ ဒါပေမဲ့ သိပ်အံ့ဩစရာကောင်းတာက ရွာနဲ့ကပ်လျက်ချောင်း ရွာဘက်ခြမ်းမှာ ညိုကြီး သေနတ်ဒဏ်ရာတွေနဲ့

www.burmeseclassic.com

www.burmeseclassic.com



သေနေတယ်။ ဟိုဘက်ကမ်းမှာ ဂျပန် တပ်စိတ် တစ်စိတ်လုံး သေနေတယ်။ ဒါနဲ့ သိပ်အံ့သြကြပြီး တော့ 'ဘာဖြစ်တာမှန်း မသိဘူး' အဲဒီချောင်းဘေးကို သွားကြည့်လိုက်တော့ ညိုကြီးတစ်ကိုယ်လုံး ဂျပန်တွေ ပစ်လိုက်တဲ့ သေနတ်ဒဏ်ရာဗရပွ၊ ဟိုဘက်ကိုကြည့် လိုက်တော့ ဂျပန် တွေ အတုံးအရုံး သေနေကြတယ်။ အဲဒီအချိန်မှာပဲ ညိုကြီးကို သူတို့သင်္ချိုင်းကုန်းမှာ မြှုပ်ပစ်ကြတယ်။

မြှုပ်ပြီးလို့ ခုနစ်ရက်မပြည့်ခင်မှာပဲ ဂျပန်တွေကို လိုက်တိုက်တဲ့ တော်လှန်ရေးတပ်စုတစ်စု ရွာကို ရောက်လာတယ်။ ရောက်လာတဲ့အချိန်မှာ တော်လှန် ရေး ဗိုလ်လုပ်တဲ့ သူက ရွာသူကြီးကို 'ဒီရွာမှာ ညိုကြီးဆိုတဲ့လူ ရှိလား' လို့ မေးတယ်။ မေးတော့မှ သူကြီးက ညိုကြီးအကြောင်းကို ပြောပြတယ်။ ရွာမှာ အဲဒီလို အဲဒီလိုတွေ ဖြစ်သွားတယ် ဆိုတော့မှ ညိုကြီး အဖြစ်မှန်ကို တော်လှန်ရေးဗိုလ်ဆီက သိခွင့်ရလိုက် တယ်။

အဲဒါဟာ ဘာလဲဆိုတော့ ညိုကြီး ထောင်ကျ သွားတဲ့အချိန်မှာ ကျွန်တော်လည်း အတူတူပဲ။ ကျွန်တော့်ကိုလည်း ဂျပန်တွေ ထောင်ထဲသွင်းထားလို့ ထောင်ထဲ ရောက်နေတယ်။ အဲဒီထောင်ထဲမှာ ညိုကြီး ကို ကျွန်တော် တရားဟောတယ်။

www.burmeseclassic.com

www.burmeseclassic.com



"မြန်မာ အချင်းချင်းကို သတ်ရဲတဲ့အတွက် မင်းမှာ ဘာဂုဏ်တက်မှာလဲ၊ မင်းမှာရှိတဲ့သတ္တိကို ဗမာအချင်းချင်း မသတ်ဘဲနဲ့ မင်း ငါတို့ကို ဒုက္ခ ပေးနေတဲ့၊ ငါတို့ကိုလာပြီး ဗိုလ်ကျနေတဲ့ ဂျပန်ကို မင်း ပြန်သတ်ပါလား။ မင်းသတ်ချင်တဲ့ လူသုံး ယောက်နေရာမှာ ဗမာသုံးယောက်မဟုတ်ဘဲနဲ့ ဂျပန် သုံးယောက်ဆိုရင် တိုင်းပြည်အတွက် ဘယ် လောက် အကျိုးရှိမလဲ"

ကျွန်တော် အဲဒီကစပြီး အဲဒီလို ရှင်းပြတယ်။

မင်းမှာရှိတဲ့သတ္တိကို မင်း ဘာလို့ အလွဲသုံးစား လုပ်ပြီးတော့ ကိုယ့်ရွာသူရွာသားအချင်းချင်း၊ ကိုယ့် လူမျိုး အချင်းချင်း မင်း ဘာလို့ နှိပ်စက်နေမှာလဲ။ မင်းသတ္တိနဲ့မင်း ငါတို့တော်လှန်ရေးတပ်ထဲ ဝင်လိုက်၊ တော်လှန်ရေးတပ်သား လုပ်လိုက်။ အဲဒါဆိုရင် တိုင်းပြည်အတွက် ဘာညာဆိုပြီး တရားဟောလိုက်တာ ညိုကြီး သူ့တပ်သားဖြစ်သွားတယ်။

အဲဒီထောင်ဖောက်တဲ့အချိန်မှာ ညိုကြီးကို လက်ပစ်ဗုံးတွေ ထည့်ပေးလိုက်တယ်။ ပေးလိုက်ပြီး တော့ ကျွန်တော်တို့ ဒီရွာဖြတ်တဲ့အချိန်မှာ ညိုကြီးကို ကျွန်တော်တို့ တစ်ခါတည်းခေါ်သွားဖို့ အစီအစဉ်ရှိတယ်။ အဲဒီညက သူ့ရွာကို သူကာကွယ်ချင်တဲ့စိတ်နဲ့ ကျွန်တော် ပေးလိုက်တဲ့ လက်ပစ်ဗုံးတွေနဲ့ သူ့ရွာကို ညိုကြီး ကာကွယ်သွားတာပဲ။

အဲဒါသိတော့မှ ရွာကလူတွေက သူ့ချိုင်းကုန်း

www.burmeseclassic.com

www.burmeseclassic.com



ကို သွား၊ သွားပြီးတော့ ညိုကြီးရဲ့ အလောင်းကို ဖော်၊ အရိုးတွေကို ဂူထဲမှာထည့်ပြီးတော့ ဒီဂူကို လုပ်ခဲ့တာပါ။

အဲဒါကို ဆရာမင်းကျော် နိဂုံးချုပ်လိုက်တော့...

ကျွန်တော်တို့ရွာမှာ အင်မတန် လူသိထင်ရှား နာမည်ကြီးတဲ့ပုဂ္ဂိုလ်တွေ မထွက်ပါဘူး။ ကျွန်တော်တို့ရွာက ဆရာဝန်ကြီးတွေ မထွက်ဘူးဗျာ။ အင်ဂျင်နီယာကြီးတွေ မထွက်ဘူး။ ကျွန်တော်တို့ရွာမှာ ဂုဏ်ယူစရာကောင်းတဲ့လူဆိုလို့ ညိုကြီးတစ်ယောက်ပဲ ရှိတယ်။ ရွာကို ဒေသ့သည်တစ်ယောက် ရောက်လာတယ်ဆိုရင် ဒေသ့သည်ကို ညိုကြီးဂူကို ခေါ်သွားတာဗျ။ ညိုကြီးဂူကို ပြတယ်။ ဒါက ကျွန်တော်တို့ရွာရဲ့ သူရဲကောင်း။ ရွာကို အသက်ပေးပြီး ကာကွယ်သွားတဲ့ ကျွန်တော်တို့ရွာရဲ့ သူရဲကောင်း။ ညိုကြီး သေတာ နှစ်ပေါင်းဘယ်လောက်ကြာကြာ ကျွန်တော်တို့ ရွာသူရွာသားတွေရဲ့ နှလုံးသားထဲက မထွက်နိုင်တဲ့၊ ကျွန်တော်တို့ရွာကို ကာကွယ်စောင့်ရှောက်သွားတဲ့သူ။ ကျွန်တော်တို့က ဂုဏ်ယူဝံ့ကြွားစွာနဲ့ ရွာကို ဂုဏ်တက်ဇေတဲ့ ပုဂ္ဂိုလ် တစ်ယောက်အနေနဲ့ ဧည့်သည်တွေကို ရှင်းပြနိုင်ကြတယ်။

အဲဒီလို ဆရာက နိဂုံးချုပ်ထားပါတယ်။ ပြောခဲ့တော ဆရာ ပြောပြပေးထားပါတယ်။

ဒီညိုကြီးက ဒီလောကယုတ်မှာ ပက်စက် ပြီးတော့ လူတွေရဲ့ ရွံမုန်းခံနေရတဲ့အဝက လူတွေရဲ့

www.burmeseclassic.com

www.burmeseclassic.com



နှလုံးသားထဲ ရောက်အောင်လို့ အမှောင်ရှိတဲ့နေရာက အလင်းရှိတဲ့နေရာကို သူ သွားခဲ့ပါတယ်။

အဲဒီတော့ ကျွန်တော် အရှည်တော့ မပြောတော့ပါဘူးနော်။ နိဂုံးချုပ်အနေနဲ့ ထပ်ပြီးတော့ သာဓကပေးချင်တာက အဲဒီညကြီး...သူတစ်ယောက်တည်း အမှောင်ကနေ အလင်းကို သွားခဲ့ပါတယ်။ သူကိုယ်တိုင်အပြင် သူ့နိုင်ငံကိုပါ အမှောင်ထဲကနေ အလင်းထဲရောက်အောင် ပို့နိုင်တဲ့ တစ်ကမ္ဘာလုံးကသိတဲ့ ကျွန်တော်တို့အားလုံး နာမည်ပြောရင်သိတဲ့ ပုဂ္ဂိုလ်တစ်ယောက် ရှိပါတယ်။

(လက်ခုပ်သံများ)

ဒါပေမဲ့ ကျွန်တော်ပြောတဲ့ပုဂ္ဂိုလ်က အခု လက်ခုပ်တီးပြီး တွေးနေတဲ့ အတွေးနဲ့တော့ နည်းနည်းလေး လွဲနေပါမယ်။ ကျွန်တော် ပြောချင်တဲ့ပုဂ္ဂိုလ်က **“သိဒ္ဓတ္ထမင်းသားကလေး”** ပါ။

ဘာဖြစ်လို့ ကျွန်တော်ပြောသလဲဆိုတော့ ဒါဟာ အကြောင်း အဖြစ်အပျက်ပါ။ ကျွန်တော်က သိဒ္ဓတ္ထမင်းသားကလေးလို့ ပြောလိုက်တာနဲ့ ရေတွင်းပေါင်းရှစ်သောင်းလေးထောင်၊ ရေကန် ပေါင်း ရှစ်သောင်းလေးထောင် ဘာညာပေါ့နော်။ တတိယပိုင်း ဂါထာယနာတင်ခဲ့တဲ့ မင်းကောင်းမင်းမြတ်။ ဗုဒ္ဓဘာသာနိုင်ငံ၊

www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံတွေ ဖြစ်အောင်လို့ နိုင်ငံတွေအားလုံးကို စုစည်းခဲ့တဲ့မင်း။

ဒါပေမဲ့ အဲဒီမင်းဟာ **သီရိဓမ္မာသောက**။ သူ့ကို ပြောင်းခဲ့တာ။ ပထမဆုံး သူ့ကို **သီရိဓမ္မာသောကမင်း** လို့ မခေါ်ဘူး၊ သူ့ကို **စဏ္ဍာသောက**၊ **စဏ္ဍာသောကရဲ့** အဓိပ္ပာယ်က အင်မတန် ရက်စက်ကြမ်းကြုတ်သောမင်း။ ဘယ်လောက် ရက်စက်ကြမ်းကြုတ်သလဲ ဆိုလို့ရှိရင်ဗျာ ပြည်သူက တင်မြှောက်တဲ့မင်း မဟုတ်ဘူး။

(လက်ခုပ်သံများ)

ပြိုင်ဘက်တွေ အကုန်လုံးကိုသတ်ပြီးတော့မှ၊ သူ့ ညီအစ်ကို မောင်နှမတွေ (၉၉)ယောက်ကို သတ်ပြီးတော့မှ –

(လက်ခုပ်သံများ)

သူနဲ့ ဖအေတူတဲ့ ညီတစ်ယောက်ကို ချန်ထားပြီးတော့မှ ထီးနန်းကို သိမ်းပိုက်လိုက်တဲ့မင်း။ အဲဒီထီးနန်းရတဲ့ အချိန်မှာလည်း ဘယ်လောက်လောဘကြီးလဲဆိုရင် 'ငါအုပ်ချုပ်ရတဲ့ နိုင်ငံလေးက သေးတယ်ကွ' ဆိုပြီး စစ်ကို ဆက်တိုက်ဦးမယ်ဆိုပြီး အင်ပါယာ ချဲ့ထွင်ပြီး လေးနှစ်တိတိ ဘိသိက်မခံဘဲ စစ်တိုက်တယ်။ လေးနှစ်တိတိ စစ်တိုက်ပြီး နိုင်ငံကြီးကျယ်အောင်မှ ဘိသိက်ခံခဲ့တဲ့မင်း။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီမင်းက အတိုချုပ်ပြောမယ်ဆိုရင် သူနဲ့ ခြစ်ည်းရိုးကပ်လျက် ကလိင်္ဂဆိုတဲ့ နိုင်ငံလေးရှိတယ်။ နိုင်ငံသေးသေးလေး။ ကလိင်္ဂဆိုတဲ့ နိုင်ငံလေးကို သွားတိုက်ပြီးတော့ မီးရှို့တယ်။ အခု ဗုဒ္ဓဂယာ သွားမယ်ဆိုရင် သီရိဓမ္မာသောက ကျောက်စာဆိုတာရှိတယ်။ အဲဒီ ကျောက်စာတစ်ချပ်မှာ ရေးထားတာရှိတယ်။ အဲဒီ ကလိင်္ဂနိုင်ငံကို သီရိဓမ္မာသောကမင်း မဖြစ်ခင် စဏ္ဍာသောက မင်းနဲ့ မီးရှို့ခဲ့တယ်။ အဲဒီစစ်ပွဲမှာ လူတစ်သိန်းကျော်သတ်ပစ်ခဲ့တယ်။ သုံ့ပန်းတစ်သိန်းခွဲကို ခေါ်လာခဲ့တယ်။ အဲဒီလောက် ရက်စက်တဲ့မင်း။

အဲဒီအချိန်မှာ အလင်းဓာတ်ကိုစပြီးရတာက သူနဲ့အတူစစ်တိုက်ရင်း တိုက်ရင်းကနေပြီးတော့ စစ်မတိုက်ချင်ဘဲနဲ့ စစ်ကိုငြီးငွေ့သွားတဲ့ သူ့ညီတော်။ သူ့ညီတော်က ဗုဒ္ဓဘာသာအဖြစ်ကူးပြောင်းပြီးတော့ အဲဒီ ကလိင်္ဂနဲ့ သူတို့နိုင်ငံနယ်စပ်မှာ ဘုန်းကြီးဝတ်တယ်။ ဘုန်းကြီးဝတ်ပြီးတော့ ကလိင်္ဂကို သူတိုက်ပြီးပြန်လာတဲ့အချိန်မှာ အဲဒီ သူ့ညီတော်ဘုန်းကြီးက ဒဏ်ရာရတဲ့လူနာတွေကို လိုက်ပြီး ပြုစုနေရင်း သူနဲ့သွားတွေ့တော့မှ သူ့နောင်တော်ကို သူက စပြောတယ်။

"နောင်တော်တဲ့. . .လောကမှာ လက်နက်အားကိုးပြီး အနိုင်ရတယ်ဆိုတာ ထုံးစံမရှိဘူးတဲ့"

(လက်ခုပ်သံများ)

www.burmeseclassic.com

www.burmeseclassic.com



"လူတွေက လက်နက်ကိုကြောက်တယ်၊ ကြောက်လို့သာ ကြောက်ချင်ယောင်ဆောင်နေတာ။ တကယ်တမ်းကျတော့ နောင်တော်လက်နက်နဲ့ လူတွေကို မနိုင်နိုင်ဘူးတဲ့"

"တကယ် လူတွေကိုနိုင်ချင်လို့ရှိရင် ဓမ္မကိုရှာပါ၊ ဓမ္မနဲ့သာ လူတွေကို သိမ်းသွင်းလို့ရတာ၊ လူတွေကို နိုင်ချင်လို့ ရတာ"

(လက်ခုပ်သံများ)

အဲဒီအချိန်မှာ သူကမသိဘူး၊ သူ့လက်ထဲမှာ ဓားကိုင်ထားတယ်။

"မင်းပြောတာ မှားနေပြီ။ ငါ့ ဒီဓားနဲ့ ငါသိမ်းပိုက်ထားတဲ့ နိုင်ငံတွေအများကြီးပဲ။ ငါ့ကို လူတွေက ဖိန့်ဖိန့်တုန်အောင် ကြောက်နေတယ်။ ဒါ ဒီဓားကြောင့်၊ ဒီလက်နက်ကြောင့်။ မင်းပြောတဲ့ 'ဓမ္မ'ကို ငါမသိဘူး"

(လက်ခုပ်သံများ)

www.burmeseclassic.com

www.burmeseclassic.com



အဲဒီကစပြီး သူ့ညီတော်ဘုန်းကြီးကြောင့် သူ့ဆီမှာ အလင်းပွင့်သွားတယ်။ အင်မတန်မှ ထင်ထင်ရှားရှားပျှ။ တစ်ကမ္ဘာလုံးကလည်း တစ်ချက်ပဲ ဝေဖန်တယ်။ ကျွန်တော်တို့ မြန်မာပြည်ကိုရောက်ဖူးတဲ့ ကမ္ဘာကျော်စာရေးဆရာကြီး အိတ်၊ ဂျီဝဲ။ အိတ်၊ ဂျီဝဲက ဘာမှတ်ချက်ပေးသလဲဆိုတော့

"ကမ္ဘာပေါ်မှာတဲ့ စစ်ဘုရင်မှန်သမျှ နိုင်နေလျက်နဲ့ စစ်မတိုက်ဘဲ ရပ်သွားနိုင်တာ အဲဒီ စဏ္ဍာသောက ဘုရင်တစ်ပါးတည်း ရှိတယ်တဲ့။ သူ တိုက်သမျှ တိုက်သမျှ၊ စစ်ပွဲတွေ အကုန်လုံး နိုင်တယ်။ နိုင်ပြီးတော့၊ တကယ့်ဓမ္မကို သူ မြင်ပြီးတော့၊ အလင်းကိုတွေ့ပြီးတော့ အမှောင်ထဲက နေ အလင်းထဲကို ရောက်သွားတယ်တဲ့"

အရင်တုန်းက သူက ဗုဒ္ဓဘာသာမဟုတ်ဘူး။ သူက အရင်က အရည်းကြီးဘာသာမျိုး။ အဲဒါမျိုးတွေ ကိုးကွယ်နေတဲ့လူ။ တကယ်လည်း သူ အကျွတ်တရားလည်းရလိုက်ရော သူတစ်ယောက်တည်းတင် မဟုတ်ဘူး။ တစ်တိုင်းပြည်လုံးက လူတွေအကုန်လုံးကို ခြိမ့်ခြိမ့်သဲသဲ ဗုဒ္ဓဘာသာဝင်ပွဲကြီးဆိုပြီး ကြီးကြီးကျယ်ကျယ်၊ ခမ်းခမ်းနားနား လုပ်သွားတယ်။ တစ်နိုင်ငံလုံးကလည်း ဗုဒ္ဓဘာသာဆိုတဲ့ အလင်းရောင်ကို

www.burmeseclassic.com

www.burmeseclassic.com



ရသွားခဲ့တယ်။ အဲဒီတစ်နိုင်ငံတည်းတင် မဟုတ်ဘူး။ ဘေးနားက နိုင်ငံတွေ၊ နိုင်ငံတွေအထိပါ ဗုဒ္ဓဘာသာ ပြန့်အောင် လုပ်ပေးသွားတယ်။

ကျွန်တော့်စကားကို နိဂုံးချုပ်မယ်ဆိုရင် ကျွန်တော်တို့က အမှောင်ထဲကနေ အလင်းဆီရောက်ဖို့ မိမိကိုယ်တိုင် မှောင်နေရင် အလင်းရောက်အောင် ကြိုးစားသူရှိတယ်။ '**ရှာဂုဏ်**'ထဲက '**ညီညွတ်ကြီး**' လိုမျိုး။ "**သီရိဓမ္မာသောကမင်း**"ကျတော့ မိမိကိုယ်တိုင်လည်း "**စဏ္ဍာသောက**"ဆိုတဲ့ အမှောင်ဘဝကနေပြီးတော့ "**သီရိဓမ္မာသောက**"ဆိုတဲ့ အလင်းဘဝကို ရောက်တယ်။ မိမိတိုင်းသူပြည်သားအားလုံး မိမိနဲ့ နီးစပ်ရာနိုင်ငံအားလုံးကိုလည်း အမှောင်ကနေ အလင်းဆီရောက်အောင် ပို့ပေးနိုင်ခဲ့ပါတယ်။

ဒီနေ့ ကျွန်တော် ကဗျာလေးတစ်ပုဒ် ရွတ်ပြီးတော့ နိဂုံးချုပ်ပါမယ်။ အဲဒီကဗျာကလည်း ခေါင်းစဉ်မှာသာ မပါတာ၊ အမှောင် အလင်းကိစ္စကိုပဲ ပြောချင်တဲ့ကဗျာပါ။ ဒီကဗျာက ဒီအစိုးရလက်ထက်ကျမှ စာရွက်ပေါ်ကို ရောက်နိုင်တဲ့ကဗျာပါ။

(လက်ခုပ်သံများ)

ကဗျာခေါင်းစဉ်က "**ခေါင်းကတဲ့နေ့**"

ကျွန်တော်က ဘာပြောချင်တာလဲဆိုတော့ ကျွန်တော်တို့ လူမျိုးတွေက ကျွန်တော်တို့လူမျိုးတွေကို အင်္ဂလိပ်ဗလောင်

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုခုနဲ့ တင်စားမယ်ဆိုရင် **"ဒေါင်း"** ဟာ ကျွန်တော်တို့ လူမျိုးတွေနဲ့ အသင့်တော်ဆုံးပါ။ စင်ကာပူဆိုရင် **"ခြင်္သေ့"**၊ အမေရိကားဆိုရင် **"သိမ်းငှက်"**။ အဲဒီလိုပြောကြစတမ်းဆိုရင် ကျွန်တော်တို့နိုင်ငံရဲ့ ကျွန်တော်တို့လူမျိုးတွေဟာ **"ဒေါင်း"** ပါ။

(လက်ခုပ်သံများ)

ကျွန်တော့်ကိုလက်ခုပ်တီးတော့ ကျွန်တော့်ခေါင်းထဲ ဘာဝင်လာသလဲဆိုတော့ ပြီးခဲ့တဲ့ညက RFA ရေဒီယိုလိုင်းမှာ NLD က ဗိုလ်ချုပ်ကြီးတင်ဦးက သူ့ဘဝဇာတ်လမ်းကို ပြောသွားတယ်။ ခင်ဗျားတို့ နားထောင်လိုက်ရင်၊ ကျွန်တော် ဖော်ပေးလိုက်ရင် သတိရသွားမယ်။ ဗိုလ်ချုပ်ကြီးတင်ဦး... သူ တရုတ်ပြည်ကိုသွားပြီး မိန့်ခွန်း ပြောတာတဲ့။ မိန့်ခွန်းထဲမှာ သူပြောတဲ့အချိန်က ၁၀ မိနစ်လောက်ပဲ၊ လက်ခုပ်တီးတဲ့အချိန်က မိနစ် ၃၀ လောက်ရှိတယ်တဲ့။

(လက်ခုပ်သံများ)

တရုတ်နိုင်ငံက လက်ခုပ်တီးတဲ့အကျင့်ကို ပြောသွားတာ၊ ကျွန်တော့်ကဗျာကို ကျွန်တော် အဓိပ္ပာယ်ပြန်မပြပါဘူး။ ကျွန်တော်တို့လူမျိုးတွေဟာ **"ဒေါင်း"**သာဆိုရင် စောစောက

www.burmeseclassic.com

www.burmeseclassic.com



ပြောသလို လွတ်လပ်ရေးမရခင် ကျွန်တော်တို့တွေဟာ **"ခွပ်ဒေါင်း"**တွေပဲ။ လွတ်လပ်ရေးရပြီးတော့ ဒီဘက် နှစ်ပေါင်း လေးငါးခြောက်ဆယ်အထိ အခုအချိန်အထိ ကျွန်တော်တို့ တစ်ဦးချင်း ကျွန်တော်တို့ရပ်ကွက်အတွက် ကျွန်တော်တို့ ရွာအတွက် ကျွန်တော်တို့နိုင်ငံအတွက် ကျွန်တော်တို့ဟာ **"ခွပ်ဒေါင်း"**တွေချည်း ဖြစ်နေခဲ့တာ။ အဲဒီတော့ ကျွန်တော်တို့ ဒေါင်းတွေကဗျာ . . . မသေမချင်းတော့ ခွပ်မနေချင်ဘူးဗျ။ **"ကဒေါင်း"**တော့ ဖြစ်ချင်သေးတာပေါ့။

(လက်ခုပ်သံများ)

ဒေါင်းက နည်းနည်းတော့ ကချင်သေးတာပေါ့ဗျာ။ အဲဒါကို မျှော်ပြီးတော့ ကျွန်တော်တို့ **"ဒေါင်းကတဲ့နေ့"**၊ အဲဒီနေ့ဟာ **"အလင်းရတဲ့နေ့"**လို့ ယုံကြည်ပြီးတော့ ဒီကဗျာကို ရေးပါတယ်။

**"ဒေါင်းကတဲ့နေ့"**

*ဘယ်တောမှာ နေနေ*
*ဘယ်ရေကို ပြောင်းပြောင်း*
*အရေးအကြောင်းဆို*
*သွေးမပြောင်းပါဘူး*

www.burmeseclassic.com

www.burmeseclassic.com



*ရွှေဒေါင်းတို့ရဲ့  သမိုင်းအစဉ် . . .။*

ကျွန်တော်တို့ အင်းစိန်က ဒေါင်း၊ ကမာရွတ်က ဒေါင်း၊ လှိုင်က ဒေါင်း မဟုတ်ပါဘူး။ ဘယ်ဒေါင်းပဲဖြစ်ဖြစ် တစ်သွေးတည်း တစ်သားတည်း တစ်သဘောတည်းပါပဲ။

*တိုင်းပြည်နဲ့လူမျိုး*
*ပြည်သူ့အကျိုးဆို  အကြောင်းမရွေး*
*ဒေါင်းသွေးနီ  ခေါင်းမညွှတ်*
*ဒေါင်းခွပ်ခဲ့တဲ့  ရာဇဝင် . . .*

BURMESE CLASSIC

*ပြည်သူတွေနဲ့  ထာဝရမခွဲ*
*ပြည်သူထဲ  အတူနေ*
*အပူဝေ  အတူမျှ*
*ဒုက္ခအထွေထွေက  လွတ်ကြောင်း*
*ခွပ်ဒေါင်းဟော့  မာန်ဝင်*
*ရန်မြင်သမျှ  ရင်ဆိုင်တွေ့ . . .*

*စမ်းကလေးတွေ  အေး*
*ပန်းကလေးတွေ  မွှေး*
*ငှက်ကလေးတွေ  တေးဆို*

www.burmeseclassic.com

www.burmeseclassic.com



*ငြိမ်းချမ်းရေးကို သူတို့ကြိုတော့*
*မြိုင်ယံညို့ ဟိုး . . . ရိုးအခြေက*
*အိုးဝေ . . . အိုးဝေ . . .*
*မင်္ဂလာသံအပေါင်း ခ . . . ရအောင်*
*ဒေါင်းကတဲ့ နေ့။ ။*

(လက်ခုပ်သံများ)

ကျွန်တော်တို့အားလုံး မှောင်သောအရပ်မှ အလင်းရှိရာအရပ်ဆီသို့ နောက်တစ်နည်းပြောရမယ်ဆိုရင် "ခွပ်ဒေါင်း" ဘဝမှ "ကဒေါင်း" ဘဝဆီသို့ အမြန်ဆုံး ရောက်နိုင်ပါစေလို့ ဆုတောင်းရင်း နိဂုံးချုပ်ပါတယ်။

(လက်ခုပ်သံများ)

BURMESE CLASSIC

အားလုံးကို ကျေးဇူးတင်ပါတယ်။

လေးစားချစ်ခင်စွာဖြင့်

မောင်စိန်ဝင်း(ပုတီးကုန်း)

www.burmeseclassic.com